# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မည်သည့်ဘေးမျှမရှိတော့**

ကောင်းမှု၊ မကောင်းမှုကို ပယ်ပြီးသော၊ ရာဂ ဒေါသ စသည်တို့ကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်(ရဟန္တာ)၏ စိတ်သည် ပညာနှင့် ပြည့်စုံသဖြင့် မည်သည့်ဘေးမျှ မရှိတော့ဘဲ ချမ်းသာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၉)


၁၃၇၈ ခုနှစ် ဝါဆိုလပြည့်၊ အင်္ဂါနေ့။ 19, Tuesday July 2016 (၈၆၂၇)





ဦးဘဝင်း

ဒီးဒုတ်ဦးဘချို

မန်းဘခိုင်

သခင်မြ

စဝ်စံထွန်း

ဦးရာဇတ်

ဦးအုန်းမောင်

ရဲဘော်ကိုထွေး

# (၆၉)နှစ်မြောက်အာဇာနည်နေ့

ကြေးမုံ

# အစဉ်ထာဝရသတိရနေမည့် အာဇာနည်

တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ အသက်ပင်စွန့်ဝံ့သည့် ပုဂ္ဂိုလ်များကို အာဇာနည်ဟုခေါ်သည်။ သူတကာထက် ထူးကဲမွန်မြတ်သည့် ပုဂ္ဂိုလ်လည်းဖြစ်သည်။ သမိုင်းတွင်၍ တစ်ခေတ်တွင် တစ်ယောက် စစ်စစ်ပေါက်ပေါက် ပေါ်ထွန်းခဲ့သည်။ နိုင်ငံအတွက် အားကိုးလောက်သော တိုင်းပြည်ခေါင်းဆောင်၊ မျိုးချစ်ခေါင်းဆောင်လည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် နယ်ချဲ့တော်လှန်ရေး၊ တိုင်းပြည်လွတ်မြောက်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်စားခဲ့ကြသူများ အမြောက်အမြားရှိသည်။ ထိုစွန့်စားကြသူများ၏ ခေါင်းဆောင်၊ မျိုးချစ်သူရဲကောင်း ဦးစီးဦးဆောင်ပြုသူတို့မှာ သူတကာထက် ထူးကဲလွန်း၊ မြတ်သာလွန်းပေသည်။ တစ်မျိုးသားလုံး၏ခေါင်းဆောင်၊ မျိုးချစ်ခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအင်္ဂါရပ်၊ ဂုဏ်ဒြပ်များမှာ များပြားလှသည်။ ကိုယ်ကျင့်တရားကောင်းမှု၊ ရဲစွမ်းသတ္တိရှိမှု၊ သစ္စာရှိမှု၊ အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှု၊ ဉာဏ်ပညာကြီးမားမှု၊ အမြော်အမြင်ရှိမှု စသည်တို့မှာ လူတိုင်းလူတိုင်းတွင် မှတ်ကျောက်တင်ခံနိုင်လောက်သည်။ ထိုကဲ့သို့သော ဂုဏ်ထူးဝိသေသများအား ပိုင်ဆိုင်ထားပြီး တစ်တိုင်းပြည်လုံး ချစ်ခင်လေးစားရသော အာဇာနည်ခေါင်းဆောင်ကြီးအား လောကထုံးစံအရ ချစ်သူများလည်းရှိသလို မုန်းသူလည်းရှိခဲ့သည်။

မျှော်မှန်းခဲ့ကြသော လွတ်လပ်ရေးခရီးစခန်း အောင်ပန်းသို့ရောက်လုနီးချိန်တွင် မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့် ရေတိမ်နစ်ခဲ့ရသည်။ တစ်တိုင်းပြည်လုံး ယူကျုံးမရဖြစ်ကြရသလို တစ်တိုင်းပြည်လုံး အနာဂတ်အတွက် နစ်နာဆုံးရှုံးမှုဖြစ်ရသည်။ အာဇာနည်ခေါင်းဆောင်ကြီး ကျဆုံးချိန်တွင် အသက်အရွယ်အားဖြင့် (၃၃) နှစ်မျှသာရှိသေးပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဆယ်စုနှစ်တစ်ခုစာမျှသာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ တိုင်းပြည်လွတ်လပ်ရေး၊ လွတ်လပ်ပြီးနောက် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် အားယူနေဆဲအချိန်တွင် တက်ကျိုးခဲ့ရသည်။

အတိတ်ကာလ၊ မျက်မှောက်ကာလမှ လူငယ်လူရွယ်များ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တိုင်းပြည်အတွက် မည်သူပေးဆပ်ခဲ့ပါသနည်း။ တိုင်းပြည်အတွက် မည်သို့ကြိုးပမ်းဆောင်ရွက်ခဲ့ပါသနည်း။ ဗိုလ်ချုပ်နှင့်ယှဉ်နိုင်း၍ မည်သူမျှ မနိုင်းယှဉ်ဝံ့သည်မှာ သေချာပါသည်။ အကယ်၍သာ ဗိုလ်ချုပ်သာ မကျဆုံးခဲ့ပါဘဲ ဆယ်စုနှစ်များစွာ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုပြုနိုင်ခဲ့ပါလျှင် ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီးမှာ ကမ္ဘာ့အလယ်တွင် ငွားငွားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့်နှင့် ထည်ထည်ဝါဝါ မော်မော်ကြွားကြွားနေလောက်ပြီဟု ဆိုနိုင်သည်။ သို့သော် တိုင်းပြည်ကံကြမ္မာဟုဆိုဆို၊ ဗိုလ်ချုပ်ကံကြမ္မာဟုပြောပြော ကံကြောင်းမလှဖြစ်ခဲ့ရသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

သူရဲကောင်းတို့၏ မှတ်ကျောက်၊ အာဇာနည်တို့၏ ဂုဏ်ရည်သည် ကမ္ဘာတည်သရွေ့ ကမ္ပည်းမော်ကွန်းတင်နေမည်သာဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုး၏နှလုံးသည်းပွတ်တွင် မည်သည့်အခါမှ ပျောက်ကွယ်သွားမည်မဟုတ်ချေ။ အာဇာနည်သူရဲကောင်းတို့အား သိမီလိုက်သူတို့၏ ခံစားချက်နှင့်သတိရတမ်းတမှုတို့သည် အချိန်၏ တိုက်စားမှုတို့ကြောင့် တစ်စတစ်စကြွေလွင့်သွားခဲ့ကြပြီဖြစ်သော်လည်း မည်သည့်အခါမျှ ပျောက်ကွယ်သွားသည် မရှိ။ လျော့နည်းသွားသည်ဟူ၍ မရှိချေ။

အာဇာနည်ခေါင်းဆောင်ကြီးများအား မသိမီလိုက်ကြသည့် နှောင်းမျိုးဆက်သစ်တို့၊ အနာဂတ်မျိုးဆက်သစ်တို့မှာလည်း သိမီလိုက်ကြသူတို့ထက် ပိုလွန်ကဲစွာ အာဇာနည်ခေါင်းဆောင်ကြီးများ၊ မျိုးချစ်ခေါင်းဆောင်ကြီးများအား သတိရနေဆဲ၊ အားကျအတုယူ ဂုဏ်ယူဝင့်ကြွားနေဆဲဖြစ်သည်မှာ ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ သက်ဝင်လှုပ်ရှားမှုများက ယခင်နှင့်မတူ တစ်မူထူးကဲစွာ သက်သေပြလျက်ရှိသည်။

မေ့ပျောက်ခြင်းမပြုနိုင်လောက်အောင်လည်း ဗိုလ်ချုပ်၏အမှာစကားများ၊ ဗိုလ်ချုပ်၏စာပေများ၊ ဗိုလ်ချုပ်၏ ထူးခြားသောဂုဏ်ပုဒ်များ၊ ဗိုလ်ချုပ်၏ အမှတ်တရပုံရိပ်များမှာ ပြည်သူလူထုအကြားတွင် ပျံ့လွင့်နေဆဲ ဖြစ်သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သောမိန့်ခွန်းများ၊ မှတ်တမ်းများမှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများကြားတွင် အနှစ် ငါးဆယ်၊ အနှစ် တစ်ရာမက မျှော်မှန်းတွေးဆ မိန့်ကြားထားသကဲ့သို့ သက်ဝင်လှုပ်ရှားနေဆဲဖြစ်၍ ပြည်သူအားလုံး မည်သည့်အခါမျှ မေ့နိုင်ဖွယ်မထင်။

အမျိုးသားခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး၏ ထူးခြားသော ဂုဏ်ပုဒ်များနှင့် စွမ်းဆောင်ရည်များမှာ ဤသို့ပင် အံ့ချီးမကုန်ဖြစ်နေရုံမျှဖြင့် ကျေနပ်ကြရန်မသင့်ချေ။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှာကြားချက်များအတိုင်း ကျွန်ုပ်တို့မျိုးဆက်သစ်လူငယ်လူရွယ်များက လိုက်နာကျင့်ကြံအားထုတ်မှသာလျှင် ဗိုလ်ချုပ်အောင်ဆန်းအား သတိရခြင်း၊ တမ်းတခြင်း၊ ရိုသေလေးစားခြင်း၊ မြတ်နိုးခြင်းအဖြစ်သို့ အမှန်တကယ်ရောက်မည်ဖြစ်ပါသတည်း။ ။

# ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်၏ အမှာစကား



ကျွန်မရဲ့ ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။

သေဆုံးတဲ့သူမှာ သေဆုံးပြီးဖြစ်၍ ကျွန်မအထူးချဲ့ထွင်ပြီး မပြောလိုတော့ပါ။ သူ့ကို တကယ်လေးစားချစ်ခင်ကြပါလျှင် သူလိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် သူချခဲ့တဲ့လမ်းစဉ်အတိုင်း ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်ကြဖို့ လိုပါတယ်။

ကျွန်မအတွက်ပြောရမည်ဆိုလျှင် ကျွန်မရဲ့ခင်ပွန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်ပြီး ရှေ့ဆောင်ရှေ့ရွက်လုပ်နေတဲ့အခါ ကျွန်မဟာ တိုင်းပြည်ရဲ့တာဝန်ကို ခွဲဝေထမ်းဆောင်ခဲ့တဲ့သဘောဖြင့် နောက်မှနေပြီး သူ့အားအမျိုးမျိုး ပြုစုအားပေးခဲ့ပါတယ်။

ယခု သူကွယ်လွန်သွားတော့ သူ့ကိုပြုစုရမည့်အစား သူချခဲ့တဲ့လမ်းစဉ်တွင် ပါဝင်နိုင်တဲ့ဘက်တွင် ပါဝင်ထမ်းပြီးသူချန်ခဲ့တဲ့ သူ့သွေး သူ့သား၊ မိမိရဲ့ရင်သွေးကလေးများကို အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးတော့မယ်လို့ ဆုံးဖြတ်ပါတယ်။

ကျွန်မနဲ့ ကံတူအကျိုးပေးများဖြစ်ကြတဲ့ အခြားကျဆုံးသော ခေါင်းဆောင်ကြီးများရဲ့ ဇနီးသည်များဟာလည်း ကျွန်မလိုဝမ်းနည်းပက်လက်ဖြစ်ကြမှာပဲ။ ဒါပေမယ့် ကျွန်မတို့ဟာ သူတို့ကို ချစ်ရိုးမှန်ရင် သူတို့ချခဲ့တဲ့ လမ်းစဉ်ကိုလိုက်ကြမှ ချစ်ရာကျတော့မယ်။ သူတို့ရည်မှန်းခဲ့တဲ့လုပ်ငန်းစဉ်ကို သူတို့ကိုယ်တိုင်မတွေ့မြင်လိုက်ကြပေမယ့် ကျွန်မတို့က

**စာမျက်နှာ ၃ ကော်လံ ၅ သို့**

# လုပ်ကြံမှုနှင့် မြန်မာသတင်းစာများ

**(ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် ၁၉၄၇ ခုနှစ် ဇူလိုင်လထုတ် မြန်မာသတင်းစာများတွင် လုပ်ကြံမှုသတင်းများနှင့် လူသတ်ဝါဒရှုတ်ချသည့် သတင်းစာခေါင်းကြီးပိုင်းများ၊ ကြေညာချက်များကို ရေးသားဖော်ပြကြလေသည်။ ယင်းတို့မှ အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။)**

## အားမပေးထိုက်သော အပြုအမူ

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် (စနေနေ့) နံနက် ၁၁ နာရီအချိန်ခန့်သည် မြန်မာရာဇဝင်စတင်ရပေလိမ့်မည်။ အကြောင်းသော်ကား ထိုနေ့ ထိုရက် ထိုအချိန်တွင် မြန်မာနိုင်ငံအစိုးရအား တစ်မျိုးတစ်ဖုံ သူပုန်ထသည်ဟု ဆိုရမလောက် ဝန်ကြီးအချို့ စက်သေနတ်ဖြင့် အပစ်ခံရ၍ သေဆုံးကြသောကြောင့် ဖြစ်ပေ၏။

ဖြစ်ပွားပုံအကြောင်းစုံကို ဤသတင်းစာတွင် ဖော်ပြထားသဖြင့် ထပ်မံအကျယ်ချဲ့ရန်မလို။ မြန်မာအချင်းချင်း အလွန့်အလွန် ရက်စက်ကြမ်းကြုတ်ရမ်းကားလှသည်ဟူ၍သာလျှင် ဆိုလိုက်တော့၏။ ဤသို့ရမ်းကားကြခြင်းမှာ နိုင်ငံရေးအကြောင်းရင်းသာလျှင် ဖြစ်ရမည်။ အခြားအကြောင်း ကျွန်ုပ်တို့တွေး၍မရပေ။

ထို့ပြင် နိုင်ငံရေးအကြောင်းရင်းခံ ဖြစ်စေကာမူလည်း ဤမျှ ရက်ရက်စက်စက် သတ်ပစ်ရလောက်အောင် သေဆုံးသွားသူတို့အပေါ် ကျွန်ုပ်တို့ အကြောင်းရှာ၍ မရပေ။ ထို့နောက် နိုင်ငံရေးတွင် သူ့ဘက်ကိုယ့်ဘက် အပြိုင်အဆိုင် ရှိရစမြဲဖြစ်သည်မှန်၏။ သို့သော်လည်း ဤလို သွေးထွက်သံယို အကြမ်းပတမ်း ရမ်းကားမှုမျိုးကိုမူကား ကျွန်ုပ်တို့ မလိုလားနိုင်ချေ။

ယခင်တစ်လောကလည်း နိုင်ငံရေးအကြောင်းခံ၍ ဂျူနီယာ ဦးစောတစ်ယောက် အိမ်အပြန် သေနတ်နှင့် ပစ်ခံရစဉ်ကပင် မြန်မာနိုင်ငံအတွက် ကျွန်ုပ်တို့ စိတ်လေးခြင်း ဖြစ်မိခဲ့၏။ သို့သော်လည်း မြန်မာအချင်းချင်း ယခုလောက် ပြောစမှတ်ဖြစ်လောက်အောင် ရမ်းကားလိမ့်မည်ဟု မထင်မိခဲ့လေ။

ယခုသော်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံရေးခေါင်းဆောင်ကြီးပေါင်း ခြောက်ဦး တစ်ပြိုင်နက် အသက်ဆုံးရှုံးရလောက်အောင် ပြုလုပ်ခြင်းကိုထောက်သော် မြန်မာနိုင်ငံရေးသည် တဖြည်းဖြည်း ဆိုးရွားစပြုလာပြီဟု ဆိုရပေမည်။ ဤရန်စကအစ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ မီးခိုးကြွက်လျှောက် တောက်လောင်မည်ကို စိုးရိမ်မိပေသည်။

ကျွန်ုပ်တို့သည် နယ်ချဲ့စနစ် အပြုတ်တိုက်နေကြစဉ် မြန်မာအချင်းချင်း သတ်ပုတ်ကြခြင်းအမှု ရပ်တန်းက ရပ်ကြရလိမ့်မည်။ သို့မဟုတ်လျှင်ကား လွတ်လပ်ရေးနှင့် ဝေးသည်ထက်ဝေးပြီး ကျွန်ုပ်တို့သည် ရေတိမ်နစ်နေကြပေလိမ့်မည်။

**သမာဓိသတင်းစာ၊ ဇူလိုင်လ၊ ၂၀ ရက်၊ ၁၉၄၇**


**စာမျက်နှာ ၃ သို့ ❖**

## (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြော

**ကျိုင်းတုံ ဇူလိုင် ၁၈**

(၆၉)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲအခမ်းအနားကို ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန၌ ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိဦးအားဗျေ့(ခ)ဦးအေးမောင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ဘဝမှ လုပ်ကြံသတ်ဖြတ်ခံရသည့်ဖြစ်စဉ်များအကြောင်းကို ဟောပြောပြီး ကျိုင်းတုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်စာစောင်များကို ဟောပြောပွဲသို့ တက်ရောက်လာကြသည့် မူကြိုကလေးမိဘများက ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။ **လော်ဂူး(ကျိုင်းတုံ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၅၇၃)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၅ ဖက်စ်/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ မြန်မာ့ဗိုရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်



ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

**❒ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးမှ**

အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းအားပေးကြရမှာပဲ။

လူထုသို့ ကျွန်မပြောလိုတာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာ လုပ်ကြံမှုကြောင့် ဒေါသထွက် စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုကိုရှောင်ကြဉ်၍ သူချခဲ့သော လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြပါ။ သူပျိုးထောင်ခဲ့သော ဖဆပလ အဖွဲ့ချုပ်ကြီးကို ဆတက်ထမ်းပိုး အားပေးထောက်ခံကြပါ။ သူရည်မှန်းခဲ့တဲ့ လုံးဝလွတ်လပ်ရေးကို မရမနေ ကြိုးပမ်းကြပါလို့ပဲ နောက်ဆုံးမှာလိုပါတယ်။

**ဟံသာဝတီ သတင်းစာ**

**. . . ဇူလိုင်၊ ၁၉၄၇ မှ ကောက်နုတ်ဖော်ပြပါသည်။**

❖ စာမျက်နှာ ၂ မှ

## ဖဆပလအဖွဲ့ချုပ် ထုတ်ပြန်ကြေညာချက်

**ရဲဘော်လူထုသို့**

၁။ သစ္စာဖောက် အချောင်သမား နယ်ချဲ့အလုပ်အကျွေးတစ်စု၏ သတ္တိကြောင် သူရဲဘောနည်းသော လုပ်ကြံမှုဖြင့် ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသော ငါတို့ခေါင်းဆောင်အချို့ ကျဆုံးခဲ့ရလေပြီ။

၂။ သစ္စာဖောက် နယ်ချဲ့အလုပ်အကျွေးတို့သည် ဤသို့သောလုပ်ကြံမှုဖြင့် အာဏာသိမ်းကာ သူတို့သခင်နယ်ချဲ့အားရ အခစားပြုနိုင်လိမ့်မည်၊ ငါတို့၏ လုံးဝလွတ်လပ်ရေးလုပ်ငန်းစဉ်ကို ဖျက်ဆီးနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။

၃။ ဖဆပလသည် လူထု၊ လူထုသည် ဖဆပလဖြစ်သည့်အတိုင်း လူထုတည်ရှိနေသမျှ ဖဆပလသည် ယိမ်းယိုင်လိမ့်မည်မဟုတ်။ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော ငါတို့ခေါင်းဆောင်ကြီးများ ချခဲ့သော လမ်းစဉ်အတိုင်း လုံးဝလွတ်လပ်ရေးမရမချင်း ဦးလည်မသုန်ချီတက်လိမ့်မည်ဖြစ်သည်။

၄။ ယခုအခါ ငါတို့ခေါင်းဆောင်ကြီး သခင်နုခေါင်းဆောင်၍ ဖဆပလအစိုးရ အဖွဲ့သစ်ကိုလည်းကောင်း၊ ဖဆပလ အလုပ်အမှုဆောင် အဖွဲ့သစ်ကိုလည်းကောင်း ဖွဲ့စည်းပြီးခဲ့လေပြီ။ လူထုသည် စိတ်ဓာတ်ချောက်ချား၍ အားငယ်ရန် လုံးဝမရှိ။ ဖဆပလ အလံတော်အောက်တွင် ပိုစည်းလုံး၍ သစ္စာဖောက်နယ်ချဲ့အလုပ်အကျွေးများနှင့်တကွ နယ်ချဲ့စနစ်ကြီးကိုသာ အပြင်းအထန်ချေမှုန်း ဖြိုဖျက်ရန်လိုလေသည်။

၅။ သစ္စာဖောက် နယ်ချဲ့အလုပ်အကျွေးများကား ဤမျှဖြင့် သူတို့လုပ်ငန်းကို ရပ်လိမ့်ဦးမည်မဟုတ်။ သူတို့သခင် နယ်ချဲ့အားရအောင် လုပ်ငန်းများကို အောက်ပါအတိုင်း ဆက်လက်လုပ်ကြလိမ့်မည်ဖြစ်သည်။

(က) သတ္တိကြောင် သူရဲဘောနည်းသော လူသတ်ဝါဒဖြင့် ကျန်ခေါင်းဆောင်အချို့ကိုကြံစည်လိမ့်မည်။

(ခ) လူမျိုးရေးအဓိကရုဏ်းများကိုဖန်တီးကြလိမ့်မည်။

(ဂ) ပြည်တွင်းမငြိမ်မသက် အုပ်ချုပ်ရေးပျက်ပြားအောင်ကြိုးစားကြလိမ့်မည်။

ထိုနယ်ချဲ့ အလုပ်အကျွေး သစ္စာဖောက်များကို မျက်ခြည်ပြတ်ခံ၍မဖြစ်၊ လူထုနည်းအမျိုးမျိုးဖြင့် ချေမှုန်းကြရလိမ့်မည်။

၆။ ထို့ကြောင့် မြန်မာပြည်တစ်ပြည်လုံး အောက်ပါလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ကြရန် ညွှန်ကြားလိုက်သည်။

(က) သတ္တိကြောင် သူရဲဘောနည်းသော သစ္စာဖောက်နယ်ချဲ့အလုပ်အကျွေးများ၏ လုပ်ကြံမှုဖြင့် ကျဆုံးသွားရရှာသော ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသည့် ခေါင်းဆောင်ကြီးများအတွက် တစ်လတိတိ အလံတစ်ဝက်တင်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြုကြရမည်။

(ခ) မြို့မရပ်ကွက်၊ ကျေးရွာမကျန် သစ္စာဖောက်နယ်ချဲ့ အလုပ်အကျွေးများကိုဖော်ထုတ်၍ သူတို့၏သတ္တိကြောင် သူရဲဘောနည်းသော အကြံပက်စက်မှုများကို တစ်လတိတိ လူထုတရားပွဲများကျင်းပ၍ ရှုတ်ချရမည်။

(ဂ) ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချခဲ့သောလမ်းစဉ်အတိုင်း လုံးဝ လွတ်လပ်ရေးမရမချင်း ဖဆပလ အလံတော်အောက်တွင်စုရုံး၍ ပြင်းပြင်းထန်ထန်ချီတက်ရန် အဓိဋ္ဌာန်ပြုကြရမည်။

(ဃ) လူထုသည် စိတ်ဓာတ်ချောက်ချားခြင်းမရှိဘဲ ငါတို့ခေါင်းဆောင်ကြီးများကို ရိုသေလေးစားသောသဘောဖြင့် သူတို့ချခဲ့သော လမ်းစဉ်၊ မျှော်မှန်းသော ရည်မှန်းချက်အတိုင်း ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် ချီတက်နိုင်အောင် စီစဉ်ကြရမည်။

(င) ဖဆပလအတွင်း လူထုလူမျိုးရေးနှင့် နိုင်ငံရေးပါတီများသည် ခါတိုင်းထက်မက ဆတက်ထမ်းပိုး ပိုမိုစည်းလုံးညီညွတ်ကြရမည်။

(စ) သစ္စာဖောက် နယ်ချဲ့အလုပ်အကျွေးများ၏ လှုံ့ဆော်မှုကိုနားမယောင်ဘဲ လူထုလူမျိုးရေး နိုင်ငံရေးပါတီများသည် ပိုမိုသွေးစည်းရမည်။ အဓိကရုဏ်းမှုများကို အပြင်းအထန်တားမြစ်ရမည်။ နယ်ငြိမ်ဝပ်ပိပြားရေးကို တာဝန်ယူ ဆောင်ရွက်ကြရမည်။ သစ္စာဖောက်များကို မျက်ခြည်ပြတ်မခံ တုံ့ပြန်ကြရမည်။

ဖဆပလ အဖွဲ့ချုပ်သည် လူထုအားဖြင့် လူထုအတွက် လူထု၏အဖွဲ့ချုပ်အဖြစ်ဖြင့် တည်ရှိလျက်ရှိသည်။

**(ပုံ) ရဲဘော်ဗဆွေ**
**အထွေထွေအတွင်းရေးမှူး**
**ဖဆပလအဖွဲ့ချုပ်**
**(မြန်မာ့အလင်း၊ ၂၃-၇-၄၇)**

## ရခိုင်ဖဆပလက ဝမ်းနည်းခြင်း

ဗိုလ်ချုပ်နှင့်တကွ အပေါင်းပါဝန်ကြီးများကို လုပ်ကြံမှုအတွက် ရခိုင်ဖဆပလကိုယ်စား ကျွန်ုပ်သည် များစွာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပါကြောင်း၊ ၎င်းတို့ ဤသို့ သေချိန်မရောက်ဘဲ သေဆုံးရခြင်းကြောင့် ကမ္ဘာနှင့် အထူးသဖြင့် မြန်မာတို့မှာ ဆုံးရှုံးခြင်းဖြစ်ရကြောင်း၊ ကျွန်ုပ်တို့ ရခိုင်ဖဆပလအဖွဲ့ဝင်များသည် ခေါင်းဆောင်များ ကျဆုံးသဖြင့် နောက်ဆုတ်မည်မဟုတ်ဘဲ ချထားခဲ့သည့်လမ်းစဉ်အတိုင်း စည်းလုံးညီညွတ်စွာ ချီတက်ရန်အသင့်ရှိကြောင်း၊ ဤသဝဏ်လွှာဖြင့် ကျဆုံးသောဝန်ကြီးများကို နောက်ဆုံး ဦးညွတ်လေးစားပါကြောင်း၊ ဈာပနအခမ်းအနားသို့ မတက်ရောက်နိုင်ကြသည်ကို အထူးပင်ဝမ်းနည်းပါကြောင်း၊ ဤသဝဏ်လွှာကို သေဆုံးသူများ၏ ဇနီးများသို့ တစ်ဆင့် ကမ်းလှမ်းစေလိုပါကြောင်း။

**(ပုံ) ဦးပညာသီဟ**
**ဥက္ကဋ္ဌ၊ ရခိုင်ဖဆပလ (၂၁-၇-၄၇)**
**(ဗမာ့ရှေ့ဆောင်၊ ၂၃-၇-၄၇)**

## အစိုးရအဖွဲ့၏ ကြေညာချက်

၁၃၀၉ ခု၊ ဝါခေါင်လဆန်း ၂ ရက် စနေနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ် အချိန်တွင် မြန်မာနိုင်ငံတော် အစိုးရဝန်ကြီးများ အစည်းအဝေး ကျင်းပနေစဉ် လွတ်လပ်ရေးသစ္စာဖောက်နှင့် နယ်ချဲ့သမား၏ လက်ပါးစေများ ဖြစ်ကြသော လူတစ်စုတို့က ဗိုလ်ချုပ်နှင့်တကွ အခြားဝန်ကြီးခြောက်ဦး၊ အတွင်းဝန်တစ်ဦးနှင့် သက်တော်စောင့် တစ်ဦးတို့အား ရက်စက်စွာ သတ်ဖြတ်ခြင်းခံခဲ့ရသည်ကို တိုင်းပြည်မှ သိရှိကြပြီဖြစ်ကြောင်း။

အထက်ဖော်ပြပါ လုပ်ကြံမှုကြီးမှာ မြန်မာနိုင်ငံတော် လွတ်လပ်ရေးလုပ်ငန်းစဉ်များကို ပြိုကျပျက်စီးစေရန်နှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ဖက်ဆစ်ဆန်ဆန် သိမ်းပိုက်ရယူရန်ဖြစ်သည်ကို အစိုးရတို့က ခိုင်လုံသည့် အထောက်အထားများ ရရှိထားသည်ဖြစ်ကြောင်း။

ဤအကြောင်းအချက်များအရ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလကိုယ်စားလှယ် အစိုးရ၏နေရာတွင် တစ်ဗိုလ်ကျ တစ်ဗိုလ်တက် လမ်းစဉ်အတိုင်း ဖဆပလအဖွဲ့ချုပ်ကြီးကပင် ဦးဆောင်လျက် အစိုးရအဖွဲ့ကို ဆက်လက်တည်မြဲစေရန် ချက်ချင်းလိုအပ်သည့်အတိုင်း ၁၃၀၉ခု၊ ဝါခေါင်လဆန်း ၂ ရက် စနေနေ့ ညနေ ၆နာရီ အချိန်မှာပင်လျှင် ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုခေါင်းဆောင်၍ လူသစ်ဖြည့်လျက် ဖဆပလကိုယ်စားလှယ် အစိုးရအဖွဲ့ကို ဆက်လက်တည်မြဲစေနိုင်ပြီဖြစ်ကြောင်း။

ဗိုလ်ချုပ်တို့အား လုပ်ကြံခြင်းဖြင့် နိုင်ငံလုံးဝလွတ်မြောက်ရေးကို လည်းကောင်း၊ အခြားကြီးလေးများပြားလှသည့် ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း နှေးကွေးပျက်ပြားခြင်းမဖြစ်စေဘဲ ဗိုလ်ချုပ်ကိုယ်ပိုင် ဦးစီးချထားခဲ့သော လုပ်ငန်းစဉ်အတိုင်း တစ်သဝေမတိမ်း ဆက်လက်ဆောင်ရွက်ရန် အစိုးရအဖွဲ့က လုံးဝတာဝန်ယူကြောင်း။

လုံးဝ လွတ်လပ်ရေးကို အမြန်ဆုံးရရှိနိုင်ရန်အတွက် ကျွန်တော်တို့၏ တစ်ခုတည်းသော အားကိုးရာမှာလည်း အအက်မရှိသော စည်းလုံးညီညွတ်ရေးပင်ဖြစ်ရာ မြန်မာ့လူထုကြီးကလည်း ရှေ့ကထက် ဆတက်ထမ်းပိုးတိုး၍ ကျောချင်းကပ် ရင်ချင်းအပ်ကြရန် ကျွန်ုပ်တို့က လေးနက်စွာတိုက်တွန်းလိုက်ပါကြောင်း။

ယခု ဖွဲ့စည်းပြီးခဲ့သော ဖဆပလကိုယ်စားလှယ် အစိုးရသည် နိုင်ငံတော်တိုင်းရင်းသားအားလုံး၏ အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် လုံးဝတာဝန်ယူပါကြောင်း။ လွတ်လပ်ရေးလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေမည့် အချင်းချင်း ဆူပူသောင်းကျန်းခြင်း၊ လုယက်တိုက်ခိုက် သတ်ဖြတ်ခြင်းများကို လုံးဝရှောင်ရှားကြ၍ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့နှင့် တစည်းတလုံးတည်း ပူးပေါင်းဆောင်ရွက်ကြပါရန် နိုင်ငံတော် တိုင်းရင်းသားအားလုံးတို့အား အစိုးရအဖွဲ့က လေးနက်စွာ မေတ္တာရပ်ခံအပ်ပါကြောင်း။

**(ပြည်သူ့ဟစ်တိုင်၊ ၂၃-၇-၄၇)**

## (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြပွဲ၊ ပြခန်းဖွင့်လှစ်

**မြစ်ကြီးနား ဇူလိုင် ၁၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပြသမည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြခန်းကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဖွင့်လှစ်ပေးပြီး အာဇာနည်နေ့ အထိမ်းအမှတ်ပြသထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် မှတ်တမ်းဓာတ်ပုံများ၊ (၆၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ အာဇာနည်နေ့အထိမ်းအမှတ် ကဗျာ၊ ဆောင်းပါးနှင့် စာစီစာကုံးဆုရရှိသောစာမူများဖြင့် ဂုဏ်ပြုပြသထားရာ ပြခန်းကို ပြည်နယ်ဝန်ကြီး၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ ကျောင်းအုပ် ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ပြည်နယ်ပြည်သူ့အားကစားကွင်း၌လည်း အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဖြစ်ကြောင်းကုန်စင်

## ရေးသူ - ဗိုလ်ထွန်းလှ
## ဗိုလ်ချုပ်အပါးတော်မြဲ

ဖြစ်ပုံကား လျှပ်တစ်ပြက်မြင်မက်လိုက်ရသော အိပ်မက်ကဲ့သို့ပင်တည်း။ ဤကဲ့သို့ လျင်မြန်လွန်းသောကြောင့်လည်း အိပ်မက်ကားမဟုတ် တကယ့်အဖြစ်အပျက်ဖြစ်ကြောင်းကို ယခုတိုင်အောင် ကျွန်ုပ်၏စိတ်ထဲတွင် အတော်ခဲယဉ်းစွာ ယုံကြည်ရန် ကြိုးစားနေရဆဲ ဖြစ်လေသည်။

ဘန်ကောက်လုံချီ အဝါရောင်အသစ်၊ မန္တလေးပိုးတိုက်ပုံအကျီ အဖြူရောင် သားရေဖိနပ်တို့ဖြင့် ဝတ်ဆင်ကာ ကျွန်ုပ်လက်ယာဘက်ဘေးတွင် ကပ်ထိုင်လျက် အိမ်မှကားစီးလာခဲ့ပြီး ကားပေါ်မှဆင်းရာ၌လည်းကောင်း၊ သူနောက်ဆုံး ဝင်ခြင်းအဖြစ် အတွင်းဝန်ရုံး ကောင်စီစည်းဝေးခန်းမကြီးသို့ ဝင်ရာ၌ လည်းကောင်း ကျွန်ုပ်၏နောက်နားမှကပ်၍ ပြုံးရွှင်စွာနှင့်ပင် ဝင်လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၊ စက်သေနတ်သံတွေနှင့် မရှေးမနှောင်းပင် ရေတိမ်နစ်ခဲ့ရပုံ နာရီဝက်မျှ တစ်ရုံးလုံး မှင်သက်မိသလို ငြိမ်နေရာမှ တစ်ဖန် လှုပ်ရှားပြေးလွှားလာကြပုံ၊ ယခု ကွယ်လွန်သူ မိုင်းပွန်စော်ဘွားကြီးသည် ဒဏ်ရာရရချင်း ကျွန်ုပ်ရှိရာထ၍ လျှောက်လာပြီး သောက်ရေတောင်းသဖြင့် ဇွတ်အတင်းထိုင်ခိုင်းကာ နှစ်သိမ့်ခဲ့ရပုံ၊ ဟယ်-ဗိုလ်ချုပ်တို့ ထိကုန်ပြီဟူသော သတင်းဆိုးသည် တောမီးလောင်သကဲ့သို့ လျင်မြန်လှသော အဟုန်ဖြင့် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပုံ၊ ကျွန်ုပ်က စတင်၍ ဖုံးဖိလျှို့ဝှက်ခြင်းကြောင့် ဗိုလ်ချုပ်ကျဆုံးသည်ကို ချက်ချင်း လူမသိသေးဘဲ ညနေထုတ် သတင်းစာများထွက်မှပင် ဆေးရုံ၌ဆုံးသည်ဟု လူအများက သိကြရပုံ၊ နောက်ဆုံး တနင်္ဂနွေနေ့တွင် ဗမာပြည်တွင် မကြုံဖူးအောင်ကြီးမားသည့်လူထုကြီးသည် သူတို့၏ အဖိုးတန်ဆုံးရတနာ အထက်မြက်ဆုံးခေါင်းဆောင်ကြီး၏ ရုပ်ကလာပ်ကို သောင်းသောင်းဖြဖြ ကြေကွဲဝမ်းနည်းစွာ လိုက်၍ပို့ကြပုံ စသည်တို့မှာ ကျွန်ုပ်တို့၏ မျက်စိတွင် လျင်မြန်စွာ ပြသသော ရုပ်ရှင်ကားတစ်ခုနှင့်လည်း တူလှပေသည်။

လွန်ခဲ့သော ရက်သတ္တပတ် အမှုဆောင်ဝန်ကြီးများ၏ အပတ်စဉ်အစည်းအဝေးကို ဇူလိုင် ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပရန် စီစဉ်ကြေညာခဲ့ပြီးလေသည်။ အင်္ဂါနေ့ကျသောအခါ ကျွန်ုပ်က ဗိုလ်ချုပ်မနက်ဖြန် ဝန်ကြီးအစည်းအဝေးလုပ်ဖို့ ချိန်းထားတယ်။ လွှတ်တော်ကော်မတီကလည်း နက်ဖြန် ၁၀ နာရီပဲ ဖြစ်နေတယ်။ ဘယ့်နှယ်လုပ်ရမလဲဟုမေးရာ သူက ဒါဖြင့် အီးစီ (EC)ကို စနေနေ့ မနက်ကိုပဲ ပြောင်းလုပ်ကွာဟု ဆုံးဖြတ်ချက်ချလိုက်ရာမှ ၎င်း ဇူလိုင် ၁၉ ရက်နေ့ လူသတ်အရေးတော်ပုံကြီး၏ ကံကြမ္မာစတင်ခဲ့လေသည်။

ဇူလိုင် ၁၉ ရက်(စနေနေ့) နံနက် ၁၀ နာရီထိုးလုတ်သော် အတွင်းဝန်ရုံးအပေါ်ထပ် ကောင်စီခန်းမကြီးတွင် ဗိုလ်ချုပ်မှတစ်ပါး အားလုံးသော ဝန်ကြီးများသည် စုံစုံညီညီရောက်ရှိနေကြလေပြီ။

အတွင်းဝန် ဦးရွှေဘော်၊ လက်ထောက်အတွင်းဝန် ဦးတင်အုန်း၊ ရုံးအုပ်ကြီးဦးခ တို့သည် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်း မှတ်တမ်းစသည်များကို ရှာဖွေပြင်ဆင်ရန် အလုပ်ရှုပ်နေကြလေသည်။

ဗိုလ်ချုပ်ကားသည် ၁၀ နာရီ ၁၀ မိနစ်တိတိတွင် အတွင်းဝန်ရုံး ဗဟိုလှေကားရင်းသို့ ဆိုက်ရောက်လာလေသည်။

ထုံးစံအတိုင်း ကျွန်ုပ်က ရှေ့ဆုံးမှစ၍တက်ပြီး ဗိုလ်ချုပ်မှာ ကျွန်ုပ်၏နောက်နားမှ ကပ်လျက်လိုက်ပါသည်။ အတွင်းဝန်ရုံး အပေါ်ထပ်သို့ တက်ပြီး ကောင်စီခန်းမကြီးအတွင်းသို့ ဝင်သည်အထိ ကျွန်ုပ်ပင် ဗိုလ်ချုပ်၏ရှေ့က လျှောက်လာခဲ့သည်။ ထိုနေ့ အစည်းအဝေးဆိုင်ရာ မှတ်တမ်းဖိုင်တွဲများကို နေရာချထားပြီး သူ၏ကုလားထိုင်ကို နောက်သို့ ဆွဲ၍ပင် သူဝင်သာအောင် ကျွန်ုပ်က လုပ်ပေးပြီးမှ ဗိုလ်ချုပ်သည် သူနောက်ဆုံးအကြိမ် သဘာပတိအဖြစ် ဆောင်ရွက်ရမည်ဖြစ်သော အမှုဆောင်ဝန်ကြီး အစည်းအဝေးကို စတင်ရန် ပြင်ဆင်ရှာလေသတည်း။

အစည်းအဝေးစသည်နှင့် တံခါးမကြီးပြင်ဘက်မှ ကလန့်ထိုး ကုလားဂျမဒါနှင့် ဗမာရုံးစေတစ်ယောက်တို့ စောင့်နေကြသည်။

၁၀ နာရီ ၁၀ မိနစ်အချိန်တွင် ချင်းကောင်ဆယ်လာ ဦးဝမ်ကိုဟောသည် ကျွန်ုပ်၏အခန်းသို့ စာတစ်စောင် ဗိုလ်ချုပ်ထံပေးရန် လာရောက်ရင်း ကျွန်ုပ်နှင့် အာလာပ သလ္လာပစကားများ ပြောနေသေးသည်။ သူရှိစဉ်ပင် ကျွန်ုပ်သည် သုံးကြိမ်တိုင်တိုင် စည်းဝေးခန်းသို့ဝင်၍ ဗိုလ်ချုပ်ထံ လိုအပ်သော စာရွက်စာတမ်းများ ဝင်ပေးခဲ့သေး၏။

၁၀ နာရီ မိနစ် ၂၀ တွင် ချင်းဝန်ကြီး ဦးဝမ်ကိုဟော ပြန်ထွက်သွားလေသည်။ ဦးဝမ်ကိုဟောရှိစဉ်ပင် အလုပ်သမားသမဂ္ဂမှ သခင်ဘတင်ကြီးသည် ကျွန်ုပ်ထံသို့လာ၍ ဗိုလ်ချုပ်နှင့်တွေ့ရန်စောင့်နေလျက် မတွေ့လိုက်ရသဖြင့် တဖျစ်တောက်တောက် ညည်းနေရာမှ တော်တော်ကြာမှ တွေ့မည်ဟု ဆိုကာ သူ၏ ဦးထုပ်နှင့် မိုးကာအကျီများကို ကျွန်ုပ်၏ အခန်းတွင်း၌ချထားကာ ခေတ္တအပြင်ဘက်သို့ ထွက်သွားလေသည်။

ထူးဆန်းပုံကား ခါတိုင်းဆိုလျှင် ဧည့်သည်တွေ၊ သတင်းထောက်တွေ၊ မိတ်ဆွေတွေ တင်းကျပ်ပြည့်ကျပ်နေသော ကျွန်ုပ်၏အခန်းမှာ ထိုနေ့က အလွန်လူရှင်းလျက် ကျွန်ုပ်အပြင် ဂျင်နရယ်သောမတ်စ်၏ ကိုယ်ရံတော် ဗိုလ်သန်းဝင်း တစ်ဦးသာရှိပြီး တစ်ခန်းလုံး တိတ်ဆိတ်ခြောက်ကပ်နေလေသည်။

ခါတိုင်းနေ့ဆိုလျှင် ကျွန်ုပ်မှာ ဝန်ကြီးများ စည်းဝေးနေစဉ် ၁၀ နာရီခွဲသာသာတွင် အိမ်ပြန်ထမင်းစားလေ့ရှိသည်။ ထို့နေ့ကမူ လူရှင်းလျက်ရှိသော ကျွန်ုပ်၏အခန်းကိုကြည့်ရင်း စိတ်ထဲမှာ အပြင်သို့ မသွားချင်သလိုလို ထူးဆန်းစွာ ဖြစ်လာသည်နှင့် ဒီနေ့တော့ အိမ်ပြန်ထမင်းမစားတော့ပါဘူးဟု ဆုံးဖြတ်လိုက်ကာ ရုံးခန်းစောင့် ရဲဘော်လှမောင်အား ကျွန်ုပ်နှင့် ဗိုလ်သန်းဝင်း နှစ်ယောက်စာထမင်းကို တရုတ်ဆိုင်မှ အဝယ်ခိုင်းလိုက်ပြီး ကျွန်ုပ်၏ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ၁၀ နာရီ နှင့် ၃၅ မိနစ်တိတိ ရှိနေလေပြီ။

ထိုခဏ၌ ဗိုလ်ချုပ်အခန်းဆီမှ ဒိုင်းဟူသော ကျယ်လောင်စွာပေါက်ကွဲသံကြီး ရုတ်တရက် ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်တည်း ကျွန်ုပ်နှင့် ဗိုလ်သန်းဝင်းတို့လည်း ဝမ်းလျားထိုးမှောက်ကာ အကာအကွယ်ယူနေမိလေသည်။ စောစောက မြည်ဟိန်းသံကြီးဖြစ်ပေါ်လာသော ပေါက်ကွဲသံမှာ မိနစ်မှ မကူးသေးမီ ဒက်ဒက်ဒက်ဟူသော စက်သေနတ်သံ ပစ်သံတို့သည် အဆက်မပြတ်ထွက်ပေါ်လာပြီးနောက် ကျွန်ုပ်တို့တွင် ဟာ. . . ဝန်ကြီးတွေကို ဝင်ပစ်ကုန်ပြီဟူသော အသိဉာဏ်လည်းဖြစ်ပေါ်လာသည့် တစ်ခဏ၌ ချက်ချင်းပင် ကျွန်ုပ်က ဗိုလ်ချုပ်တို့၏ စည်းဝေးခန်းမကြီးသို့ လည်းကောင်း၊ ဗိုလ်သန်းဝင်းက ကျွန်ုပ်အခန်းအပြင်ဘက်သို့ လည်းကောင်း အသီးသီးပြေးကြလေတော့သည်။

ဗိုလ်ချုပ်အခန်းနှင့် ကျွန်ုပ်အခန်းဆက်လျက်ရှိသော ဘေးတံခါးရွက်ကို ကျွန်ုပ်တွန်း၍ ဝင်ကြည့်လိုက်ရာ မြင်ရသော အခြင်းအရာကား ကျွန်ုပ်တို့ တစ်သက်လုံး မေ့ပျောက်နိုင်စရာမရှိအောင် စိတ်နှလုံး နောက်ကျိဖွယ်ပင်တည်း။

အခန်းတစ်ခန်းလုံးသည် ယမ်းစော်နံလျက် မီးခိုးတွေလည်း အုံ့မှိုင်းနေလေရာ စောစောကပင် စိတ်အားထက်သန်စွာ ဗမာပြည်နောင်ရေးအတွက် ဆွေးနွေးနေကြသော ဝန်ကြီးများမှာ အတုံးအရုံးလဲနေကြလျက် ဗိုလ်ချုပ်အောင်ဆန်းမှာလည်း သူထိုင်သော စားပွဲထိပ်မှ ကုလားထိုင်ကြီးနှင့်အတူ ပက်လက်လန်၍ လဲနေလေသည်။

အရွယ် (၄၅)နှင့် (၃၈)အမျိုးအစား ကျည်ဆန်အခွံများလည်း ပြန့်ကျဲလျက်ရှိလေသည်။ စက်သေနတ် စတင်ပစ်ပစ်ချင်း မထိသဖြင့် အလျားထိုးဝပ်လိုက်သောကြောင့် သေဘေးမှ သီသီကလေး လွတ်သွားသူဝန်ကြီး ဦးဘဂျမ်း၊ ဦးမြ၊ ဦးအောင်ဇံဝေနှင့် အတွင်းဝန် ဦးရွှေဘော်တို့ကား ကမန်းကတန်း ကပ်လျက်ရှိသော ဦးရွှေဘော်အခန်းသို့ ကူးပြေးကြလေပြီ။

ထိုအချိန်၌ ကျွန်ုပ်၏ အခန်းတွင်းမှ အပြင်ဘက်သို့ ပြေးထွက်သွားသော ရဲဘော်ဗိုလ်သန်းဝင်းမှာ လှေကားမှ ဆင်းပြေးမည့်ဆဲဆဲ လူသတ်သမားများနှင့် ရင်ဆိုင်တိုးလျက်ရှိသည်။

ဗိုလ်သန်းဝင်းကို မြင်မြင်ချင်း လူသတ်သမားများသည် ဟေ့. . . မဆိုင်သူမကပ်နဲ့ကွဟု ညာသံပေးကာ စတင်းဂန်း၊ တော်မီဂန်းတို့နှင့် ချိန်လေရာ ဗိုလ်သန်းဝင်းမှာ သူတို့ဝတ်ထားသော အစိမ်းရောင် စစ်ဝတ်ယူနီဖောင်း အပြည့်အစုံကို ကြည့်ရင်း ရုတ်တရက်သော် တရားခံများကို လိုက်ဖမ်းသော ပုလိပ်သို့မဟုတ် စစ်သားရဲဘော်များဟုပင် မှတ်ထင်ကာ ခေတ္တငိုင်နေစဉ် လူသတ်သမားတို့လည်း ရှေ့သို့တိုးသွားပြီး လှေကားထိပ်အခန်းမှ ပြေးထွက်လာသော ဆရာကြီးဦးရာဇတ်၏ သက်တော်စောင့် ကိုထွေးအား စတင်းဂန်းနှင့်တစ်ချက်မျှ ဆွဲလိုက်ခြင်းဖြင့် သူတို့၏ ထွက်ပြေးရာလမ်းရှိ အတားအဆီးဟူသမျှကို အပြီးတိုင် ရှင်းလင်းလိုက်လေသည်။

ထိုအခါမှ ဗိုလ်သန်းဝင်းလည်း လူသတ်သမားများဖြစ်ကြောင်း သိလေတော့သည်။

ထိုသူတွေ လှေကားမှ အဆင်းတွင် စောစောက ကျွန်ုပ် ထမင်းအဝယ်ခိုင်းထားသော ရဲဘော်လှမောင်လည်း ပြေးအလာနှင့် ကြုံသည်။ တကယ့်ရဲဘော်တွေထင်၍နေစဉ် သူ့ဘက်သို့ သေနတ်တစ်ချက် ထပ်ဆွဲလိုက်ရာ လှမောင်က လျင်မြန်စွာ ဝပ်ချလိုက်၍သာ ကျည်ဆန်ကို သူ၏ ပခုံးနားမှ ရှပ်ထွက်သွားလေတော့သည်။

တစ်မိနစ်အတွင်း အောက်လှေကားရင်းတွင် စက်နှိုးပြီး ဂျစ်ကားပေါ် ပြေးတက်ကာ လူသတ်သမားတို့လည်း လက်လွတ်ပြေးကြလေသတည်း။

ကျွန်ုပ် ယခုစာဖြင့် ရေးပြနေရသည်မှာ အချိန်ကြာသည် ထင်ရသော်လည်း စင်စစ် ထိုနေ့ကဖြစ်ပျက်ပုံအလုံးစုံတို့ကား လျှပ်တစ်ပြက်ကဲ့သို့ လျင်မြန်လှပေသည်။

အပေါ်ထပ် စည်းဝေးခန်းမကြီးတွင် ကျွန်ုပ်ရှိရာသို့ မိုင်းပွန်စော်ဘွားကြီးသည် သွေးလိမ်းကျံသော ဒဏ်ရာဖြင့် ထလျှောက်လာသေးရာ ကျွန်ုပ်က ဇွတ်အတင်း အထိုင်ခိုင်းရသေးသည်။ ကျွန်ုပ်တို့၏အရေးကြီးဆုံး ခေါင်းဆောင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလဲရာသို့ ပြေးကြည့်လိုက်သောအခါ လက်ဝဲဘက်ရင်အုံတွင် သွေးများစိုလျက် သေနတ်ဒဏ်ရာနှစ်ခုမျှ သတိထားမိသည့်အတိုင်း ကမန်းကတန်းစမ်းလိုက်ပြန်ရာ သွေးတိုးခြင်း လုံးဝမရှိတော့၊ အသက်လည်း မရှူတော့ကြောင်းကို တွေ့ရလေသည်။ ကျွန်ုပ်သည် ချက်ချင်း တယ်လီဖုန်းကို ကောက်ကိုင်ကာ မီးသတ်သူနာပြုဆေးရုံကြီး၊ ပုလိပ်ရုံး၊ ဘုရင်ခံအိမ်၊ စစ်ဌာနချုပ်များသို့ ကမန်းကတန်း ဆက်ရလေတော့သည်။

အတွင်းဝန်ရုံးချုပ်ကို ဝင်းစီးကုန်ပြီဟု ထင်ကြ၍ပဲလားမသိ တစ်ရုံးလုံးသည် မှင်သက်မိပြီး ငိုင်နေသည်မှာ မိနစ် ၂၀ ခန့် ကြာသည်ဟု ကျွန်ုပ်တို့ထင်မိသည်။ ထို့နောက် ဟိုမှဒီမှ လူများလည်း ပြေးလာကြတော့သည်။ ကျွန်ုပ်တို့ ရှေးဦးစွာ သတိရသော အရာကား ဗိုလ်ချုပ်ကျဆုံးခြင်းကို လူမသိစေရန် ဖြစ်လေသည်။ ထို့ကြောင့်ပင် ပထမဆုံးရောက်လာသော သူနာပြုထမ်းစင်တွင် ဗိုလ်ချုပ်အား ဗိုလ်သန်းဝင်း၏ မိုးကာအကျီဖြင့် ထွေးလျက် ဆေးရုံသို့ ချက်ချင်းပို့လိုက်ရလေ၏။

ဗိုလ်ချုပ်ကိစ္စမရှိဘူး။ ညာဘက်ပခုံးသာ မှန်တယ်။ ခုဆေးရုံမှာ ချက်ချင်း ကုဖို့ယူသွားပြီဟူ၍ ဗိုလ်ချုပ်အကြောင်း စိတ်အားထက်သန်စွာ လာရောက်မေးမြန်းသူမှန်သမျှ အနည်းငယ်နှစ်သိမ့်ဖွယ်ကြားရသောသတင်းမှာ ကျွန်ုပ်ထွင်၍ ပြောခြင်းမျှသာ ဖြစ်လေသည်။ စင်စစ်ကား မိုင်းပွန်စော်ဘွားကြီးနှင့် ဦးဘချိုတို့မှတစ်ပါး ကျန်သေနတ်မှန်သူအားလုံးမှာ နေရာမှာပင်ပွဲချင်းပြီး ကိစ္စတုံးခဲ့လေပြီ။


ခါတိုင်းဆိုလျှင် အတွင်းဝန်ရုံး သူ၏အခန်း၌ အစောင့်အရှောက်ထားလျှင် ဗိုလ်ချုပ်သည်မကြိုက်။ ကျွန်ုပ်တို့အား မာန်မဲကြိမ်းမောင်း၍ ပြန်လွှတ်စေခဲ့၏။ မဆုံးမီ နှစ်ရက် (ကြာသပတေးနေ့) ကပင် လွှတ်တော်ရုံးအနီး၌ တပ်မတော်မှကားကြီးနှစ်စီး ကာကွယ်ရေးဌာနသို့ ကိစ္စဖြင့်လာရင်း ရပ်ထားသည်ကို သူမြင်သောအခါ ကျွန်ုပ်အားခေါ်၍ 'ဟေ့ ထွန်းလှ၊ ဟိုကားတွေက ပုလိပ်ကားတွေလားကွ၊ ဦးမြကိုမေးပြီး မလိုရင် မစောင့်ပါနဲ့ကွာ'ဟု ကျွန်ုပ်အား အမိန့်ပေးခဲ့သေး၏။

ဤမျှ သူ့ကို မည်သူမျှ မကြံတန်ရာဟု ဗမာလူထုကို ဗိုလ်ချုပ်သည် ယုံကြည်ခဲ့၏။ သူ ရေတိမ်မနစ်မီတစ်ရက် သောကြာနေ့တွင်ကား သူ၏စိတ်တွင် ဘယ်လိုဖြစ်သည်မသိ။ ဟေ့ ငါတို့အိပ်ရင် လက်နက်ကလေး ဘာလေးယူထားဦးမှပဲ၊ စတင်းဂန်းတစ်လက်ဖြစ်ဖြစ် အိမ်မှာယူထားလိုက်စမ်းဟေ့ဟု သူပြောသည့်အတိုင်း လက်နက်ကိုင်တပ်မှ စတင်းဂန်းသေနတ် တစ်လက်ယူထားလိုက်ရလေသည်။

ဗိုလ်ချုပ်ကိုယ်တိုင်ကား သူမကျဆုံးမီ အထူးရွှင်ပျလျက်ရှိခဲ့သည့်အပြင် သူအမြဲဝတ်လေ့ရှိသော စစ်ယူနီဖောင်းကိုမဝတ်ဘဲ သူ့တွင် ရှိစု မဲ့စု ဘန်ကောက်လုံချည် နှစ်ထည်၊ ရခိုင်လုံချည် အနီတစ်ထည်၊ တိုက်ပုံ ပိုးအကျီအဖြူ တစ်ထည်၊ အနက်တစ်ထည်တို့ဖြင့် ဗမာပီပီ ကျနသပ်ရပ်စွာ ဝတ်ဆင်တတ်သည်ကို ရက်သတ္တနှစ်ပတ်မှ ကျွန်ုပ်တို့ သတိထားခဲ့မိသည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်မှ မွေးဖွားလိုက်သော တကယ့်လူထုခေါင်းဆောင် အာဇာနည်အောင်ဆန်း၏ ဗမာ့နိုင်ငံရေးပြဇာတ်ကြီးတွင် ကပြခန်းသည် ပြည်ဖုံးကား ချခဲ့လေပြီ။

ဗိုလ်ချုပ်အား အလေးပြုလျက်။



## မန္တလေးမြို့တွင် အာဇာနည်ကိုးဦး၏ ပုံတူပန်းချီအား ဂရပ်ဖစ်တီပညာဖြင့် ရေးဆွဲဂုဏ်ပြု

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးမြို့တွင် ဇူလိုင် ၁၈ ရက်က (၆၉) နှစ်မြောက်အာဇာနည်နေ့ကို ဂုဏ်ပြုခြင်းအထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦး၏ ပုံတူပန်းချီအား ဂရပ်ဖစ်တီပညာဖြင့် ရေးဆွဲဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါပုံတူပန်းချီများအား ချမ်းအေးသာစံမြို့နယ် (၆၈)လမ်းနှင့် (၆၉)လမ်းကြား၊ (၃၄) လမ်းနှင့် (၃၅) လမ်းကြားရှိ နဝရတ်ရိပ်သာအနီး အုတ်တံတိုင်း နံရံတစ်လျှောက်တွင် လူငယ်ဂရပ်ဖစ်တီပညာရှင် သုံးဦးက ဂုဏ်ပြုရေးဆွဲခဲ့ခြင်းဖြစ်ပြီး မန္တလေးပြည်သူများကလည်း စိတ်ဝင်တစားလာရောက်အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောင်ရဲသွင်)

# အာဇာနည်ကြီးများအတွက် ပထမဆုံးနိုင်ငံတော်မိန့်ခွန်း

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ထိုနေ့ညနေ၌ပင်လျှင် တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌကြီး သခင်နုက ဝန်ကြီးချုပ်တာဝန်ကို ယူလျက် အစိုးရအဖွဲ့သစ်ကိုဖွဲ့လိုက်ကာ ဇူလိုင် ၂၂ ရက်တွင် အာဇာနည် ခေါင်းဆောင်ကြီးများအား ချီးကျူးအလေးပြုရင်း တိုင်းပြည်လူထု စည်းလုံးညီညွတ်ရေးအတွက် ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်း၌ အာဇာနည် ခေါင်းဆောင်ကြီးများအားလုံး ရိုးဂုဏ် ကြိုးဂုဏ်များနှင့်အတူ တစ်ဦးချင်းအလိုက် တော်ပုံကျော်ပုံများအပေါ် ချီးကျူးပြောကြားလိုက်သည်က-

**ဗိုလ်ချုပ်အောင်ဆန်း**

". . ဗိုလ်ချုပ်ရဲ့ အရှိန်ကိုခိုပြီး တစ်နိုင်ငံလုံး စည်းရုံးခဲ့ပါတယ်။ နှစ်ပေါင်း ၂၀၀၀ ကျော်ရှိတဲ့ ဗမာ့ရာဇဝင်တစ်ခုလုံးကို လှန်လှောရှာဖွေလိုက်လျှင် ဗမာတွေ ဒီလိုစည်းလုံးခဲ့တာမျိုးဟာ (၁)ဘုရင်အနော်ရထာမင်းစောလက်ထက်မှာ တစ်ကြိမ်၊ (၂)ဘုရင့်နောင်လက်ထက်မှာ တစ်ကြိမ်၊ (၃)အလောင်းဘုရားလက်ထက်မှာ တစ်ကြိမ်၊ (၄)ဘုရင်ဆင်ဖြူရှင်လက်ထက်မှာတစ်ကြိမ် ဒီလေးကြိမ်ပဲရှိခဲ့ဖူးပါတယ်။"

**သခင်မြ**

". . ကိစ္စတိုင်းကို ခပ်အေးအေး စဉ်းစားဝေဖန်ဆုံးဖြတ်တဲ့ လူဟာ သခင်မြပါ။ . . အဲ့ဒီတော့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို သခင်မြက ဒီလိုခေါင်းညိတ်လိုက်မှပဲ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ဟာ အလွန်အကျွံတွေ မပါ။ အတိမ်းအစောင်းမဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ယုံကြည်ယူဆတယ်။ သခင်မြဟာ ပုံပန်းသဏ္ဌာန်အားဖြင့် ခပ်အေးအေး ခပ်နုနုပင်ဖြစ်ပေတဲ့ ဘယ်လောက်ကြမ်းတဲ့ ဆုံးဖြတ်ချက်ကိုပဲချချ သခင်မြ မလိုက်နာနိုင်တာမရှိဘူး။"

**ဦးဘချို**

". . ဆရာချိုကို အားအကိုးရဆုံးကိစ္စကတော့ တခြားဟာ မဟုတ်ပါဘူး။ ဗမာနိုင်ငံရေးမှာ ကွက်ကျော်တွေ ကလိမ်ချုံတွေကို ရှင်းပြတဲ့နေရာမှာဖြင့် သူမတူအောင် ရှင်းလည်း ရှင်းပါတယ်။ အားကိုးရလောက်အောင်လည်း မှန်ပါပေတယ်။"

**မန်းဘခိုင်**

". . . မန်းဘခိုင်ဟာ ပြောစရာရှိလျှင် ဘွင်းဘွင်းသမားဆိုတော့ ဘွင်းဘွင်းကြိုက်တဲ့ ဗိုလ်ချုပ်နဲ့ သိပ်တည့်တာပေါ့။ ကရင်ဗမာရဲ့နောင်ရေးကိုလည်း အမြင်ကျယ်ကျယ်ထားပြီးတော့ ကောင်းမယ်မှန်မယ်ထင်တာကို ဘယ်သူကိုမှ အားနာခြင်း၊ ကြောက်လန့်ခြင်း၊ ကိုယ်ကျိုးငဲ့ခြင်းမရှိဘဲ တည့်တည့်မတ်မတ် ဆောင်ရွက်လေ့ရှိပါတယ်။"

**မိုင်းပွန်စော်ဘွားကြီး**

". . . ရှမ်းဗမာ ညီညွတ်သွေးစည်းရေးကို အထူးစိတ်ဝင်စားရုံသာမက မဖြစ်မြောက် ဖြစ်မြောက်အောင်လည်း လူပန်းစိတ်ပန်းခံကာ ကြိုးစားခဲ့သူတစ်ဦးဖြစ်ပါတယ်။ စော်ဘွားကြီးရဲ့ စိတ်ထားကောင်းခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းတို့ကြောင့် ရှမ်းလူထုရဲ့ အကြည်အညိုကိုလည်း အများဆုံးခံယူရသူတစ်ဦးဖြစ်ပါတယ်။"

**ဦးရာဇတ်**

". . . ဆရာကြီးဦးရာဇတ်ကတော့ မန္တလေးက နိုင်ငံရေး၊ တော်လှန်ရေးတို့မှာ စွမ်းစွမ်းတမံလုပ်ခဲ့တဲ့ လူငယ်လူရွယ်တွေမှန်သမျှ သူ့တပည့်တွေသာများတာပဲ။ ဖဆပလပေါ်မှာ သစ္စာအရှိဆုံး ပုဂ္ဂိုလ်တွေထဲမှာ ဆရာကြီးဦးရာဇတ်လည်း တစ်ဦးအပါအဝင်ပဲ။"

**ဦးဘဝင်း**

". . နိုင်ငံရေးလုပ်သက် တယ်ပြီးမကြာလှသေးပေတဲ့ သူရဲ့ အရည်အချင်း၊ သူရဲ့ရိုးသားဖြောင့်မတ်တဲ့ ဂုဏ်တွေကြောင့် သူလုပ်သွားခဲ့တဲ့ ဝန်ကြီးနေရာမှာ ခန့်ထားဖို့ ဗိုလ်ချုပ်နဲ့ ကျွန်တော် မေမြို့မှာ တွေ့တုန်းက ကျွန်တော်ကပဲ အကြံပေးခဲ့တယ်။"

ထို့ပြင် ထိုမိန့်ခွန်းပါ". . အဲဒီပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ ချီတက်ကြတယ်ဆိုလျှင် ကျုပ်တို့တစ်တွေ စိတ်ကို ချုပ်တည်းကြရမှာပဲ"။ ". . လွတ်လပ်ရေးတစ်ခုကိုသာ အားသွန်၍ မဲလျက်ရှိသော ကျွန်ုပ်တို့အား အာရုံထွေပြားခြင်း မရှိလေအောင် လူမျိုးရေး အဓိကရုဏ်းများ၊ စည်းမဲ့ကမ်းမဲ့ ဆူပူသောင်းကျန်းမှုများကို အထူးဂရုပြု၍ တားမြစ်ကြပါကုန်"။ ". . နွားကွဲလျှင် ကျားကိုက်ဟူသော စကားပုံကဲ့သို့ ကျွန်တော်တို့တစ်တွေ ကွဲလျှင် ကြေကုန်ကြလိမ့်မည်ဖြစ်ရာ အကြေခံရသည့် ဘဝသို့ မရောက်ဘဲ ကျွန်တော်တို့အားလုံး ချစ်မြတ်နိုးကြကုန်သော လွတ်လပ်ရေးပန်းတိုင်ကြီးသို့ အလျင်အမြန် ရောက်ကြလေအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဆက်လက်ချီတက်ကြပါစို့" စသဖြင့် စကားရပ်တို့က မျက်မှောက်ခေတ်နှင့်ဟပ်၍ ရင်မှာ မတ်လျက်ရှိနေပါတော့သည်။ **(မိုးထွန်း)**

# ရန်ကုန်မြို့ပြပို့ဆောင်ရေး ဘတ်စ်ကားလိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများ ခန့်အပ်မည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့ပြ ဘတ်စ်ကားလိုင်းများကို BRT Lite ယာဉ်လိုင်းကဲ့သို့ အများပိုင် ဘတ်စ်ကားလိုင်းများ ထူထောင်ပြေးဆွဲသွားရန် ရည်မှန်းထားပြီး အနာဂတ်စီမံကိန်းများတွင် အမျိုးသမီးယာဉ်မောင်းများကိုလည်း ခန့်အပ် နေရာပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်က ပြောသည်။




ရန်ကုန်မြို့တွင် အများပိုင် ဘတ်စ်ကားလိုင်းများထူထောင်ကာ သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ဆောင်ရွက်ရာတွင် ဘတ်စ်ကားလိုင်းယာဉ်မောင်းများအား အမျိုးသားများသာမက အမျိုးသမီးများကိုလည်း ခန့်အပ်သွားနိုင်ရန် မျှော်မှန်းထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"အခုလောလောဆယ်မှာ Scania က ယာဉ်ငါးစီး အသစ်ရောက်ရှိလာလို့ BRT Lite ယာဉ်လိုင်းမှာ စတင်ပြေးဆွဲနေပါတယ်။ ဒီကားတွေက နည်းပညာလည်း မြင့်တဲ့အတွက် Scania ကုမ္ပဏီက ဝန်ထမ်းတွေက ကားနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုကဏ္ဍတွေကို သုံးလတိတိ လာရောက်ပေးအပ်မှာဖြစ်ပါတယ်။ အဲဒီမှာ အမျိုးသမီးယာဉ်မောင်းတစ်ဦးပါတယ်။ ဒါက Scania ကုမ္ပဏီဘက်က ဝန်ထမ်းပါ။ ကားနဲ့ပတ်သက်တာတွေကို အကျွမ်းဝင်အောင် လာရောက်ဆောင်ရွက်ပေးတာပါ။ နောက်ပိုင်းမှာလည်း ဒီလိုမျိုး အမျိုးသမီးယာဉ်မောင်းတွေကို ခန့်သွားနိုင်ဖို့တော့ မျှော်မှန်းထားတာရှိပါတယ်။ အမျိုးသမီးတွေက ပိုပြီး စိတ်ရှည်တဲ့အတွက် ခန့်အပ်သွားနိုင်ဖို့စဉ်းစားထားပါတယ်"ဟု ဒေါက်တာမောင်မောင်အောင်က ပြောသည်။

BRT Lite ယာဉ်လိုင်းကို ယာဉ်အစီးရေ ၆၅ စီး၊ လမ်းကြောင်း ခရီးစဉ် သုံးခုဖြင့် ပြေးဆွဲရန်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် လမ်းကြောင်း(၁)နှင့် (၂)မှာ ပြေးဆွဲလျက်ရှိသည်။ လမ်းကြောင်းသစ်ကို ယခုလကုန်တွင် ထပ်မံပြေးဆွဲသွားမည်ဟု သိရသည်။ အဆိုပါ ယာဉ်လိုင်းကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်ထားခြင်းဖြစ်ပြီး ယာဉ်အစီးရေနှင့် ခရီးစဉ်လမ်းကြောင်းများ ထပ်မံတိုးချဲ့သွားရန် ပြည်ပမှ ကားသစ်များထပ်မံဝယ်ယူဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် အနာဂတ်စီမံကိန်းများတွင် အမျိုးသမီးယာဉ်မောင်းများကို ခန့်အပ်နိုင်ရန် မျှော်မှန်းထားပြီး ၂၀၁၇ ခုနှစ်တွင် တိုးချဲ့သွားမည့် ယာဉ်လိုင်းများတွင် ဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် ဘတ်စ်ကားလိုင်းများအတွက် ယာဉ်မောင်းသင်တန်းကျောင်းများ၊ မွမ်းမံသင်တန်းများဖွင့်လှစ်ကာ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများတွင် သင်တန်းဆင်းယာဉ်မောင်းများကိုသာ ခန့်အပ်စေမည်ဟု ၎င်းက ပြောသည်။

ထို့အတူ မြို့ပြယာဉ်လိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများ ခန့်အပ်နိုင်ရန်မှာလည်း စနစ်တကျ သင်တန်းပေးအပ်ရန်လိုအပ်ပြီး ခရီးသည်တင်ဆောင်ပြေးဆွဲသည့် ယာဉ်များကို မောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်းလိုင်စင်ရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း မထသ (၄၈)ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးက သုံးသပ်သည်။

**(ဝဝ၁)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

အဋ္ဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့ ညနေ ၃ နာရီခွဲတွင် အုပ်စု(ခခ)မှ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

ဇူလိုင် ၂၀ ရက် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ကက)မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဘောလုံးအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် 230 KV အရှေ့ဒဂုံဓာတ်အားခွဲရုံ၏ 66 KV ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်မည့် ဇူလိုင် ၂၀ ရက်တွင် နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များ၏ ရပ်ကွက်နေရာအချို့၌လည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ဒဂုံတောင်မြို့နယ်၏ စိုက်ပျိုးရေးခြံ ရပ်ကွက်နေရာ၌ လည်းကောင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အသိပေးပန်ကြားထားသည်။

**(ကြေးမုံ)**

# ကျောင်းသား ကျောင်းသူများအား ရေကြောင်းသုံးအသက်ကယ်အင်္ကျီများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့ အလုံမြို့နယ် အထက(၇)သို့ တစ်ဖက်ကမ်းမှ ကျောင်းလာတက်ကြသည့် ကျောင်းသား ကျောင်းသူများအား ရေကြောင်းသုံးအသက်ကယ်အင်္ကျီများ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား မြို့တော်ထွန်းရီက အလုံ အထက(၇)တွင် တစ်ဖက်ကမ်းမှ ကျောင်းလာတက်သော ကျောင်းသားကျောင်းသူ ၃၀၀ အား အသက်ကယ်အင်္ကျီ လှူဒါန်းမှုပြုလိုကြောင်း၊ အသက်ကယ်အင်္ကျီတစ်ထည် တန်ဖိုးမှာ ငွေကျပ် ၈၅၀၀ ဖြစ်ကြောင်းနှင့် နောင်ကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် အလှူရှင်များက အသက်ကယ်အင်္ကျီများကို လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်အင်္ကျီဝတ်ဆင်နည်းစနစ်ကို ကျောင်းသားကျောင်းသူများအား လက်တွေ့သရုပ်ပြသပေးသည်။ **တင်မောင်ဦး(အလုံ)**



# ခေါင်းဆောင်ကြီးများ ကျဆုံးရစဉ်က ဝန်ကြီးဟောင်း ဦးဗဂျမ်း၏ မျက်မြင်ကိုယ်တွေ့

ရက်ကား ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်ဖြစ်၍ နေ့ကား စနေနေ့ ဖြစ်ပါသည်။ ထိုအခါက ကျွန်တော်သည် လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေး ဌာနကို အုပ်ချုပ်သည်ဖြစ်ရာ ထိုဌာန၏ အတွင်းဝန်မှာ အိုင်-စီ-အက်စ် ဦးအုန်းဖြစ်၍ ဒုတိယအတွင်းဝန်မှာ အိုင်-စီ-အက်စ် ဦးချမ်းသာ ဖြစ်ပါသည်။

ကျွန်တော်သည် အမှတ် (၈)၊ ကိုယ့်မင်း ကိုယ့်ချင်းလမ်း၊ ဗ-လ-စ ဌာနတွင် နေထိုင်လျက်ရှိရာ ဟသ်ာတခရိုင်သို့ ခရီးထွက်ခဲ့သည်မှအပြန် အအေးမိ၍ အနည်းငယ်ဖျားလျက်ရှိ၏။

ထိုနေ့တွင် ဝန်ကြီးများ အစည်းအဝေးကျင်းပမည် ဖြစ်ရာ ကျွန်တော်သည် နေမကောင်းသဖြင့် အကြောင်းထူးသာမရှိခဲ့လျှင် ထိုအစည်းအဝေးသို့ တက်ဖြစ်မည် မဟုတ်ပေ။ ထိုနေ့ကျင်းပမည့် ဝန်ကြီးများ အစည်းအဝေးတွင် ပြောပြသင့်သော သတင်းထူးတစ်ခု ကို ကျွန်တော် ရရှိထား၏။ သတင်းထူးပုံမှာ စစ်တပ်မှ မလိမ့်တပတ်ဖြင့် စက်သေနတ် (ဘရင်းဂန်း) (အလက် ၂၀၀) ထုတ်ယူသွားသူမှာ ဦးစောဖြစ်ကြောင်း၊ ထိုသို့ ထုတ်ယူစဉ်က ဦးစောသည် ရှမ်းဘောင်းဘီ၊ မျက်မှန်နက်၊ ဆွယ်တာလက်ပြတ်နှင့်ဖြစ်၍ ထုတ်ယူသွားသော မော်တော်ကားရှေ့ခန်း ကားမောင်းသူ၏ဘေးတွင် ထိုင်လျက်ပါကြောင်းများအပြင် ဦးစောတို့လူစုသည် ကုဒ်တား (ခေါ်) 'လက်နက်ဖြင့် အာဏာသိမ်းယူရန်' ကြံစည်လျက်ရှိကြကြောင်းတို့ကို သတင်းရရှိထား၏။ သို့သော် သတ်ဖြတ်သည်အထိ အကြံပက်စက်ကြမည် ဟူ၍ကား ထိုအခါက ကျွန်တော် လုံးဝမတွေးတော ခဲ့မိပေ။

ရရှိထားသော သတင်းထူးကို ဝန်ကြီးများအစည်း အဝေးတွင် တင်ပြလိုသဖြင့် ကျွန်တော်သည် နေမကောင်း လျက်နှင့်ပင် အဝတ်ထူထူ အထပ်ထပ်ဝတ်၍ အစည်း အဝေးသို့ သွား၏။

အစည်းအဝေးကျင်းပမည့်နေရာသည် အတွင်းဝန် များရုံး၊ အလယ်ထပ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းတွင် ဖြစ်၍ စမည့်အချိန်မှာ နံနက် ၁၀ နာရီ ဖြစ်၏။

အစည်းအဝေးမစမီ မိနစ်အနည်းငယ်ခန့်အလိုတွင် ဗိုလ်ချုပ်နှင့် ကျွန်တော်အစည်းအဝေးခန်းဝတွင် မျက်နှာ ချင်းဆိုင်ဆုံမိပြီး အခန်းတွင်းသို့ အတူဝင်သွားကြ၏။ ထိုနေ့တွင် ဗိုလ်ချုပ်သည် ဝတ်နေကျ စစ်ဝတ် စစ်စား မဟုတ်ဘဲ ထူးထူးခြားခြား အရပ်ဝတ် အရပ်စားနှင့်လာ၏။ ရွှေဖလားရောင် ဗန်ကောက်လုံချည်၊ ပိုးအင်္ကျီတို့နှင့် ဖြစ်၍ ဆံပင်မှာလည်း ခါတိုင်းကဲ့သို့ စုတ်ဖွာဖွာကြီး မဟုတ်ဘဲ ညှပ်ပြီးစဖြစ်၍ သပ်ရပ်၏။

'ဗိုလ်ချုပ်က ဒီလိုတော့ အချောကြီးပဲ. . .'ဟု ကျွန်တော်က ပြောင်၍ ပြောလိုက်၏။

'နိုင်ငံရေးသမားတွေဟာ လွတ်လပ်ရေးရပြီးရင် စစ်သားစိတ်ဖျောက်ပြီး အရပ်သားစိတ် မွေးမြူကြဖို့ အရေးကြီးတယ်' ဟု ဗိုလ်ချုပ်က ပြန်ပြော၏။

ဗိုလ်ချုပ်၏အခန်းမှာ အတော်ကျယ်၍ မျက်နှာစာ တွင် လူဝင်တံခါးကြီး သုံးပေါက်၊ လက်ယာဘက်ဘေးတွင် ဗိုလ်ချုပ်၏ အတွင်းရေး အတွင်းဝန် ဗိုလ်ထွန်းလှ၏ အခန်းသို့ကူးသော တံခါး၊ လက်ဝဲဘက်ဘေးတွင် ဝန်ကြီး များအဖွဲ့ အတွင်းဝန် ဦးရွှေဘော်၏အခန်းသို့ ကူးသော တံခါးသည်လည်းကောင်းရှိပြီးလျှင် အခန်း၏ကျောဘက်တွင် ပြတင်းပေါက်သုံးခုရှိ၏။ အခန်းတွင်း အရှေ့မြောက်ထောင့် တွင် ဗိုလ်ချုပ်၏အလုပ်စားပွဲရှိ၍ ၎င်းအခန်း၏ တောင် ဘက်နံရံတွင် ဝန်ကြီးများအစည်းအဝေးစားပွဲရှိ၏။

ဝန်ကြီးများ အစည်းအဝေးစားပွဲသည် စားပွဲရှည် သုံးခုကို ထောင့်ချိုးဂငယ်ပုံ သုံးဖက်ပိတ် တစ်ဖက်ဖွင့် ဆက်၍ထား၏။ ထိပ်စားပွဲသည် ၁၀ ပေ ခန့်ရှည်၍ သုံးပေခန့်ကျယ်၏။ ထို ထိပ်စားပွဲ၏ အစွန်းတစ်ဖက် တစ်ချက်တွင် ယှဉ်၍ ဒေါင်လိုက်ဆက်ထားသော စားပွဲများမှာ ၁၈ ပေခန့် ရှည်၍ သုံးပေခန့်ကျယ်၏။

ထိပ်စားပွဲ၏အလယ်တွင် ဗိုလ်ချုပ်ထိုင်၏။ ဗိုလ်ချုပ်၏လက်ဝဲဘက်တွင် ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်ထိုင်၏။ လက်ယာဘက်နံဘေးရှိ စားပွဲရှည် တွင် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့ တစ်ယောက်ပြီးတစ်ယောက် ယှဉ်၍ထိုင်ကြ၏။ ထိပ်စားပွဲ၏ လက်ဝဲဘက်နံဘေးရှိ စားပွဲရှည်တွင် ကျွန်တော်၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန် စော်ဘွားကြီးတို့ တစ်ယောက်ပြီးတစ်ယောက် ယှဉ်၍ ထိုင်ကြ၏။

အစည်းအဝေးသည် ချိန်းထားသည့်အတိုင်း ၁၀ နာရီမှာ အချိန်မှန်စ၏။ အစဉ်အလာအတိုင်း အရေးကြီး သောကိစ္စများ စဉ်းစားသောအခါ သက်ဆိုင်ရာဌာန အတွင်းဝန်သည် လိုအပ်က လာရောက်၍ရှင်းလင်း ပြောပြရ၏။ ထိုနေ့က ကိစ္စအချို့ စဉ်းစားပြီးသည့်နောက် ၁၀ နာရီခွဲကျော်ကျော်လောက်တွင် စဉ်းစားရန် အလှည့် ကျသဖြင့် သက်ဆိုင်ရာဌာန၏ ဒုတိယအတွင်းဝန်ဖြစ် သော အိုင်-စီ-အက်စ် ဦးအုန်းမောင်သည် အစည်းအဝေး ခန်းသို့ ရောက်ရှိလာပြီး လက်ယာဘက် စားပွဲထိပ် သခင်မြ ၏အနီး၌ ကပ်လျက်ထိုင်၏။

ဦးအုန်းမောင် ရောက်ရှိပြီး နှစ်မိနစ်၊ သုံးမိနစ်ခန့် အကြာတွင် အစည်းအဝေးခန်းမကြီး၏ မျက်နှာစာရှိ တံခါး သုံးပေါက်အနက် မြောက်ဆုံးတံခါးပေါက်ကို တွန်း၍ ဖွင့်ပြီးလျှင် စစ်ဝတ်စုံဝတ်ထားသော လူလေး ငါးယောက် သည် တော်မီဂန်း၊ စတင်းဂန်းစသည့် သေနတ်များကို ကိုင်ဆောင်၍ အစည်းအဝေးခန်းမအတွင်းသို့ ဝင်ရောက် လာကြ၏။ ထိုအခါက ကျွန်တော်သည် သူတို့ဝင်လာသည့် တံခါးကိုမျက်နှာမူ၍ ထိုင်နေသဖြင့် ဝင်လာသည့် အချိန်မှစ၍ ကောင်းစွာသတိပြုမိ၏။ ဝင်လာသူများသည် တပ်မတော်၏ အဝတ်အစားများကို ဝတ်ဆင်လာကြ သဖြင့် တပ်မတော်သားများဖြစ်သည်ဟုပင် ထင်မိ၏။ သူတို့သည် အလွန်အရေးကြီး၍ ရုတ်တရက်ဖြစ်ပေါ်သော ကိစ္စတစ်ခုခုကို ဝန်ကြီးအစည်းအဝေးသို့ အစီရင်ခံလိုသဖြင့် လာကြသည်ဟု တွေးမိ၏။ နားမလည်သေး ရိုင်းသေး သဖြင့်သာ တစ်ယောက်တည်းမလာဘဲ လူအများစု၍ လာခြင်း၊ သေနတ်များ ကိုင်ဆောင်လာခြင်းတို့ကို ပြုလုပ် ကြသည်ဟု တစ်ဆက်တည်းတွေးကာ နောက်နောင် ဝန်ကြီးအစည်းအဝေးသို့ ကိစ္စရှိ၍လာရောက်လျှင် တပ်မတော်သားတစ်ဦးသည် လက်နက်ကို အပြင်မှာ ထားခဲ့ရန်နှင့် တစ်ယောက်တည်းလာရန် အမိန့်ထုတ်ထားပါ ဟု ဗိုလ်ချုပ်အား ပြောမည်ဟူ၍ပင် စဉ်းစားမိ၏။

ဝင်လာသူ ယူနီဖောင်းဝတ် လက်နက်ကိုင်တို့သည် အစည်းအဝေးစားပွဲကြီး၏ စားပွဲသုံးခု အနီး(ဂ၊ ငယ်) ဝမ်းဗိုက်၏ အဝင်ဝသို့လာ၍ သုံးယောက်ခန့် ရှေ့နောက် စီကာ ရပ်ပြီးလျှင် ရှေ့ဆုံးမှ ဝင်လာသူသည် 'ဟိတ်' ဟု အသံကျယ်စွာ တစ်ခွန်းအော်လိုက်ပြီး ဗိုလ်ချုပ်အား တော်မီဂန်းနှင့် စ၍ပစ်၏။ ဗိုလ်ချုပ်သည် မတ်တတ်ရပ် လိုက်ကာ သေနတ်ပစ်သူတို့ဘက်သို့ လက်ကာပြပြီးလျှင် တစ်စုံတစ်ခုကို ပြောလိုက်၏။ ဘာပြောသည် ဟူ၍ကား ကျွန်တော် နားမလည်လိုက်ပေ။

ထိုသို့ပစ်လိုက်သည်နှင့်တစ်ပြိုင်နက် ပျော်ဘွယ် ဦးမြနှင့် ဦးရွှေဘော်တို့သည် ကျောဘက်ရှိ ပြတင်းပေါက်မှ ကျော်ထွက်ပြီးလျှင် ပြတင်းပေါက်အောက်ရှိ နှစ်ပေခန့် ကျယ်သော ကြမ်းပြင်စွန်းကိုကွယ်၍ ဦးရွှေဘော်၏ အခန်းသို့ ကူးပြေးကြ၏။ ကျွန်တော်သည် ထိပ်စားပွဲနှင့် အလျားလိုက်ယှဉ်ကာ ကြမ်းပေါ်တွင်မှောက်၍ အိပ်လိုက်၏။ ထိုသို့အိပ်လိုက်သောအခါ ကျွန်တော်၏ လက်ဝဲဘက်တွင်ရှိသော ဦးအောင်ဇံဝေ၏ လက်ကိုလည်း ဆွဲ၍ချလိုက်သဖြင့် ဦးအောင်ဇံဝေသည်လည်း ကျွန်တော် နှင့်အတူ အိပ်လိုက်၏။

ထိုသို့ ရန်သူ့လက်နက်နှင့် ကြုံကြိုက်သောအခါ လှဲ၍ အိပ်လိုက်ခြင်းသည် ဂျပန်ခေတ် စစ်အတွင်းက ရရှိခဲ့သော အလေ့အကျင့်အမွေဖြစ်၏။ ဗုံးကြဲလေယာဉ်ပျံ များလာသဖြင့် အာရှလူငယ်သူနာပြုအဖွဲ့များကို ဗုံးကျ ရာသို့ စေလွှတ်သောအခါ ကျွန်တော် အမြဲမှာလေ့ရှိသော နောက်ဆုံးစကားများမှာ (ဗုံးကြဲလျှင်၊ စက်သေနတ်ပစ် လျှင် အမြန်ဆုံးလှဲ၍ အိပ်လိုက်)ဟု ဖြစ်လေရာ ကိုယ်ရေး ကြုံသောအခါ လှဲ၍အိပ်ပြီး ဖြစ်နေသည်ကို သတိပြုမိ၏။ ကျွန်တော်သည် သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိံဂါထာနှင့် စမ္မက္ခန် ဂါထာများကို စစ်အတွင်းက အမြဲရွတ်လေ့ရှိသည့်အတိုင်း ထိုသို့ ကြမ်းပေါ်တွင်မှောက်၍ နေစဉ်အချိန်တွင်လည်း ရွတ်လျက်ရှိသည်ကို သတိပြုမိ၏။ ဦးအောင်ဇံဝေသည် ပစ္စည်း ခေါ် ပဋ္ဌာန်းကျမ်း၏ အကျယ်ဖြစ်သော ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိတော်ကို အနှစ်သုံးဆယ်ကျော်မျှ တစ်နေ့ မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည့်အလျောက် ကြမ်းပေါ်သို့ လှဲလိုက်သည့်အချိန်မှစ၍ ရန်သူများ ထွက်သွားသည့် အချိန်အထိ စိတ်တွင် အာရုံပြု၍ ရွတ်ကြောင်း နောက်မှ စုံစမ်းသိရှိရလေသည်။

ထိုသို့မှောက်လျက်ရှိစဉ် ကျွန်တော်၏ လက်ဝဲဘက် နံဘေးသည် ပူခနဲ ဖြစ်သွား၏။ ကျည်ဆန်တစ်ခု ဘေးသို့ ရှပ်၍ ဖောက်ဝင်သွားသည်ဟု ထင်မိ၏။ သို့သော် သေနိုင် သော နေရာမဟုတ်ဟူ၍လည်း တွေးလိုက်သေး၏။

အိမ်ပြန်ရောက်၍ ကြည့်သောအခါ ထိုသို့ ပူခနဲဖြစ် သည့်နေရာ (နံရိုးစွန်းနှင့် တင်ပါးရိုးကြား အသား) တွင် လက်သန်းဖျားခန့် မည်း၍နေသော အဝိုင်းငယ်တစ်ခုကို တွေ့ရ၏။ ထိုနေရာနှင့် တည့်တည့် သက္ကလတ်အပေါ် အင်္ကျီတွင် လက်မဝက်ခန့်ရှည်၍ မန်ကျည်းစေ့ခန့် ကျယ် သော အပေါက်ငယ်တစ်ခုကိုလည်း တွေ့ရ၏။ ထိုသို့ ကျည်ဆန်မှန်သောနေရာတွင် လုံချည်၊ ဘောင်းဘီ၊ ရှပ် အင်္ကျီ၊ ဆွယ်တာလက်ပြတ်နှစ်ခု စွပ်ကျယ်နှင့် အပေါ် အင်္ကျီပါအားလုံး ခုနစ်ထပ်ရှိသည်ကို တွေ့ရ၏။

ကျွန်တော်၏ လက်ယာဘက် လက်သူကြွယ်အဖျား တွင် တစ်ချက်ထိမှန်၏။ ကျည်ဆန်သည် လက်ဖျားမှ ဝင်ပြီးလျှင် အလယ်ဆစ်၏ဘေးမှ ထွက်၏။ လက်ဖျား ဆစ်၏ အတွင်းသားနှင့် အရိုးတစ်ပိုင်းပဲ့၍ ပါသွားသဖြင့် လက်ဖျားဆစ်တွင် စပါးစေ့တစ်ခြမ်းလောက်မျှသော အရိုးတစ်ပိုင်းနှင့် အပေါ်ရေသာ ကျန်ရစ်သည်ဖြစ်ရာ အဖူးကို နုတ်ယူထားသည့် ပြောင်းဖူးနှင့်တူ၏။

သူသတ်ယောကျ်ားတို့ကား သုံးယောက် ပြိုင်တူ ပစ်ကြ၏။ ပထမ ရပ်၍ပစ်ကြ၏။ နောက် ဒူးထောက်၍ ပစ်ကြ၏။ ကျွန်တော်နှင့် ဦးအောင်ဇံဝေတို့ကိုမူကား ကြမ်းပေါ်တွင် မှောက်လျက်ရှိသဖြင့် သေပြီထင်ပြီး မပစ်ဟန်လက္ခဏာရှိ၏။

အပစ်အခတ်ရပ်စဲပြီး သူသတ်များ ပြန်ထွက်နေစဉ် တံခါးဝလောက်အရောက်မှာ ဦးအောင်ဇံဝေသည် မှောက်နေရာမှ ထထိုင်ပြီး ဗိုလ်ချုပ်လဲနေသည့်ဘက်ကို လက်ညှိုးထိုး၍ ပြပြီးလျှင် 'သေကုန်ကြပြီ' 'သေကုန်ကြပြီ' ဟု ညည်းတွားလိုက်၏။

ကျွန်တော်က ဦးအောင်ဇံဝေအား ဆွဲ၍ လှဲလိုက် ပြီးလျှင် 'မထနဲ့ဦး ပြန်ဝင်လာရင် ခင်ဗျားကို ပစ်လိမ့်မယ်' ဟုပြော၏။ ကျွန်တော်တို့ မိနစ်ဝက်ခန့် ဆက်၍မှောက် နေကြပြီးလျှင် နှစ်ယောက်အတူ ထကြ၏။ တစ်ခန်းလုံး မီးခိုးဖြင့်မှောင်လျက် ယမ်းငွေ့တထောင်းထောင်းထလျက် ရှိ၏။ ဗိုလ်ချုပ်ကား ပက်လက်လဲလျက်ရှိ၏။

ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့သည် ဦးရွှေဘော်၏ အခန်းဘက်သို့ ကူးသွားပြီးလျှင် တယ်လီဖုန်းဆက်ရန် ကြိုးစား၏။ တယ်လီဖုန်းဆက်၍မရ၊ ပျက်နေဟန် ရှိ၏။ ကျွန်တော်၏ အခန်းသို့သွားရန် ဦးရွှေဘော်၏ အခန်း ပြင်သို့ ထွက်လိုက်ရာ ထိုအချိန်က ရန်ကုန် ပုလိပ်မင်းကြီး ဖြစ်သူ ဦးအောင်ချိန်အား အခန်းဝတွင်တွေ့၏။

'ဘာဖြစ်ကြတာလဲ' ဟု ဦးအောင်ချိန်က မေးသော အခါ 'လာလာ လိုက်သာကြည့်တော့' ဟုပြောကာ ဦးအောင်ချိန်အား ဦးရွှေဘော်၏အခန်းကိုဖြတ်၍ အစည်းအဝေးခန်းသို့ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့က ခေါ်သွား၏။ ကျွန်တော်တို့ ပြန်ဝင်သွားသော အချိန်တွင် မိုင်းပွန်စော်ဘွားကြီးသည် သွေးပေလျက်ရှိသော မေးစေ့နှင့် ပါးစပ်တစ်ခြမ်းကို လက်ယာလက်ဝါးဖြင့်အုပ်ကာ ဗိုလ်ထွန်းလှ၏အခန်းဘက်သို့ လျှောက်သွား၏။ သို့သော် ဗိုလ်ထွန်းလှထွက်လာသဖြင့် လမ်းတွင်ဆုံမိ ကြ၏။ ဗိုလ်ထွန်းလှသည် အစည်းအဝေးခန်းသို့ ဝင်လာ ပြီးလျှင် သူသတ်တို့ထွက်သွားသော တံခါးကိုပိတ်၍ ချက်ထိုးလိုက်၏။

ဦးအောင်ချိန်အား အစည်းအဝေးခန်းတွင် ထားခဲ့ပြီး လျှင် ဦးအောင်ဇံဝေနှင့် ကျွန်တော်သည် ကျွန်တော်၏ အခန်းသို့သွားကြ၏။ အခန်းသို့ရောက်လျှင် ဦးအောင်ဇံဝေ သည် ကျွန်တော့်လက်တွင် ရရှိသောဒဏ်ရာကို ကြည့်၍ ကျည်ဆန်မှာ အဆိပ်ပါမှာ စိုးရသည်။ ချက်ချင်း ဆေးထည့် ပါဟု သတိပေး၏။ ကျွန်တော်သည် ကျွန်တော်၏ အတွင်းရေး အတွင်းဝန် မောင်သန်းမြင့်အား ဆရာဝန် ခေါ်ခဲ့ရန် မှာထားပြီးလျှင် အိမ်သို့ ပြန်၏။ ကုလားဆရာဝန် တစ်ယောက်နှင့် ဗိုလ်လက်ျာ၏ညီ ဒေါက်တာလှရွှေတို့ မကြာမီရောက်လာပြီးလျှင် လက်ဖျားကို ဆေးထည့် ဂွမ်းတို့ဖြင့် ချုပ်ကြ၏။ ဒေါက်တာလှရွှေက လက်ပြာ နေတာကို သဘောမကျ။ အဆိပ်ကြောင့် ဖြစ်ချင်လျှင် ဖြစ်နိုင်သည်ဟုပြောကာ အဆိပ်ဖြေသည့် ထိုးဆေးကို အရှာခိုင်းသဖြင့် မောင်သန်းမြင့်ကို လွှတ်၍ စစ်တပ် တွင်ရှာ၏။ ထိုးဆေးရှာနေစဉ်အတွင်း ဆေးရုံကြီးကို လိုက်ခဲ့ပါ။ ဆေးရုံကြီးမှာ ကိရိယာစုံသည်ဟု ဒေါက်တာ လှရွှေက အကြံပေးသဖြင့် လိုက်သွား၏။

ဆေးရုံကြီးသို့ရောက်သောအခါ ဒေါက်တာဘသန်း နှင့် ဒေါက်တာလှရွှေတို့တိုင်ပင်ပြီးလျှင် ကုသ၍ ဖြစ်နိုင် သော နည်းမျိုးစုံဖြင့် လိုလေသေးမရှိအောင် ကုသကြ၏။ စစ်တပ်တွင်ရှာသော အဆိပ်ဖြေထိုးဆေးလည်း အလွယ် တကူပင် ရရှိလာသဖြင့် ထိုးရ၏။ ဦးဘချိုနှင့် မိုင်းပွန် စော်ဘွားကြီးတို့အား ခွဲစိတ်ကုသရန် ပြင်ဆင်လျက် ရှိကြောင်း၊ ဒဏ်ရာရသူ ကျန်ပုဂ္ဂိုလ်များမှာအားလုံး သေဆုံးကြပြီဖြစ်ကြောင်း ကျွန်တော် ဆေးရုံမှ မပြန်မီ ကြားသိခဲ့ရ၏။

ည ၈ နာရီခန့်တွင် ဒေါက်တာလှရွှေထံမှ စကား ပြောကြေးနန်းနှင့် ဝန်ကြီးများ၏ အလောင်းကို ညွှန်ကြား ချက် တစ်စုံတစ်ရာမရရှိသဖြင့် ရေခဲတိုက်သို့ မပို့ရသေးဘဲ ဆေးရုံမှာပင်ရှိသေးကြောင်း ပြောသည်။ ရေခဲတိုက်သို့ ပို့သာပို့ပါ။ ကျွန်တော် လုံးဝတာဝန်ယူပါမည်ဟု အကြောင်းပြန်ကြားလိုက်၏။

ယခုကဲ့သို့ ဗိုလ်ချုပ်နှင့်တကွ နိုင်ငံ့မျက်နှာဖုံး ခေါင်းဆောင်ကြီးများ ကျဆုံးရခြင်းမှာ မိမိ၏ စေတနာကို မိမိယုံကြည်လွန်းသောကြောင့် ဖြစ်၏။ ထိုသို့မဖြစ်မီ အချိန်တော်ကြာကပင် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများအား သတ်ဖြတ်ရန် ကြံစည်စိုင်းပြင်းလျက်ရှိကြကြောင်း အစီရင်ခံစာအမျိုးမျိုး အကြိမ်ကြိမ်ရရှိခဲ့၏။ ထိုသို့ အစီရင်ခံစာများရရှိ၍ ဆွေးနွေးကြသောအခါတွင် ဗိုလ်ချုပ်က 'ကျွန်တော်တို့လို စေတနာသန့်သန့်ရှင်းရှင်းနဲ့ အဘက်ဘက်က စင်ကြယ်တဲ့သူတွေကို သတ်မယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုသတ်ရင် တစ်နိုင်ငံလုံး က အုံကြွပြီး သူတို့ကိုကော မသတ်ဘဲ နေပါ့မလား' ဟု ပြောဖူး၏။

ဝန်ကြီးအစည်းအဝေး အခမ်းအနား စသည်တို့တွင် လက်နက်ကိုင် ပုလိပ်အစောင့်အရှောက်၊ စစ်တပ် အစောင့်အရှောက်တို့ကို ဗိုလ်ထွန်းလှက စီမံလျှင် ဗိုလ်ချုပ် သဘောမကျ။

'တို့က လူထုရဲ့ အစိုးရပါ။ လက်နက်ကိုင်အစောင့် အရှောက် မလိုပါဘူး' ဟု ပြောလေ့ရှိ၏။

မြတ်စွာဘုရားသော်မှ ဒေဝဒတ်၊ စိဉ္စမာန စသော ရန်သူများ ရှိနေသေးကြောင်းကို ပညာရှိသော်လည်း သတိဖြစ်ခဲ ဆိုသောစကားအတိုင်း ကျွန်တော်တို့ မဆင်ခြင်မိဘဲ ပေါ့ပေါ့ဆဆနေလွန်းလှသဖြင့်သာ ယခု ကဲ့သို့ ခေါင်းဆောင်ကြီးများ ရေတိမ်မှာ နစ်ကြရရှာ ပေသည်။

ဦးစော၏အကြံသည် တစ်ရက်တည်းစောသွား သဖြင့် အောင်မြင်ခဲ့သည်။ စစ်တပ်မှ ဘရင်းဂန်း အလက် ၂၀၀ ဦးစောလိမ်၍ထုတ်ကြောင်း သတင်းကို သခင်မြ တွင်လည်းကောင်း၊ ကျွန်တော့်တွင်လည်းကောင်း အခိုင် အလုံရရှိထားကြပြီးဖြစ်၍ ထိုနေ့ ဝန်ကြီးများ အစည်း အဝေးနောက်ပိုင်း အထွေထွေခန်းတွင် ဦးစောအား ဖမ်းရန် ညွှန်ကြားဖို့ ဆုံးဖြတ်ဖွယ်ရှိ၏။

ဦးစောနှင့် အပေါင်းပါတို့သည် ဗိုလ်ချုပ်အောင်ဆန်း နှင့် နိုင်ငံ့မျက်နှာဖုံး အခြားခေါင်းဆောင်ကြီးများအား သတ်လိုက်ခြင်းဖြင့် ထိုပုဂ္ဂိုလ်များအားသာ သေစေ သည်မဟုတ်၊ နိုင်ငံတစ်ခုလုံးကိုပင် သေစေသည် မည်၏။

**ကံကောင်းသူ ဝန်ကြီးများ**

ထိုနေ့ အစည်းအဝေးတွင် မတက်ရောက်သဖြင့် ကံကောင်းသော ဝန်ကြီးများမှာ ဦးကျော်ငြိမ်း၊ ဆမား ဒူးဝါး၊ စောစံဘိုးသင်နှင့် ဦးဝမ်ကိုဟော တို့ ဖြစ်ကြ၏။ ထိုအခါက ပြည်ထဲရေးဌာနဝန်ကြီးဖြစ်သော ဦးကျော်ငြိမ်း မှာ အင်္ဂလန်သို့ သွားနေခိုက်ဖြစ်၍ ပြည်ထဲရေးဌာနကို ပျော်ဘွယ်ဦးမြက အုပ်ချုပ်လျက်ရှိ၏။ ကျန်ဝန်ကြီး သုံးဦး မှာ နယ်သို့ရောက်ရှိ ခရီးလွန်နေ၍ အစည်းအဝေး မတက်ဖြစ်ဟု သိရ၏။

**ဦးဗဂျမ်း**
**(သတိုးမဟာသရေစည်)**
**ဗ-လ-စ-ဌာနချုပ်-ဥက္ကဋ္ဌ**

# မမေ့နိုင်သောနေ့တစ်နေ့



## လက်ပံတန်းခင်ဇော်

စာရေးသူသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် မွေးဖွားခဲ့ပါသည်။ စာရေးသူမွေးဖွားပြီး ငါးလခန့်အကြာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကိုးဦး ကျဆုံးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးသည့်နေ့က တစ်တိုင်းတစ်ပြည်လုံး ဝမ်းနည်းပူဆွေးတိတ်ဆိတ်နေကြောင်း စာရေးသူကြီးပြင်းလာသောအခါ မိဘနှစ်ပါးပြောပြ၍ သိခဲ့ရပါသည်။ ဗိုလ်ချုပ်တို့ကျဆုံးပြီးနောက် ကိုးလကြာသည်အထိ ရန်ကုန်မြို့ ဂျူဗလီဟောတွင် အများသူငါ ဂါရဝပြုနိုင်ရန်ထားရှိရာ စာရေးသူတို့မိဘများသည်လည်း သားသမီးများကို ကားဖြင့် နေ့ချင်းပြန်ခေါ်ကာ သွားရောက်ဂါရဝပြုခဲ့ကြောင်းကိုလည်း မိခင်ကြီးက ပြန်လည်ပြောပြခဲ့၍ သိခဲ့ရပါသည်။

ကျောင်းနေသောအရွယ်သို့ ရောက်သောအခါ ကျောင်းမှ ဆရာ ဆရာမများ၊ နောင်တော်ကျောင်းသားကြီးများပြောပြချက်များအရလည်းကောင်း၊ အာဇာနည်နေ့ဟောပြောပွဲများကို တက်ရောက်နားထောင်ခဲ့ရခြင်းဖြင့်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်ပုံ၊ ရဲရင့်သတ္တိရှိပုံ၊ အများအတွက်ကိုယ်ကျိုးစွန့် အနစ်နာခံပုံတို့ကို သိရှိလာရပါသည်။ အထက်တန်းကျောင်းသားအရွယ်ရောက်လာသောအခါ စာပေများကိုဖတ်ရှုပြီး ဗိုလ်ချုပ်၏ ဘဝခရီးတိုလေးအတွင်း စွန့်စားလုပ်ကိုင်ပုံတို့ကို အားကျလာခဲ့ပါသည်။

ထို့နောက် စာရေးသူအရွယ်ရောက်၍ ရန်ကုန်တက္ကသိုလ်တွင် သိပ္ပံဘွဲ့ရရှိပြီးနောက် တိုင်းပြည်အပေါ် ချစ်စိတ်၊ စွန့်စားလိုစိတ်နှင့် အကျိုးပြုလိုစိတ်တို့ဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ဝင်ရောက်ကာ အပတ်စဉ်(၈) သူရတပ်ခွဲတွင် ဒု-ရဲအုပ်လောင်းအဖြစ် တက်ရောက်ခဲ့ပါသည်။ သင်တန်းဆင်းပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် အလုပ်သင်ဒု-ရဲအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ်တွင် ဒု-ရဲအုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မဲဇလီကုန်းဒေသသည်လည်း အထင်ကရ ကျောင်းသားခေါင်းဆောင်ဗိုလ်အောင်ကျော် မွေးဖွားရာဇာတိဖြစ်သည်။

မဲဇလီကုန်းတွင် တာဝန်ကျစဉ် အလှူတစ်ခုမှဖိတ်သဖြင့် သွားရောက်ခဲ့ပါသည်။ အလှူကို အနီးဝန်းကျင်ရှိ ရွာများမှလူများလာသဖြင့် အတော်စည်ကားသည်။ အလှူပွဲပြီးချိန် စကားဝိုင်းဖွဲ့ပြောကြစဉ် လက်သမားဆရာကြီး ဦးညိုမြဆိုသူနှင့် သိကျွမ်းခဲ့သည်။ ၎င်းသည် ထိုအချိန်က အသက် ၆၀ ဝန်းကျင်ရှိပြီဖြစ်ကာ အသားညိုညိုဖြင့် အရွယ်နှင့်မလိုက်အောင် သန်စွမ်းကျန်းမာကာ အရပ်အမောင်းမှာ ငါးပေရှစ်လက်မခန့်ရှိမည်ဖြစ်သည်။ စာရေးသူတို့ဝိုင်းဖွဲ့၍ ရောက်တတ်ရာရာ ပြောဆိုကြချိန်တွင် မိုးကလည်း တဖွဲဖွဲရွာသွန်းနေသည်။ ဦးညိုမြက မိုးရွာနေသောကောင်းကင်ကို တစ်ချက်မော့ကြည့်ရင်း-

"အခုလို မိုးဖွဲဖွဲရွာနေတဲ့အချိန် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးတဲ့နေ့ကို အမှတ်ရတယ်ဗျာ"ဟု ပြောသည်။ စာရေးသူက ထိုအကြောင်းကို စိတ်ဝင်တစားရှိသည့်အလျောက် ၎င်း၏ဗိုလ်ချုပ်တို့ကျဆုံးသည့်နေ့ ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်ပြောင်းပြောပြဖို့တောင်းဆိုခဲ့ရာ အနီးရှိလူများကပါ စိတ်ဝင်တစားဖြင့်ပြောပြဖို့ တိုက်တွန်းကြသည်။

"အဲဒီအချိန်ကကျွန်တော့် အသက်က (၂၂) နှစ်လောက်ရှိပြီ။ ရန်ကုန်ကိုတက်လာပြီး(ယခင် စပတ်လမ်း) ယခု ဗိုလ်အောင်ကျော်လမ်းမှာ လက်သမားအလုပ်သင်ရင်း အလုပ်လုပ်နေတာပေါ့။ အလုပ်လုပ်တဲ့နေရာက (ယခင် မောင်ဂိုမာရီလမ်း) ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့(ယခင် ဖရေဇာလမ်း) ယခု အနော်ရထာလမ်းအကြားမှာရှိတယ်။

"အဲဒီနေ့က တစ်မနက်လုံးမိုးတွေအုံ့ပြီး တဖွဲဖွဲရွာနေတယ်။ နံနက် ၁၀ နာရီခွဲလောက်ရှိလိမ့်မယ်။ ဒီအချိန်မှာ သေနတ်သံလိုလို အသံတွေ ဆက်တိုက်ကြားလိုက်ရတယ်။ သို့သော်ကြားရတဲ့အသံက ခပ်အုပ်အုပ်ပဲ။ ဒါနဲ့ ခဏနားထောင်ပြီး ကိုယ့်အလုပ်ပဲဆက်လုပ်နေတယ်။ သိပ်မကြာခင် လူတချို့အတွင်းဝန်ရုံးဘက်ကို ခပ်သုတ်သုတ်ပြေးသွားကြတာ တွေ့လိုက်တယ်။ ခဏအကြာ လူတချို့ပြန်ထွက်လာရင်း ဗိုလ်ချုပ်တို့လုပ်ကြံခံရလို့ လို့ပြောပြီး ဝမ်းပန်းတနည်း ငိုလာကြတယ်။

"တစ်ခဏချင်းပဲ လူအုပ်ကြီးတွေ အတွင်းဝန်ရုံးဘက်ကို ရောက်လာကြတယ်။ ကျွန်တော်လည်း လုပ်လက်စအလုပ်ကိုရပ်ပြီး ဆောက်ကိုခါးကြားထိုး၊ ဘောင်းဘီတိုနဲ့ လူအုပ်ထဲရောပြီး လိုက်သွားတယ်။ အတွင်းဝန်ရုံးရှေ့ရောက်တော့ လူတွေကတော်တော်များနေပြီ။ ခဏအကြာ ကားတွေပြန်ထွက်လာပြီး အရှိန်ပြင်းပြင်းနဲ့ အနော်ရထာလမ်းအတိုင်း ဆေးရုံကြီးဘက်ကို မောင်းသွားကြတယ်။

"ကျွန်တော်လည်း လူအုပ်နဲ့ရောပြီး ရန်ကုန်ဆေးရုံကြီးဘက်ကို ရောက်သွားချိန်မှာတော့ မွန်းလွဲတစ်နာရီလောက်ရှိလိမ့်မယ်။ ကျွန်တော့်တစ်သက်တာမှာ တစ်ခါမှ မတွေ့ဖူးသေးတဲ့ လူပင်လယ်ကြီးကို တွေ့လိုက်ရတယ်။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အပါအဝင် အာဇာနည်တွေရဲ့ မိသားစုဝင်တွေရောက်လာတာတွေ့တယ်။ ဒီမြင်ကွင်းကိုမြင်တော့ ရေခဲတိုက်နားမှာရှိနေတဲ့ လူတချို့က ဗိုလ်ချုပ်မသေဘူးဟေ့လို့ အော်ကြတယ်။ တစ်ဆင့်ပြီးတစ်ဆင့် လူတွေအားလုံးနီးပါးက ဒို့ဗိုလ်ချုပ်မသေဘူးဟေ့လို့ ဝိုင်းအော်ကြတယ်။ ဒီလိုပြောသံကြားရတော့ ဝမ်းသာသွားတာပေါ့။ ကျွန်တော်လည်း ဝမ်းသာမျက်ရည်ကျမိတယ်။

"ဒီအချိန် ဒေါ်ခင်ကြည်က အနီးကရှိတဲ့လူတွေကို လက်ပြနှုတ်ဆက်ပြီး ကားနဲ့ပြန်ထွက်သွားတော့ ဒို့ဗိုလ်ချုပ်မသေဘူးဟေ့ဆိုပြီး အားရဝမ်းသာနဲ့ ဝိုင်းအော်ကြပြန်တယ်။ ဒါပေမယ့် မကြာခင်မှာပဲ ဗိုလ်ချုပ်တို့ တကယ်ကျဆုံးသွားတယ်လို့ ရင်ခွဲရုံဘက်ကအသံတွေ ထွက်လာတယ်။ ဒီအခါမှလူအားလုံးက အားကိုးရာမဲ့ပြီဆိုပြီး ပူဆွေးသောကနဲ့ ထပ်ပြီးငိုကြတာပေါ့။

"နောက်မှသိခဲ့ရတာက ဗိုလ်ချုပ်ကတော်နဲ့ပါလာတဲ့ လူကြီးတွေက ဒေါ်ခင်ကြည်ကို အစ်မ ဗိုလ်ချုပ်သေပြီဆိုပြီး မငိုပြလိုက်ပါနဲ့ အခုရှိနေကြတဲ့ ပြည်သူတွေကို ထိန်းလို့ရမှာမဟုတ်ဘူးဆိုလို့ ဗိုလ်ချုပ်ကတော်က ရေခဲတိုက်က အထွက်မှာ မျက်ရည်မကျအောင်ထိန်းပြီး ထွက်လာခဲ့တယ်ဆိုတာ သိခဲ့ရတယ်။

"ကျွန်တော်တို့က ဗိုလ်ချုပ်ကတော်ရဲ့ စိတ်ထိန်းနိုင်မှုတွေ၊ တည်ငြိမ်ပုံတွေ၊ ဒေါသထွက်နေတဲ့ လူထုကိုထိန်းသွားနိုင်တာတွေကြည့်ပြီး ချီးကျူးလို့မဆုံးဘူးပေါ့" ဟု ပြောကာ ၎င်း၏ကိုယ်တွေ့ဖြစ်ရပ်ကို အဆုံးသတ်လိုက်သည်။ နားထောင်နေသူအားလုံးကလည်း စုတ်တသပ်သပ်ဖြင့် ရှိနေခဲ့ကြသည်။

ယခုအချိန်တွင် စာရေးသူသည် အသက် (၇၀) အရွယ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သို့သော် ဦးညိုမြက ဗိုလ်ချုပ်တို့ ကျဆုံးခဲ့ရသည့်ထိုနေ့ကို ကိုယ်တိုင်ကြုံတွေ့ခံစားပြောပြခဲ့သည့် စကားသံများကို ကြားယောင်မိသည်။ ယင်းအဖြစ်အပျက်တို့ကား မိမိကိုယ်တိုင် မျက်ဝါးထင်ထင်မြင်တွေ့ရသကဲ့သို့ ခံစားမိရင်း ယနေ့ထက်တိုင် မမေ့နိုင်ခဲ့တော့ နောင်အသက်ရှင်နေသရွေ့ ကာလပတ်လုံး၌လည်း ဘယ်တော့မှ မေ့ပျောက်သွားမည်မဟုတ်ပါကြောင်း။ ။



# ဇူလိုင်ဆယ့်ကိုးမှသည်

* အဖြစ်အပျက်
ကျဉ်တက်သည်းဖျား၊ တုန်ခါသွားအောင်
အမှားပြစ်ဖွဲ့၊ လုပ်ကြံခဲ့သည်
နယ်ချဲ့မိန့်ခံ လက်ပါးစေ။

* လက်ပါးစေများ
အမှားကြီးမှား၊ အမှားလွန်ခဲ့
နယ်ချဲ့စေရာ၊ အာဏာယစ်မူး
လွန်ကျူးကြမ်းကြုတ်၊ နလုံးပုပ်ကြောင့်
ဗိုလ်ချုပ်ဖခင် သေပွဲဝင်။

* သူ့ကျွန်ဘဝ
ရုန်းထနိုင်ရေး၊ ထိုထိုရေးနှင့်
ရဲသွေးကိုင်ဆုပ်၊ နောက်မဆုတ်သို့
ဗိုလ်ချုပ်စွမ်းရည်၊ ကမ္ဘာတည်တိုင်
ပြည်သူ့ရင်ထဲ၊ စွဲထင်မြဲ။

* မှတ်တမ်းစစ်ထုတ်
ဗိုလ်ချုပ်မိန့်ခွန်း၊ မိန့်ခွန်းတွေလည်း
အခြေမပြောင်း၊ ဘယ်မဟောင်းနိုင်
ကောင်းစွာမြဲမြံ နာခံမြဲ။

* မှတ်တမ်းစစ်ထုတ်
ဗိုလ်ချုပ်လမ်းစဉ်၊ ပြည်သူ့ရင်၌
စွဲထင်ကျင့်သုံး၊ မြတ်နှလုံးနှင့်
ချစ်ထုံးဖွဲ့နှောင် တည်နေမြဲ။

* မှတ်တမ်းစစ်ထုတ်
ဗိုလ်ချုပ်ချစ်သူ၊ များပြည်သူတို့
ဇူလိုင်ဆယ့်ကိုး၊ မျက်ရည်မိုးနှင့်
အမျိုးဘာသာ၊ သာသနာအတွက်
မြန်မာတို့ဘုန်း၊ ကမ္ဘာဖုံးအောင်
စည်းလုံးမပျက် နေမြဲပါ။

* အော်. . .အကာကိုပစ်
အနှစ်ကိုရှာ၊ ခုချိန်ခါဝယ်
အာဇာနည်ထုံး၊ မဆိတ်သုဉ်းဖို့
ကျင့်သုံးချမှတ်၊ ကောင်းမြတ်လမ်းစဉ်
အသွင်လုလု၊ မူကျကျနှင့်
မြန်မာ့မြေပေါ်၊ ပြုံးအပျော်နှင့်
လူတော်သမုတ်၊ လူချစ်ရပ်နှင့်
ဗိုလ်ချုပ်စွမ်းစ ဖော်ဆောင်ပြ
သူငါအများ ကျင့်သုံးကြ။

ဖိုလေးလုံးသောင်းကိုကို



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွက် မော်တော်ယာဉ်သုံးစီး လှူဒါန်းပွဲသို့တက်ရောက်

**ရန်ကုန် ဇူလိုင် ၁၈**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွက် အသုံးပြုရန် ဂျပန်နိုင်ငံ Sumitomo Corporation Asia & Oceania Pte Ltd. က အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်တန်ဖိုးရှိ မော်တော်ယာဉ် သုံးစီး လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

လှူဒါန်းပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး Sumitomo Corporation Asia & Oceania Pte. Ltd. မှ CEO Mr.Masao Sekiuchi နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Higuchi တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း သဘာပတိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မော်တော်ယာဉ်များ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က CEO Mr. Masao Sekiuchi အား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Sumitomo Corporation Asia & Oceania Pte. Ltd. က လှူဒါန်းသည့် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်အား လှည့်လည်ကြည့်ရှုသည်။

ယနေ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက် အတွက် Sumitomo Corporation Asia & Oceania Pte. Ltd. က လှူဒါန်းသည့် မော်တော်ယာဉ်များသည် တစ်စီးလျှင် အမေရိကန်ဒေါ်လာ ခုနစ်သောင်းခန့် တန်ဖိုးရှိကြောင်း၊ ယခင် ၂၀၁၃ ခုနှစ်ကလည်း ဟီးနိုးကုမ္ပဏီအနေဖြင့် ရွေ့လျားစာကြည့်တိုက်အတွက် မော်တော်ယာဉ်နှစ်စီး လှူဒါန်းခဲ့ကြောင်း သိရသည်။




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ပြည်သူလူထု စာဖတ်အားမြင့်တက်လာစေရန် ရည်ရွယ်ပြီး ရွေ့လျားစာကြည့်တိုက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထားရှိရေး စီစဉ်ဆောင်ရွက်နေပြီး လက်ရှိတွင် မြို့ကြီး ငါးမြို့၌ မော်တော်ယာဉ်ရှစ်စီးဖြင့် ရွေ့လျားစာကြည့်တိုက် လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်းပြီး စာကြည့်တိုက်လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် သဘောတူလက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **(သတင်းစဉ်)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန် ရွေ့လျားစာကြည့်တိုက်များ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်

**ရန်ကုန် ဇူလိုင် ၁၈**

လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ရွေ့လျားစာကြည့်တိုက်များကို ထပ်မံ၍ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ယနေ့ညနေပိုင်းတွင် ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ စာဖတ်အားတွေတက်လာအောင် ရည်ရွယ်ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက (Truck) ကားတွေနဲ့ ရွေ့လျားစာကြည့်တိုက်အဖြစ် ဖွင့်လှစ်ဆောင်ရွက်နေတယ်။ လောလောဆယ်အနေနဲ့ကတော့ တစ်နိုင်ငံလုံးမှာ ငါးနေရာဖွင့်နိုင်ပါပြီ။ အထူးသဖြင့် ကျောင်းသား လူငယ်တွေနဲ့ သွားလာရခက်တဲ့ဒေသတွေက ပြည်သူတွေ စာဖတ်အားကောင်းလာအောင် ရည်ရွယ်ပြီးဆောင်ရွက်နေတာပါ။ နောက်ထပ်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဖွင့်လှစ်သွားနိုင်ဖို့ စီစဉ်နေပါတယ်"ဟု ဒေါက်တာသန့်သော်ကောင်းက ပြောကြားသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ဟီးနိုးကုမ္ပဏီက လှူဒါန်းခဲ့သည့် ရွေ့လျားစာကြည့်တိုက် (HINO TRUCK) ယာဉ် နှစ်စီး




ဖြင့် ကော့မှူးမြို့တွင် ရွေ့လျားစာကြည့်တိုက် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ကော့မှူးမြို့အပြင် နေပြည်တော်၊ ကလော၊ နတ်မောက်နှင့် မြောင်းမြမြို့တို့တွင်လည်း ရွေ့လျားစာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ လက်ရှိကာလတွင် စာအုပ်ပေါင်း ခြောက်သောင်းခွဲကျော်ရှိပြီး စာဖတ်သူအသင်းဝင် လေးသောင်းခွဲကျော်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အချိန် ၁၄ ရက်ကြာ ခရီးစဉ်ဆွဲထားတယ်။ သတ်မှတ်ရက်ထဲမှာ လမ်းမှာရှိတဲ့ နေရာနှစ်နေရာကနေ သုံးနေရာအထိရပ်ပြီး ဆောင်ရွက်သွားမှာပါ။ ကျောင်းတွေ၊ စာကြည့်တိုက်တွေမှာ အဓိကထားပြီး ရပ်ပေးမယ်။ နောက်ဆုံးထွက်စာအုပ်တွေနဲ့ ကလေးတွေ တကယ်ဖတ်မယ့်စာအုပ်တွေကို အဖွဲ့အစည်းနဲ့ သေချာ ရွေးချယ်ပြီး ဆောင်ရွက်နေတဲ့အတွက် ဒီစနစ်က အောင်မြင်နေပါတယ်။ ပြည်တွင်း၊ ပြည်ပ အလှူရှင်တွေကလည်း ဝိုင်းဝန်းပံ့ပိုးပေးနေကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုအခါ အဆိုပါဖောင်ဒေးရှင်းတွင် ရွေ့လျားစာကြည့်တိုက် (HINO TRUCK) ယာဉ် ငါးစီးဖြင့် ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၁၈ ရက် ညနေပိုင်းတွင် Sumitomo Corporation Asia & Oceania Pte. Ltd. (ရန်ကုန်ရုံးခွဲ)က ရွေ့လျားစာကြည့်တိုက် (HINO TRUCK) မော်တော်ယာဉ်သုံးစီးကို ထပ်မံလှူဒါန်းခဲ့သည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ "မြန်မာပြည်သူပြည်သားတွေ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေဖို့ ရွေ့လျားစာကြည့်တိုက်တွေကို လှူဒါန်းရခြင်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်တုန်းကလည်း ပထမအကြိမ်အဖြစ် ရွေ့လျားစာကြည့်တိုက် (HINO) နှစ်စီး လှူဒါန်းခဲ့ပါတယ်။ အခုကတော့ ဒုတိယအကြိမ်အဖြစ် နောက်ထပ် သုံးစီး လှူဒါန်းတာပါ။ တန်ဖိုးအနေနဲ့ကတော့ တစ်စီးကို အမေရိကန်ဒေါ်လာ ခုနစ်သောင်းတန်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ စာဖတ်အားကောင်းလာဖို့ ရည်ရွယ်ပြီး လှူဒါန်းရခြင်းဖြစ်ပါတယ်။ နောက်ထပ်လည်း လှူဒါန်းသွားဖို့ရှိပါတယ်"ဟု အဆိုပါကုမ္ပဏီမှ အထွေထွေမန်နေဂျာ NAKAGAWA Katsuji က ပြောသည်။

ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ရာတွင် ကျောင်းနှင့် စာကြည့်တိုက်ငယ်များတွင် အဓိကထား ဖွင့်လှစ်ပေးထား၍ စာအုပ်များကို ငှားရမ်းပေးလျက်ရှိသည့်အပြင် အချိန်အခက်အခဲပေါ်မူတည်၍ အခြားစာကြည့်တိုက်လေးများနှင့် ကျောင်းစာကြည့်တိုက်များကိုလည်း စာအုပ်များကို ပုံးများဖြင့် ထည့်၍ ပို့ဆောင်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ရွေ့လျားစာကြည့်တိုက် ၂၅ နေရာ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အမြန်ဆုံးတိုးချဲ့ဆောင်ရွက်သွားနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်နေကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)၊မင်းသစ်(သတင်းစဉ်)**

**❂ ကျောဖုံးမှ**

အောင်မြင်မှု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ The Junior Open Championship ပြိုင်ပွဲကို နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အားကစားသမား ၁၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အောင်ပွဲရ မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့သည် ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ **(ဖိုးသော်ဇင်)**

## ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတိုးချဲ့

**ရွှေတောင် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး(အနောက်) ရွှေတောင်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုစနစ်တိုးတက်ကောင်းမွန်ရေးနှင့် တိုးတက်သုံးစွဲလာမည့် ဓာတ်အားသုံးစွဲသူအား လျှပ်စစ်ဓာတ်အားနိုင်နင်းစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရွှေတောင်မြို့နယ် တွင်းယားကြီးကျေးရွာအုပ်စုတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆ ကေဗွီလိုင်း ၂၀ မိုင်နှင့် ၁၁ ကေဗွီလိုင်း ၃၄ ဒသမ ၅ မိုင်တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် မကြာမီကာလအတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၄၃)**

## မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီများဖွဲ့စည်း

**သထုံ ဇူလိုင် ၁၈**

နိုင်ငံတော်မှမတည်သော အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သထုံမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ သုံးရွာတွင် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ဖွဲ့စည်းမှုကို ဇူလိုင်လ ဒုတိယပတ်အတွင်း မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် စာရင်းဇယားနှင့်ပတ်သက်ပြီး တိကျရန်လိုအပ် မမှန်ကန်သော စာရင်းများကို အကောင်အထည်ဖော်ပါက အောင်မြင်မှုရရှိနိုင်မည်မဟုတ်



**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေတိုရေရှည် စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဘေးအန္တရာယ်ကျရောက်ပါက လိုအပ်သည်များကို ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကို ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံကို ဩဂုတ်လတွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်းဝင်နိုင်ငံများတွင် ပါဝင်နေပါကြောင်း၊ ထိုအဆင့်မှ လွတ်မြောက်နိုင်ရန် ပြည်သူများနှင့် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး တစိုက်မတ်မတ် တက်ညီလက်ညီ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က မိုးရွာသွန်းမှုအခြေအနေ၊ မြစ်ချောင်းများတည်ရှိမှု၊ မြစ်ရေကြီးမှုမှတ်တမ်းနှင့် ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက မြစ်ချောင်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို လည်းကောင်း၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးက စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် သနပ်ပင်၊ ကဝမြို့နယ်တို့မှ ကျေးရွာသုံးရွာအား ပြောင်းရွှေ့နေရာချထားမှုတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးက သဘာဝဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့ပေးခဲ့မှုများကို လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးက တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထောက်ပံ့ပေးမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်မျိုးတို့က ဝန်ကြီးဌာနအလိုက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် လယ်ယာမြေများကို သက်ဆိုင်သူများ၏ လက်ဝယ်သို့ ရောက်ရှိရေးသည်လည်း ကဏ္ဍသစ်တစ်ရပ်အနေဖြင့် ပါဝင်နေသဖြင့် ဌာနဆိုင်ရာများမှ အသုံးမပြုပါက ပြန်လည်စွန့်လွှတ်သွားကြရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရာတွင် စာရင်းဇယားနှင့်ပတ်သက်ပြီး တိကျရန် လိုအပ်ပါကြောင်း၊ မမှန်ကန်သော စာရင်းများကို အကောင်အထည်ဖော်ပါက အောင်မြင်မှုရရှိနိုင်မည်မဟုတ်ပါကြောင်း၊ စာရင်းဇယားမှန်ကန်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် ဧပြီမှ ဇူလိုင် ၁၇ ရက်အထိ သဘာဝဘေးဖြစ်ပွားမှုအတွက် ငွေကျပ် သိန်း ၁၇၀၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပဲခူးမြစ်၊ မဇင်းချောင်းနှင့် ခေါင်းဆေးကျွန်းချောင်းတို့အား ပဲခူးမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန်နှင့် ရေစီးဆင်းမှုကောင်းမွန်ရန်အတွက် ပြန်လည်တူးဖော်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မဇင်းရေလှောင်တမံသို့ရောက်ရှိပြီး ဆည်အတွင်း ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ရာသို့ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ဆွေက နန်းတော်တည်ဆောက်ခဲ့မှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် နန်းတော်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နန်းတော်ရာရှိ မြန်မာနိုင်ငံ၏ ခေတ်(၃)ခေတ်ပြခန်း၊ ပလ္လင်တော်၊ မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းသုတေသနပြခန်းတို့ကို လိုက်လံကြည့်ရှုသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သနပ်ပင် ပဲခူး-စစ်တောင်းတူးမြောင်း ပြုပြင်ထိန်းသိမ်းထားမှု၊ ကဝမြို့နယ် ကမာစဲစက်လှေဆိပ်နှင့် အုန်းနဲ-ဝဲပရက် တူးမြောင်းတို့ကို ကြည့်ရှုသည်။

**(သတင်းစဉ်)**

# အရာထမ်း၊ အမှုထမ်းများ စိတ်ကူးစိတ်သန်းများဖြင့် ပူးပေါင်းဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များနှင့် အရာထမ်း၊ အမှုထမ်းများ၏ စိတ်ကူးစိတ်သန်းများဖြင့် စုပေါင်း၍ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုအေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ တစ်ဦးတစ်ယောက်ချင်းစီဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မိမိတို့၏ စိတ်ကူးစိတ်သန်းများကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ အကြံပြုရေးသားပေးပို့ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ မီတာ ၂၀၀ တာဝါနှင့် လွှင့်စက်ခန်းတွင် ရုပ်မြင်သံကြားနှင့် FM ရေဒီယိုထုတ်လွှင့်နေမှုများနှင့် ၉ မီတာ ဂြိုဟ်တုမြေပြင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် တိုးချဲ့ဆိုင်သစ်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စာပေဗိမာန်စာအုပ်ဆိုင် တိုးချဲ့ဆိုင်သစ်ဖွင့်ပွဲကို နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည့် ဇူလိုင် ၂၉ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1) ၌ ယနေ့နံနက် ၈ နာရီမှစ၍ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အမျိုးသားပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၁၈-၂၅)၊ (၁၅-၂၂)၊ (၁၆-၂၅)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၁၆-၂၅)၊ (၁၆-၂၅)၊ (၁၄-၂၅)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက (၂၀-၂၅)၊ (၁၆-၂၅)၊ (၁၉-၂၅)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက (၂၅-၁၀)၊ (၂၅-၁၆)၊ (၂၅-၁၉)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၂၂-၂၅)၊ (၁၀-၂၅)၊ (၁၈-၂၅)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းအမျိုးသမီးပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၂၅-၁၇)၊ (၂၅-၇)၊ (၂၂-၁၅)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက (၂၅-၂၃)၊ (၂၅-၁၆)၊ (၂၅-၁၃)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက (၂၅-၂၁)၊ (၂၅-၁၅)၊ (၂၅-၁၈)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်ဘော်လီဘောပြိုင်ပွဲများကို ဇူလိုင် ၁၉ ရက်တွင်လည်း နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1) ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြင်ဆင်ရေးဆွဲရာတွင် NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များပါဝင်မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံတွင် တက်ရောက်နိုင်မည့်နည်းလမ်းဖြစ်ဟု DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်ဆို

**ရန်ကုန် ဇူလိုင် ၁၈**

"လာမည့် ဩဂုတ်လဆန်းတွင် ဆောင်ရွက်မည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြင်ဆင်ရေးဆွဲသည့် Framework Review တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA)လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပါဝင်လာနိုင်မည့် နည်းလမ်းဖြစ်သည်" ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်က ပြောကြားလိုက်သည်။



DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် ပြုလုပ်သည့် UNFC ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လာရောက်တွေ့ဆုံသည့်ခရီးစဉ်၊ DPN ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြို ပြင်ဆင်ရေးကော်မတီတွေ့ဆုံသည့်ခရီးစဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ခူဦးရယ်က "ကျွန်တော်တို့ အစိုးရကိုယ်စားလှယ်နဲ့ တွေ့ဆုံတာမှာ ကျွန်တော်တို့ UNFC ကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ကို ကိုယ်စားပြုတယ်။ ဇူလိုင် ၂၀ ရက်နေ့ ချင်းမိုင်မှာ ကျွန်တော်တို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြို ပြင်ဆင်ရေးကော်မတီက လာရောက်တွေ့ဆုံဆွေးနွေးမယ်။ အဲဒါကတော့ နိုင်ငံရေးမူဘောင်ဆိုင်ရာ ဆွေးနွေးသုံးသပ်မှုတွေ မလုပ်ခင် အကျေအလည်ဆွေးနွေးပြီး ဘယ်လို ပုံစံသွားမလဲ၊ Framework ကို ဘယ်လိုပါဝင်မလဲဆိုတာ ဆွေးနွေးဖို့ပါ။ အသေးစိတ်ကတော့ ဆုံတဲ့နေ့မှာ ထပ်ဆွေးနွေးပါမယ်။ Framework မပြီးရင်၊ အချောမသတ်နိုင်ရင် ကျွန်တော်တို့မျှော်လင့်တဲ့ ညီလာခံဖြစ်ဖို့ အကြောင်းမရှိပါဘူး။ နိုင်ငံရေးမူဘောင်ဆိုင်ရာ ဆွေးနွေးသုံးသပ်မှုတွေမှာ မလွဲမသွေပါဖို့လိုမှာပါ။ ရှင်းရှင်းပြောရရင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံဖြစ်မြောက်ဖို့ဆိုတာ Framework ပေါ်မှာ အများကြီးမူတည်ပါတယ်" ဟု ပြောသည်။

ယခင် အစိုးရလက်ထက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် Political Framework ရေးဆွဲစဉ်က NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မပါဝင်ကြောင်း၊ Framework သည် NCA စာချုပ်တွင် ပါဝင်သည့် ပုဒ်မပြဋ္ဌာန်းချက် လမ်းပြမြေပုံ ခုနစ်ချက်အရ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရာတွင် မပါဝင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပါဝင်ဖို့ လိုအပ်ကြောင်းကို အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ခူဦးရယ်က "ဒါကြောင့် ဩဂုတ်လ ပထမပတ် အစောပိုင်းမှာ Review လုပ်ဖို့ ကျွန်တော်တို့ကို ဖိတ်စာပို့ထားတာရှိပါတယ်။ ဒါကြောင့် ဒီကိစ္စကို ကျွန်တော်တို့အနေနဲ့ တရားဝင်သဘောတရားတစ်ခုခု သို့တည်းမဟုတ် အခြေခံနားလည်မှုတစ်ခုခု ရယူထားဖို့ လိုတယ်လို့ ကျွန်တော်တို့ဘက်က သုံးသပ်ပါတယ်။ အစိုးရအဖွဲ့နိုင်ငံရေးမူဘောင်ဆိုင်ရာသုံးသပ်ချက်တွေမှာ ကျွန်တော်ပါဝင်မယ်။ Review သုံးသပ်ချက်တွေပြန်လုပ်ပြီး အဲဒီကနေမှ သဘောတူညီမှုယူပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အတူတကွသွားဖို့ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်"ဟု ဆိုသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC)ကိုယ်စားလှယ်များအနေဖြင့် NCA လက်မှတ်မထိုးထားသေးသည့် အဖွဲ့များတွင် မတူညီသည့် ပုံစံများရှိနေပြီး အစိုးရနှင့် ပြည်နယ်အဆင့်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး bilateral agreement သဘောတူထားသော အဖွဲ့အစည်း၊ အစိုးရနှင့် သဘောတူညီမှုရယူထားခြင်းမရှိသော အဖွဲ့အစည်း၊ မြေပြင်တွင် တပ်မတော်နှင့် ထိတွေ့မှုဖြစ်ပွားနေသော အဖွဲ့အစည်းများ ရှိနေသောကြောင့် (၂၁)ရာစုပင်လုံတွင်ပါဝင်ရာ၌ လေ့လာသူ၊ တင်းပြည့်ကျပ်ပြည့် ပါဝင်ခွင့်ရှိသူစသည့် မည်သည့်အခြေအနေဖြင့် ပါဝင်ရမည်ဆိုသည့် ဆွေးနွေးအဖြေရှာရန် အစိုးရကိုယ်စားလှယ်များအား မေတ္တာရပ်ခံထားကြောင်း သိရသည်။

ခူဦးရယ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်ရှိတွေ့ကြုံနေသည့်အခက်အခဲများနှင့်ပတ်သက်၍ "ကျွန်တော်တို့ရဲ့ အခက်အခဲကိုလည်းပဲ အစိုးရဘက်က ကိုယ်စားလှယ်တွေ နားလည် သဘောပေါက်တယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အစိုးရကိုယ်စားလှယ်တွေကို တိုက်တွန်းတာကတော့ တွေ့ဆုံဆွေးနွေးခြင်း တစ်ခါမျှ မပြုလုပ်ရသေးတဲ့အဖွဲ့တွေကို တွေ့ဆုံဖို့လိုသလို နောက် မြေပြင်မှာထိတွေ့မှုဖြစ်နေတဲ့ အဖွဲ့သုံးဖွဲ့နဲ့ကတော့ ဆက်စပ်ဆောင်ရွက်မှုတွေ ရှိနေလောက်ပြီလို့ ယေဘုယျနားလည်ထားပါတယ်။ ထိတွေ့မှုဖြစ်နေတာက ဖြစ်နေတာပဲ။ ဒါပေမယ့် ဒါတွေရပ်တန့်သွားအောင် ညှိနှိုင်းဆောင်ရွက်ဖို့တော့ လိုမယ်လို့ အကြိမ်ကြိမ်မေတ္တာရပ်ခံပါတယ်။ ဒီကိစ္စကိုလည်းပဲ တပ်မတော်နဲ့ အစိုးရအဖွဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေလိမ့်မယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်"ဟု ဆိုသည်။

ယင်းက ဆက်လက်၍ "ရှိခဲ့တဲ့အတွေ့အကြုံနဲ့ သင်ခန်းစာကိုယူပြီး မိုင်ဂျာယန်မှာ အကောင်းဆုံး ဆွေးနွေးမှာပါ။ ရှိခဲ့တဲ့ အတွေ့အကြုံကို သင်ခန်းစာမယူဘူးဆိုရင် ကျွန်တော်တို့အပြစ်ပါပဲ"ဟု ပြောသည်။

ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ မိုင်ဂျာယန်တွင် ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ညီလာခံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တက်ရောက်နိုင်ရေးအတွက် အကြိုညှိနှိုင်းမည်ဖြစ်ပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်ရယူမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

# အသက်(၈၅)နှစ်အထက် အဘိုးအဘွားများအား ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့ကြီးမှူး၍ ပထမအကြိမ် အသက်(၈၅)နှစ်အထက် အဘိုးအဘွား ၁၀ ဦးအား ပူဇော်ကန်တော့ခြင်းနှင့် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရှင်နှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

"သက်ကြီးအဘိုးအဘွား ၁၀ ဦးကိုတော့ တစ်ဦးကို ငွေကျပ် ငါးသောင်းနဲ့ အဘိုးအဘွား အသုံးအဆောင်ပစ္စည်းတွေ လှူဒါန်းကြပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ရှစ်ဦးကိုလည်း တစ်ဘာသာကို ငွေကျပ် တစ်သောင်းနဲ့ ဂုဏ်ပြုတံဆိပ် ချီးမြှင့်ကြကာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး ရှိပါတယ်"ဟု ယင်းအခမ်းအနား တာဝန်ခံ ရပ်မိရပ်ဖတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **ဝင်းမင်း**

# လသာနှင့် လမ်းမတော်မြို့နယ်တို့တွင် လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူလူထုနှင့်တွေ့ဆုံ နေ့စဉ်ကြုံတွေ့နေရသည့်အခက်အခဲများ ဖြေရှင်းပေးရန်စီစဉ်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့လယ်ရှိ လသာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူလူထု၏ နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများကို ပြည်သူလူထု၏ ကိုယ်စားလှယ်များအဖြစ် တတ်စွမ်းသမျှ ကူညီဖြေရှင်းပေးနိုင်ရန် ဇူလိုင် ဒုတိယပတ်အတွင်း လသာမြို့နယ်ရှိ ပြည်သူများထံ စစ်တမ်းမေးခွန်းလွှာများ လာရောက်ပေးပို့သည်ဟု (၁) ရပ်ကွက် ၁၇ လမ်း(မြေညီ)နေ ဦးသက်လွင်က ဆိုသည်။

အဆိုပါမေးခွန်းလွှာစစ်တမ်းကို ဖြေဆိုရန်ဆန္ဒရှိသူ မည်သူမဆို မိမိတို့၏အဖြေများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဖေ့ဘွတ်ခ် massage box မှ လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း မေ ၈ ရက်မှ ဇူလိုင် ၂၂ ရက်အတွင်း မြို့နယ်ရုံးသို့ ပေးပို့နိုင်သည်ဟု သိရသည်။

ပြည်သူလူထုမှ ဖြေကြားပေးခဲ့သည့် အဖြေများကို လွှတ်တော်ကိုယ်စားလှယ်များက လေ့လာဆန်းစစ်ပြီး လွှတ်တော်များတွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့အပြင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး၍သော်လည်းကောင်း၊ ပြည်သူလူထု၏ ရေတို၊ ရေရှည်အကျိုးအတွက် မြို့နယ်ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဝေငှသော စာရွက်တွင်ပါရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဖေ့ဘွတ်ခ် massage box၊ အီးမေးလ်၊ ဖုန်းနံပါတ်များကိုပါ ပူးတွဲဖော်ပြထားသည်။

ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ယာဉ်ပိတ်ဆို့မှုလျော့ပါးရေး၊ နောက်ဖေးလမ်းကြားအပါအဝင် လမ်းများပေါ်တွင် သန့်ရှင်းမှုရှိရေးကို အဓိကထားဆောင်ရွက်ပေးစေလိုသည်ဟု စစ်တမ်းကောက်ယူသည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များအား ပြောကြားခဲ့သည်ဟု သိရသည်။

လမ်းမတော်မြို့နယ်တွင်လည်း ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် အလက(၁)ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်တွင်းနေ ပြည်သူများတွေ့ဆုံပွဲ ကျင်းပခဲ့သည်ဟု (၄) ရပ်ကွက်မှ တက်ရောက်ခဲ့သည့် ကိုသန့်စင်က ဆိုသည်။

လမ်းမတော်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်အနက် ရပ်ကွက်အချို့မှ ပြည်သူများက လမ်းမီးများပျက်နေမှု၊ ရေဆိုးရေညစ်၊ စွန့်ပစ်မိလ္လာကိစ္စ၊ လမ်းသစ်ရိပ်သာနှင့် ဗဟိုစည်အိမ်ရာဝင်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို တင်ပြခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခြင်း၊ မှတ်သားထားခြင်းများ ရှိသည်ဟု သိရသည်။

ပြည်သူတို့၏ နေ့စဉ်တွေ့ကြုံခံစားနေရဆဲဖြစ်သော အခက်အခဲများကို သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူများက မဲပေးရွေးချယ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများနှင့် ထိတွေ့ဖြေရှင်းပေးရန် စီစဉ်ပေးမှုအပေါ် မြို့နယ်အတွင်း နေထိုင်သူများအနေဖြင့် မိမိတို့မြို့နယ်မှ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆက်သွယ်နိုင်ရန် လသာမြို့နယ်ကဲ့သို့ စစ်တမ်းမေးခွန်းလွှာများ မြို့နယ်အတွင်းနေထိုင်သူများထံ မြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်လာရောက်ပေးပို့ခြင်း၊ အဖြေလွှာများ ရယူခြင်းမျိုးကို အခြားမြို့နယ်များတွင်ပါ ပြုလုပ်ပေးနိုင်လျှင် ပြည်သူများအကြား မိမိတို့ရွေးချယ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် အမြဲထိတွေ့နိုင်သကဲ့သို့ ဖြစ်လာမည်ဖြစ်သည်။

**(မောင်စေအောင်)**

# မင်းတပ်မြို့နယ် ချီချောင်းရေအားလျှပ်စစ်စက်ရုံတွင် စုပေါင်းလုပ်အားပေး

**မင်းတပ် ဇူလိုင် ၁၈**

မင်းတပ်ခရိုင် မင်းတပ်မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးသော ချီချောင်းရေအားလျှပ်စစ်စက်ရုံတွင် ရေသွယ်မြောင်းနှင့် ရေလှောင်တမံအတွင်း မိုးရွာသွန်း၍ နုန်းမြေများ၊ အမှိုက်သရိုက်များပိတ်ဆို့မှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်နေသဖြင့် ရက် ၁၀၀ အတွင်း ပြည်သူကိုဝန်ဆောင်မှုပေးသော လုပ်ငန်းအဖြစ် ဇူလိုင် ၁၆ ရက်က မင်းတပ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဌေးလွင် ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများက နုန်းမြေများတူးဖော်ခြင်း၊ ချုံနွယ်ပေါင်းပင်များ၊ ကျောက်တုံးများ၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်အားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လွှင့်အားနိမ့် တာတိုလွှင့်ဖမ်းစက်များအတွက် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များအား ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လွှင့်အားနိမ့် တာတိုလွှင့်ဖမ်းစက် (Short Range Device) များအတွက် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ (Technical Specifications)အား ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ယင်းသတ်မှတ်ချက်နှင့် အကျုံးဝင်သော ဆက်သွယ်ရေးပစ္စည်းများအသုံးပြုခြင်း၊ တင်သွင်းခြင်းများနှင့်စပ်လျဉ်း၍ ဤဦးစီးဌာန၏ ထောက်ခံခွင့်ပြုချက်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်းနှင့် အဆိုပါသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.motc.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ငါးနှစ် နိုင်ငံခြားပို့ကုန် (၃)ဆမြှင့်တင်ရေးစီမံကိန်းတွင် ပဲ၊ နှမ်းကဏ္ဍ ဒုတိယပို့ကုန်စာရင်းဝင်

**ရန်ကုန် ဇူလိုင် ၁၈**

ရေနံ၊ သဘာဝဓာတ်ငွေ့ပို့ကုန်ပြီးလျှင် နိုင်ငံတော်စျေးကွက်စီးပွားရေးကဏ္ဍတွင် အရေးကြီးသည့် ဒုတိယမြောက်ပို့ကုန်ဖြစ်လာမည်ဖြစ်သည့် ပဲ၊ နှမ်းကဏ္ဍသည် ငါးနှစ်နိုင်ငံခြားပို့ကုန် သုံးဆမြှင့်တင်ရေးစီမံကိန်းတွင် ပို့ကုန်စာရင်းဝင်၍ အောင်မြင်ရမည်ဖြစ်ပြီး ပဲ၊ နှမ်းစိုက်တောင်သူများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် စိုက်ပျိုးမြေနေရာများ ပိုမိုရရှိနိုင်မှု၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများပံ့ပိုးမှု၊ စိုက်ပျိုးရေးအသင်းအဖွဲ့၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုများဖြင့်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ လည်းကောင်း၊ ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်အကောင်အထည်ဖော်လျှင် အောင်မြင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

အထက်အညာဒေသအချို့တွင် မိုးများစွာရွာသွန်းခဲ့မှုများကြောင့် နှမ်းခင်းများပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုအချိန်တွင် နှမ်းသစ်များမပေါ်သေးသော်လည်း အမြဲတမ်း မြန်မာ့နှမ်းကို စျေးကောင်းပေး၍ဝယ်ယူသည့် ဂျပန်၊ ကိုရီးယားနိုင်ငံများရှိနေသဖြင့် နှမ်းစိုက်တောင်သူများအနေဖြင့် ပြန်လည်ထူထောင် ကြိုးစားစိုက်ပျိုးနေပြီဖြစ်သည်ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း UMFCCI တွင် ကျင်းပသည့် ပဲ၊ နှမ်းအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ပြောကြားသည်။

ဆီထွက်သီးနှံကဏ္ဍအနေဖြင့်ပြောရလျှင် မြေပဲဆန်သည် ပြည်တွင်းစားသုံးမှုအတွက်လည်းလိုအပ်၍ ပိုလျှံလျှင် တရုတ်ပြည်သို့ရောင်းချရပြီး ပဲစိုက်ပျိုးမှုကဏ္ဍအနေဖြင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံသည် ပဲအဓိကစားသုံးသည့်နိုင်ငံဖြစ်၍ ပြည်တွင်းတွင် ပဲစိုက်သော်လည်း စားသုံးမှုနှင့်လိုအပ်ချက်မလောက်သဖြင့် လွန်ခဲ့သည့် အနှစ် ၂၀ မှစ၍ မြန်မာပဲ၏ ၈၀ ရာခိုင်နှုန်းကို အများဆုံးဝယ်ယူသည့်ဖောက်သည်နိုင်ငံဖြစ်သည်။ ဒုတိယအများဆုံးရောင်းချရသည့် နိုင်ငံများအဖြစ် အာဆီယံနိုင်ငံများ၊ ဂျပန်၊ ထိုင်ဝမ်နှင့် တရုတ်တို့ကိုရောင်းချရ၍ ယခုအခါ EU နိုင်ငံများကိုပါ စျေးကွက်ချဲ့ထွင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြန်မာပြည်၏ ပဲစိုက်ပျိုးထုတ်လုပ်မှုတွင် အိန္ဒိယနိုင်ငံမှ အမြဲတမ်းလိုအပ်သည့် မတ်ပဲ၊ ပဲစင်းငုံတို့ကို ယခုနှစ် ပဲပေါ်စကတည်းက ပြည်တွင်းတွင် စျေးကောင်းနေကြောင်းနှင့် ယခင်နှစ်က မတ်ပဲ၊ ပဲစင်းငုံ တစ်တန် ရှစ်သိန်းခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် တစ်တန် ၁၄ သိန်း၊ မတ်ပဲ ၁၈ သိန်း (ယခုစျေးအနည်းငယ်ကျ မတ်ပဲ ၁၇သိန်း ၉သောင်း၊ ပဲစင်းငုံ ၁၅ သိန်းမှ ယခု ၁၄ သိန်း ၃ သောင်း)ဝန်းကျင် စျေးများရှိကြောင်း သိရသည်။ ထိုကဲ့သို့ စျေးအနည်းငယ်ကျဆင်းခဲ့ရခြင်းမှာလည်း အိန္ဒိယတွင် မုတ်သုံရာသီဝင်ရောက်ခဲ့ပြီဖြစ်သဖြင့် ၎င်းတို့၏ပဲစိုက်ပျိုးမှုမြေဧကများနှင့် စိုက်ပျိုးမှုအချိန်ကာလ(September crop)တို့ကို ချိန်ဆ၍ မြန်မာပဲကို ဝယ်ယူနေရခြင်းကြောင့်ဖြစ်သည်ဟု(Information) သတင်းအရ သိရသည်။

ယခုနှစ် ပဲရာသီတွင် ပဲတီစိမ်းစျေးမကောင်းရခြင်းမှာ အယ်နီညိုရာသီဥတုဖောက်ပြန်မှုကြောင့် ပဲများတွင် အဝါဖောက်၍ အရည်အသွေးကျဆင်းပြီး အချိန် ၆၀ တစ်အိတ်လျှင် ကျပ်တစ်သိန်းတစ်သောင်းရှစ်ထောင်မှ ယခုအခါ တစ်သိန်းငါးထောင်ပတ်ဝန်းကျင် ပြန်လည်ကျဆင်းခဲ့သော်လည်း အမြဲတမ်းဝယ်လက်ဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ဥရောပနိုင်ငံများမှ မှန်မှန်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် နိုင်ငံခြားပို့ကုန်ကဏ္ဍ၌ ဆန်စပါးပြီးလျှင် အာရှတိုက်တွင် ပဲမျိုးစုံတင်ပို့ရောင်းချနိုင်ပြီး ကမ္ဘာပေါ်တွင် ကနေဒါနိုင်ငံပြီးလျှင် ပဲအများဆုံး တင်ပို့ရောင်းချနိုင်သည့်နိုင်ငံဟုသိရ၍ ပဲနှမ်းအသင်း၏ Annual Report အရ အသင်းသူ အသင်းသားများ၏ ၂၀၁၃-၁၄ ခုနှစ်တွင် နိုင်ငံခြားသို့ ပဲတင်ပို့ရောင်းချမှုသည် ၂ ဒသမ ၉၆၉ တန်၊ ရရှိငွေ အမေရိကန်ဒေါ်လာ ၉၄၈ ဒသမ ၆ သန်းနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၄၉၇ တန်၊ အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရရှိခဲ့သည်ဟု သိရသည်။ **(သန်းဦးလှိုင်)**



## သဲကုန်းကြီးချောင်းတာပေါင်ကျိုးပေါက်၍ သဲအိတ်ချ၊ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်

**သဲကုန်း ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဇူလိုင် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲကုန်းမြို့နယ် ရဲ့ရဲ့ကန်ကျေးရွာအုပ်စုအတွင်းရှိ သဲကုန်းကြီးချောင်း တာပေါင်ကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အရှည် ပေ ၁၅၀၊ အမြင့် ၈ ပေ၊ အကျယ် ၆ ပေရှိ သဲအိတ်ချစီ၊ မြေဖို့ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဲကုန်းကြီးချောင်း တာကျိုးပေါက်မှုအား သဲအိတ်ချစီ၊ မြေဖို့ခြင်းဆောင်ရွက်ထားရှိမှုကြောင့် ပတ်ဝန်းကျင်ရှိ လယ်မြေဧက ၁၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## လှော်ကားဥယျာဉ်တွင် မျောက်ကောင်ရေ ပေါက်ပွားနှုန်း ထိန်းချုပ်ရန် ထိုင်းပညာရှင်များဖြင့် ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၁၈**

လှော်ကားဥယျာဉ်တွင် မျောက်ကောင်ရေ များလာသောကြောင့် အခြားတိရစ္ဆာန်များဖြစ်သည့် ဆတ်၊ သမင်၊ ဂျီ၊ ဒရယ်၊ တောဝက်များနှင့် မြန်မာနိုင်ငံအတွက် အလွန်ရှားပါးသောဒေါင်းစိမ်းများ၏ ရေရှည်အသက်ရှင်သန်နိုင်ရေးနှင့် မျိုးဆက်ပွံ့ပွားနိုင်ရေးကိုပါ ခြိမ်းခြောက်လာနေသောကြောင့် မျောက်သားဖွားနှုန်း ထိန်းချုပ်နိုင်ရန် ထိုင်းပညာရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှော်ကားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းစိုးက ပြောသည်။

ဥယျာဉ်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များအနက် မျောက်စပ်များသည် အသိဉာဏ်မြင့်မားပြီး ပါးနပ်သောတိရစ္ဆာန်မျိုးစိတ်တစ်ခုဖြစ်ကာ ဥယျာဉ်အတွင်းသို့ လာရောက်လည်ပတ်သူများ၏ ထိန်းချုပ်မှုကင်းမဲ့သော အစာကျွေးမှုများပြားလာခြင်းကြောင့် အလွန်အမင်းကောင်ရေများပြားလာခြင်းဖြစ်ကာ မျောက်များ၏ မူလဓလေ့စရိုက်ဖြစ်သည့် တောအတွင်းနေထိုင်ရှာဖွေစားသောက်သည့် အလေ့အထများပင် ပျောက်ကွယ်လာနေကြောင်း သိရသည်။

“မျောက်တွေက တစ်နှစ်ကို နှစ်သားနဲ့ တစ်ဗိုက်ဖြစ်နေတော့ သားဖွားနှုန်းကများလာတယ်။ လှော်ကားသဘာဝဥယျာဉ်ရဲ့ ဂေဟစနစ်ဟာ မျောက်တွေကြောင့် ပျက်သုဉ်းလာရမယ့်အရေးကို မြင်တွေ့နေရပါတယ်။ ဒါကြောင့် ထိန်းချုပ်နိုင်အောင် ထိုင်းပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ကိုင်သွားဖို့ရှိပါတယ်”ဟု ၎င်းက ပြောသည်။

မျောက်အကောင်ရေများလာသောကြောင့် ဥယျာဉ်အတွင်းရှိ ခရုတုတ်များ၊ ဌာနေငှက်များနှင့် ရေပျော်ငှက်များ၏ မျိုးသုဉ်းပျောက်ကွယ်နိုင်မှုကိုပါ စိမ်ခေါ်လျက်ရှိကာ လှော်ကားဥယျာဉ် ရေရှည်တည်တံ့စေရေး၊ မျောက်အကောင်ရေအလွန်အမင်းမပွားများစေရေး၊ ကျန်ရှိသောတောရိုင်းတိရစ္ဆာန်များ မျိုးဆက်မပျက်သုဉ်းစေရေးအတွက် လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများကလည်း ဥယျာဉ်မှသတ်မှတ်ထားသောရှောင်ရန်၊ ဆောင်ရန် (Dos and Don:ts)များကို တိကျသေချာစွာလိုက်နာရန်လိုအပ်ကြောင်း ၎င်းက ထပ်မံပြောသည်။

“ပြည်သူတွေအနေနဲ့လည်း မျောက်ကိစ္စနဲ့ပတ်သက်လို့ အကြံဉာဏ်ပေးနိုင်အောင် ဥယျာဉ်အတွင်းမှာ အကြံပေးစာတိုက်ပုံး(SuggestionBoxes)တွေ ထားရှိပေးထားလို့ အကြံဉာဏ်ပြုစာ ရေးသားထည့်သွင်းနိုင်ပါတယ်။ လှော်ကားဥယျာဉ်ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် မပျက်စီးမဆုံးရှုံးစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးဖို့တောင်းဆိုပါတယ်”ဟု ၎င်းက ထပ်မံပြောသည်။

လှော်ကားဥယျာဉ်ကို ပြည်သူအများ အပန်းဖြေခြင်း၊ ဇဟုသုတနှင့် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်လိုသော အသိပညာများ တိုးတက်ရရှိလာစေရန် ရည်ရွယ်ကာ ၁၉၈၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစတင်၍ အများပြည်သူလေ့လာနိုင်ရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရဲဝင်း)**

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်(ရွှေစျေး) - ၈၃၄၀၀၀ - ၈၃၄၀၀၀၊ မန္တလေး(ရွှေစျေး) ၈၃၃၅၀၀ - ၈၃၃၅၀၀

| စက်သုံးဆီစျေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၆၀ ကျပ်၊ | ၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၀ ကျပ်

**၁၁-၇-၂၀၁၆ ရက်နေ့မှ ၁၅-၇-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းစျေးမှာ အောက်တိန်း 92 တစ်လီတာ ၄၆၇ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၉၉ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များရောင်းစျေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ စျေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၀၁. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၅. ၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၆၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၃၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၁၃. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၅၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၃. ၁၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၃. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကနီမြို့တွင် အခြေခံပညာကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ကနီ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ၄ုက်ဖျားတိုက်ဖျက်ရေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာပြည်သူများမှ ကျောင်းများအား ခြင်ဆေးဖျန်းခြင်း၊ မှုတ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ



ဇူလိုင် ၁၄ ရက်က မြို့ပေါ်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်များတွင် သောက်သုံးရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကာ ကျောင်းဆောင်များအား ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုအချိန်တွင် ကျောင်းသားသူငယ်များနှင့် ကလေးများတွင် သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားလာနိုင်သည့် ရာသီအကူးအပြောင်းကာလတွင် ကြိုတင်ကာကွယ်ခြင်းများနှင့် အခြားကျန်းမာရေးစစ်ဆေးခြင်းများကို ကျေးရွာများတွင်လည်း အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်နေကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန်းဌေးအောင်(ကနီ)**

■

# အာဏာသိမ်းမှုတွင်ပါဝင်သူ လူ ၆၀၀၀ ကျော် တူရကီအစိုးရဖမ်းဆီးထား



**အစ္စတန်ဘူလ် ဇူလိုင် ၁၈**
တူရကီအစိုးရက အစိုးရအဖွဲ့နှင့် တပ်မတော်အတွင်း အစိုးရကို ဆန့်ကျင်ဘက် သဘောထားရှိသူများကို သုတ်သင်ရှင်းလင်းရန် ကြိုးပမ်းလျက်ရှိသည်။

လွန်ခဲ့သည့်သောကြာနေ့က ဖြစ်ပွားခဲ့သည့် အာဏာသိမ်းမှုတွင် အမိန့်ပေးကွပ်ကဲသည့် စစ်ဘက်အရာရှိများအပါအဝင် သံသယရှိသူ ၆၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟု တူရကီအာဏာပိုင်များက ပြောကြားသည်။

အာဏာသိမ်းအဖွဲ့တစ်ဖွဲ့က တူရကီနိုင်ငံ၏ အကြီးဆုံးမြို့နှစ်မြို့ဖြစ်သည့် အစ္စတန်ဘူလ်နှင့် အန်ကာရာမြို့များတွင် လွန်ခဲ့သည့်သောကြာနေ့ညက စစ်ဘက်ဆိုင်ရာ သံချပ်ကာတင့်ကားများနှင့် ရဟတ်ယာဉ်များဖြန့်ကြက်ချထားခဲ့ပြီးနောက် ၁၂ နာရီအကြာတွင် နှိမ်နင်းခံခဲ့ရသည်။

အာဏာသိမ်းရန်ကြိုးပမ်းမှုအတွင်း အပြန်အလှန်ပစ်ခတ်ကြရာ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအပါအဝင် ၁၉၄ ဦးသေဆုံးပြီး ၁၀၄ ဦးမှာ အာဏာသိမ်းရန် ကြိုးပမ်းသူများဖြစ်သည်ဟု တူရကီအစိုးရက ပြောကြားသည်။

စုံစမ်းစစ်ဆေးရေးတာဝန်ရှိသူများသည် အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ပတ်သက်၍ လူ ၆၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားပြီး အာဏာသိမ်းခေါင်းဆောင် လေတပ်တပ်မှူးဟောင်းတစ်ဦးအပါအဝင် ဆီးရီးယားနယ်စပ်နှင့် နိုင်ငံအရှေ့ပိုင်းဒေသများတွင် ကွပ်ကဲနေသည့် ကြည်းတပ်တပ်မှူးနှစ်ဦးပါဝင်သည်ဟု တရားရေးဝန်ကြီး ဘီကီရာဘိုဇ်ဒက်ကပြောကြားသည်။

တူရကီအစိုးရက အာဏာသိမ်းအဖွဲ့ကို အမေရိကန်နိုင်ငံအခြေစိုက် အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖတ်ဟူလာ ဂူလန်က နောက်ကွယ်မှကြိုးကိုင်စီစဉ်ခဲ့ခြင်းဖြစ်မည်ဟု ယူဆခဲ့ပြီး ၎င်းအား တူရကီနိုင်ငံသို့ လွှဲပြောင်းပေးရန် အမေရိကန်နိုင်ငံအား တိုက်တွန်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် သီရိလင်္ကာနှင့် စင်ကာပူ ဆွေးနွေးမှုစတင်

**စင်ကာပူ ဇူလိုင် ၁၈**
သီရိလင်္ကာနှင့် စင်ကာပူနိုင်ငံတို့သည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့အရ လွတ်လပ်သောကုန်သွယ်မှု ပြုလုပ်နိုင်စေရန်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်စေရန်လည်းကောင်း ဆွေးနွေးမှုများ စတင်ပြုလုပ်ပြီဖြစ်ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများ ချဲ့ထွင်နိုင်ရေးတို့အတွက် သီရိလင်္ကာနိုင်ငံက ကြိုးပမ်းအားထုတ်လျက်ရှိရာ စင်ကာပူကုမ္ပဏီများအနေဖြင့် သီရိလင်္ကာနိုင်ငံတွင် မိတ်ဖက်ပြု ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိနေပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနေကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး အက်စ်အစ္စဝါရန်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

မရေရာသော စီးပွားရေးဝန်းကျင်အနေအထား ရှိနေသော်လည်း သီရိလင်္ကာနိုင်ငံသည် စင်ကာပူ ကုမ္ပဏီများအား ဈေးကွက်သစ်များ၌ ပါဝင်ဆောင်ရွက်စေနိုင်မည့် အခွင့်အလမ်းသစ်များကို ပေးစွမ်းလျက်ရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ သီရိလင်္ကာနိုင်ငံသည် လွန်ခဲ့သည့်နှစ်က စင်ကာပူနိုင်ငံ၏ ၃၉ ခုမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်ကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၅၂ ဘီလီယံ)ရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

သီရိလင်္ကာဝန်ကြီးချုပ် ရာနီးလ် ဝီကရီဆင်းဟာသည် ဝန်ကြီးချုပ်လီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည်။

ဝီကရီဆင်းဟာသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ဝန်ကြီးချုပ် ရာထူးတာဝန် စတင်ထမ်းဆောင်ခဲ့ချိန်နောက်ပိုင်း ပထမဆုံးအကြိမ် တရားဝင်ခရီးစဉ်အဖြစ် စင်ကာပူသို့ ရောက်ရှိနေသည်။

**ရိုက်တာ။**



# ရုရှားထံမှ S-300 ဒုံးကျည်ကာကွယ်ရေးစနစ်အချို့ အီရန်လက်ခံရရှိ

**ဒူဘိုင်း ဇူလိုင် ၁၈**
ရုရှားနိုင်ငံက အီရန်နိုင်ငံသို့ S-300 မြေပြင် ဝေဟင်ခွင်း ဒုံးကျည်ကာကွယ်ရေးစနစ်အချို့ လွှဲအပ်လိုက်ရာ ယခုနှစ်အကုန်တွင် တီဟီရန်သို့ အဆိုပါဒုံးကျည်ကာကွယ်ရေးစနစ်ပါ အစိတ်အပိုင်းအားလုံး လွှဲအပ်မှုပြီးစီးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း တက်စ်နင်သတင်းဌာနက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြသည်။



S-300 ဒုံးကျည်ကာကွယ်ရေးစနစ် ပထမဆုံးအကြိမ် ပို့ဆောင်မှုမှာ မကြာသေးမီက အီရန်နိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ယင်းမှာ လေကြောင်းကာကွယ်ရေးကဏ္ဍတွင် ထိုစနစ်တပ်ဆင်ရန် အီရန်နိုင်ငံ၏စိတ်ပိုင်းဖြတ်ထားမှုကို ပြသနေကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့နှင့် နီးကပ်မှုရှိသော အဆိုပါသတင်းဌာနက ဆိုသည်။ အီရန်နိုင်ငံသို့ S-300 ဒုံးကျည်ကာကွယ်ရေးစနစ် ထောက်ပံ့ရန် ရုရှားနိုင်ငံ၏သဘောတူညီမှုက အစ္စရေးနိုင်ငံ၌ စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၀ ခုနှစ်အတွင်း အီရန်နိုင်ငံသို့ S-300 ဒုံးကျည်ကာကွယ်ရေးစနစ်များ လွှဲအပ်မည့် သဘောတူစာချုပ်တစ်ရပ်မှာ အနောက်အုပ်စု၏ဖိအားကြောင့် ပျက်ပြယ်ခဲ့ရကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း နျူသဘောတူညီချက်အပြည့်အဝရရှိစေရန် လမ်းခင်းပေးသည့်ကြားဖြတ် သဘောတူညီချက်တစ်ရပ်ရရှိပြီးနောက် ယင်းနှစ် ဧပြီလအတွင်း ၎င်းကိုယ်တိုင်ချမှတ်ထားသော ပိတ်ဆို့မှုကို သမ္မတ ဗလာဒီမာပူတင်က ရုပ်သိမ်းခဲ့သည်။ ရုရှားနိုင်ငံသည် ပြီးခဲ့သောဧပြီလအတွင်းက အီရန်နိုင်ငံသို့ ဒုံးကျည်များနှင့် ရေဒါကိရိယာများပါဝင်သည့် ပထမအသုတ် S-300 ဒုံးကျည်ကာကွယ်ရေးအစိတ်အပိုင်းများ လွှဲအပ်ခဲ့သည်။

**ရိုက်တာ။**

# တူရကီနိုင်ငံ တရားဥပဒေစိုးမိုးရေး ကာကွယ်စောင့်ရှောက်ရန် အီးယူသတိပေး

**ဘရပ်ဆယ် ဇူလိုင် ၁၈**
တူရကီနိုင်ငံသည် တရားဥပဒေစိုးမိုးရေးကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ဖက်ဒရေကာ မိုဂါရီနီက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ မအောင်မြင်သော အာဏာသိမ်းပွဲအပြီး အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်ခဲ့သူများအား သိမ်းကျုံးဖမ်းဆီးမှုများ ပြုလုပ်နေချိန်တွင် မိုဂါရီနီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာဏာသိမ်းရန် ကြံစည်အားထုတ်သူများကို အရေးယူနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာရန် အီးယူနိုင်ငံရေးသမားများက တိုက်တွန်းထားကြသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ကျင်းပသည့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်သည့် မိုဂါရီနီက တူရကီနိုင်ငံ၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ သတင်းထောက်များအား မှတ်ချက်ပေး ပြောကြားခဲ့သည်။

တူရကီနိုင်ငံ၌ ဒီမိုကရေစီနှင့် တရားဝင်ထူထောင်ထားသော အဖွဲ့အစည်းများအားလုံးကို အစိုးရအဖွဲ့က အကာအကွယ်ပေးရန် လိုအပ်သည်ဆို၏။

ထိုစဉ်အတွင်း ဂျာမနီအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တူရကီနိုင်ငံနှင့် ပတ်သက်၍ မှတ်ချက်ပေး ပြောကြားခဲ့သည်။

တူရကီနိုင်ငံ၌ သေဒဏ်အမိန့်ချမှတ်သည့် တရားစီရင်ရေးစနစ်ကို ပြန်လည်ကျင့်သုံးမည်ဆိုပါက ဥရောပသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် တူရကီပါဝင်ခွင့်ရှိမည်မဟုတ်ကြောင်း ဂျာမန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ စတီဗင်ဆီးဝက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**

# တိဗက်လေကြောင်းလိုင်း နိုင်ငံတကာခရီးစဉ် စတင်ပျံသန်း

**ချန်ဒူး ဇူလိုင် ၁၈**
တရုတ်နိုင်ငံရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော တိဗက်ဒေသ၏ ပထမဆုံးသော လေကြောင်းကုမ္ပဏီဖြစ်သည့် တိဗက်လေကြောင်းလိုင်းသည် ပထမဆုံးသော နိုင်ငံတကာလေကြောင်း ခရီးစဉ်အဖြစ် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချန်ဒူးမြို့မှ ထိုင်းနိုင်ငံ ဆာမွေကျွန်းသို့ ခရီးစဉ်စတင်ပျံသန်းပြီဖြစ်ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

တိဗက်လေကြောင်း၏ အဲဘတ်စ်-၃၁၉ အမျိုးအစား လေယာဉ်သည် ချန်ဒူးနှင့် ထိုင်းနိုင်ငံ ဆာမွေကျွန်းအကြား တစ်ပတ်လျှင် အသွားအပြန်ခရီးစဉ် သုံးကြိမ် ပျံသန်းမည်ဖြစ်သည်။ လမ်းကြောင်းတစ်ခုစီ၏ ခရီးစဉ်ပျံသန်းချိန်မှာ သုံးနာရီခွဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ဒေသများနှင့် ချန်ဒူးမြို့တို့မှ ပြည်သူများသည် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် ထိပ်တန်းဦးစားပေး အပန်းဖြေနေရာအဖြစ် ထိုင်းနိုင်ငံသို့ အလည်အပတ်သွားရောက်မှု တိုးမြင့်လာခြင်းကြောင့် တိဗက်လေကြောင်းက ထိုင်းနိုင်ငံသို့ ခရီးစဉ်ပျံသန်းခြင်းဖြစ်သည်။


ချန်ဒူးမြို့မှ ထိုင်းနိုင်ငံသို့ နေ့စဉ်ပျံသန်းသည့် လေကြောင်းခရီးစဉ်ပေါင်းမှာ ကိုးခုရှိပြီး ရက်သတ္တတစ်ပတ်လျှင် ခရီးသည် ၁၁၀၀၀ အထိ ပို့ဆောင်ပေးနိုင်သည်။

တိဗက်လေကြောင်းလိုင်းကို ၂၀၁၁ ခုနှစ်တွင် ထူထောင်ခဲ့ပြီး တရုတ်နိုင်ငံ၏ အဓိကမြို့ကြီးများသို့ ပျံသန်းပေးလျက်ရှိသည်။

**ဆင်ဟွာ။**



# ပေါ့ဘာကိုခေါ်ဖို့ ဘာကြောင့်ရီးယဲလ်မက်ဒရစ် လက်လျှော့ခဲ့တာလဲ



ဂျူဗင်တပ်ကွင်းလယ်လူ ပေါလ်ပေါ့ဘာဟာ လက်ရှိအချိန်မှာ အသင်းဟောင်း မန်ယူကိုပြောင်းဖို့ အနီးဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ပေါ့ဘာဟာ ဒီနှစ်နွေမှာပဲ ဂျူဗင်တပ်ကနေထွက်ခွာဖို့ ရာနှုန်းပြည့်သေချာနေပြီး လာလီဂါကိုသာ ပြောင်းရွှေ့လိုတယ်လို့ အရင်ကလူသိရှင်ကြား ပြောကြားထားခဲ့သူဖြစ်ပါတယ်။

အပြောင်းအရွှေ့ရာသီစတင်တာ တစ်လခွဲလောက်ရှိနေပြီဖြစ်ပေမယ့် အရင်က နာမည်ကြီးကစားသမားတွေကို ငွေကြေးပုံအောပြီးသုံးစွဲတဲ့ ရီးယဲလ်မက်ဒရစ်ဟာ ပေါ့ဘာကို ခေါ်ယူဖို့ နှစ်ကာလအတန်ကြာ စိတ်ဝင်စားခဲ့ပြီးမှ ဘာကြောင့် လက်ရှောင်သွားခဲ့တာလဲ။ အသေးစိတ်ကျကျ ဖော်ပြထားတဲ့ အချက်အလက်တွေအရ ပေါ့ဘာကို ရီးယဲလ်က ဘာလို့ မခေါ်ယူဖြစ်သလဲဆိုတာ ယေဘုယျကျကျ အဖြေထုတ်ပေးနိုင်ပါတယ်။


ပေါ့ဘာဟာ ကွင်းတွင်း၊ ကွင်းပြင်နှစ်ခုစလုံးမှာပုံရိပ်ကောင်းသူ၊ မျိုးဆက်သစ်ကစားသမားတွေထဲမှာ ခြေစွမ်းအတောက်ပဆုံး ကစားသမားဖြစ်တဲ့သူလို့ အားလုံးက လက်ခံထားသူဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့ကိုပိုင်ဆိုင်တဲ့ ဂျူဗင်တပ်ဟာ ကြိုက်ကြေးခေါ်လို့ရတဲ့ အနေအထားကို ပိုင်ဆိုင်နေတာ ဖြစ်ပါတယ်။ ဒီတော့ သူ့ရဲ့ ပြောင်းရွှေ့ကြေးကလည်း ယူရိုသန်း ၁၀၀အောက် ရောက်ဖို့မရှိပါဘူး။

ဂျူဗင်တပ်ဟာ ရီးယဲလ်ကို ပေါ့ဘာအတွက် တိုနီခရူးစ်အပြင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၂၀ ကိုပါ ထပ်မံအလိုက်ပေးဖို့ တောင်းဆိုခဲ့တယ်လို့ လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်က စပိန်ရေဒီယိုမာကာက ထုတ်လွှင့်ခဲ့ပါတယ်။ ဒီလိုမြင့်မားတဲ့ ပြောင်းရွှေ့ကြေးအပြင် ပေါ့ဘာကလည်း အခွန်ဆောင်ပြီး အသားတင် တစ်နှစ် လုပ်ခလစာ ယူရို ၁၄ သန်း ရရှိလိုတယ်လို့ တောင်းဆိုခဲ့ပါသေးတယ်။ ဒီလိုဆိုတော့ စပိန်ရဲ့ အခွန်ဥပဒေအရဆိုရင် ရီးယဲလ်မက်ဒရစ်ဟာ ပေါ့ဘာအတွက် ငါးနှစ်လုပ်ခလစာ ယူရိုသန်း ၁၃၀လောက် ကျခံရမယ့် သဘောဖြစ်နေပါတယ်။

ဆိုတာက ပေါ့ဘာကို ခေါ်ချင်ရင် ယူရိုသန်း ၂၅၀လောက်ကုန်ကျမယ့်အပြင် အသင်းရဲ့ အားထားရတဲ့ ကွင်းလယ်လူ တိုနီခရူးစ်ကို ဆုံးရှုံးရဦးပါ။ ဒီလောက်ပမာဏနဲ့ပဲ ပြီးသွားမှာလားဆိုတော့ မဟုတ်သေးပါဘူး။ ပေါ့ဘာရဲ့ ကိုယ်စားလှယ် ရိုင်ရိုလာကိုလည်း နောက်ဆုံးသဘောတူညီခဲ့တဲ့ အပြောင်းအရွှေ့ကြေးရဲ့ ၂၀ ရာခိုင်နှုန်း (ဒါမှမဟုတ်) ၃၀ ရာခိုင်နှုန်းလောက် ထပ်ဆောင်းပေးရမှာဖြစ်တာကြောင့် ယူရိုသန်း၂၀ (ဒါမှမဟုတ်) ၃၀ လောက် ထပ်ပြီးသုံးရဦးမှာဖြစ်ပါတယ်။

ပေါ့ဘာရဲ့ အရည်အသွေးနဲ့ အသက်အရွယ်ဟာ အသင်းရဲ့ရေရှည်စီမံကိန်းအတွက် အရေးပါတယ်ဆိုတာ ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်နဲ့ သူ့ရဲ့ ဘုတ်အဖွဲ့ဝင်တွေက သိကြပေမယ့် တစ်ဖက်မှာလည်း ရီးယဲလ်ဟာ ကစားသမားပြောင်းရွှေ့မှု နှစ်ကြိမ် ပိတ်ပင်ခံထားရပါတယ်။ ဒါ့အပြင် ပေါ့ဘာတောင်းဆိုတဲ့ အခွန်ဆောင်ပြီး တစ်နှစ်လစာ ယူရို ၁၄ သန်းဟာ ရီးယဲလ်ရဲ့ ခေါ်ယူလိုမှုကို အဓိက အတားအဆီးဖြစ်နေစေပါတယ်။ ဒီလိုဆိုရင် ပေါ့ဘာဟာ စီရိုနယ်လ်ဒိုပြီးရင် ရီးယဲလ်ရဲ့ ဒုတိယလစာ အများဆုံးပေးချေရတဲ့ ကစားသမားဖြစ်လာပါလိမ့်မယ်။ အသင်းရဲ့ အခြားကြယ်ပွင့်ကစားသမားတွေဖြစ်တဲ့ ရာမို့စ်၊ ဘင်ဇီမာနဲ့ ဂါရတ်ဘေးလ်တို့ထက် လစာများတဲ့ ကစားသမားဖြစ်လာပါလိမ့်မယ်။ ရီးယဲလ်ဟာ အခုနောက်ပိုင်းနှစ်တွေမှာ ဘဏ္ဍာရေးမျှခြေ စည်းမျဉ်းဥပဒေကြောင့် ငွေသုံးစွဲမှုကို ပိုမိုစိစစ်သုံးစွဲလာတာကို တွေ့ရပါတယ်။

ဒါ့အပြင် ပေါ့ဘာရဲ့ ခြေစွမ်းဟာ ယူရို-၂၀၁၆မှာ ထင်သလောက် အလုပ်မဖြစ်ခဲ့တာကြောင့်လည်း ရီးယဲလ်ရဲ့ အာရုံစိုက်မှု လျော့ကျသွားစေခဲ့တာပါ။ ပြီးတော့ ရီးယဲလ်ရဲ့ ကွင်းလယ်မှာ တိုနီခရူးစ်၊ လူကာမိုဒရစ်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ အစ္စကို၊ ကက်ဆီမီရို၊ ကိုဗာဆစ်တို့လည်း အင်ပြည့်အားပြည့်ရှိနေလို့ ရီးယဲလ်ရဲ့ ကွင်းလယ်ပိုင်းမှာ ကစားသမားသစ်တစ်ဦးကို အရေးတကြီး ခေါ်ယူဖို့လည်းမလိုပါဘူး။ ချုပ်ပြီးသုံးသပ်ရရင် ရီးယဲလ်အနေနဲ့ ပြောင်းရွှေ့ကြေး အမြင့်ဆုံးပေးချေရမယ့်အပြင် လုပ်ခလစာနှုန်းထားမြင့်မားလွန်းတဲ့ ကစားသမားကို မခေါ်ယူဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။



## ဂျူဗင်တပ်ကို ဟီဂူအင် ရွေးချယ်ခြင်းက စီရီးအေအတွက် အပေါင်းလက္ခဏာဆောင်

နာပိုလီတိုက်စစ်မှူး ဟီဂူအင်အား ဂျူဗင်တပ်အသင်းကသာ ခေါ်ယူနိုင်ခဲ့လျှင် ယင်းဖြစ်ရပ်က စီရီးအေဘောလုံးလောကအတွက် များစွာအကျိုးရှိကြောင်း ရိုးမားနည်းပြ စပယ်လက်တီက ယုံကြည်သည်။ ဟီဂူအင်အား ချယ်လ်ဆီး၊ မန်စီးတီး၊ အာဆင်နယ်တို့မှ အလိုရှိနေသော်လည်း ကစားသမားကိုယ်တိုင်ကမူ စီရီးအေပြိုင်ဘက် ဂျူဗင်တပ်သို့သာ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်သည်။

ဟီဂူအင်နှင့် ဂျူဗင်တပ်တို့မှာ အပြီးသတ်စာချုပ်မချုပ်ဆိုရသေးသော်လည်း ပြောင်းရွှေ့ကြေး ယူရို ၉၄ ဒသမ ၇ သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့ကြပြီးဖြစ်သည်။ စပယ်လက်တီက ရိုးမားအနေဖြင့် စီရီးအေချန်ပီယံဆုအတွက် ဂျူဗင်တပ်ကို စိန်ခေါ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သလို ဂျူဗီကဲ့သို့ အင်အားကြီးအသင်းကို ဟီဂူအင်ရောက်ရှိလာခြင်းက ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန်အထိပါ အကျိုးပြုကြောင်းဆိုခဲ့သည်။

## ချယ်လ်ဆီးကို ကန်တီရောက်ပြီ



ချယ်လ်ဆီးအသင်းသည် လက်စတာကွင်းလယ်လူ ကန်တီအား ငါးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ခဲ့ပြီး ဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ကန်တီက ချယ်လ်ဆီးအသင်းဖော်အသစ်များနှင့် ကစားရမည့်အတွက် အလွန်စိတ်လှုပ်ရှားမိပြီး အောင်မြင်မှုများရရှိရန် အတူတကွ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

ကန်တီက “ကွန်တီလို ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦးနဲ့ အလုပ်တွဲလုပ်ရမှာကိုတော့ ကျေနပ်မိသလို ကမ္ဘာ့ထိပ်တန်းကစားသမားတွေနဲ့လည်း လက်တွဲခွင့်ရရှိမှာကြောင့် စိတ်လှုပ်ရှားမိပါတယ်“ဟု ချယ်လ်ဆီးကလပ်အသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားလိုက်သည်။

ကန်တီမှာပရီမီယာလိဂ် ကစားသမားဘဝ ပထမရာသီမှာပင် လက်စတာအသင်းနှင့် ချန်ပီယံဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းမှာပင် အမည်စာရင်းပါဝင်ခွင့်ရရှိခဲ့သည်။

## ဗာရာနီလက်သစ်ဖြစ်လာအောင် ဘိုင်လီကို ပုံဖော်သွားမည်ဟု မော်ရင်ဟိုပြောကြား



မန်ယူနည်းပြ မော်ရင်ဟိုက အသစ်ခေါ်ယူထားသည့် လူငယ်ကစားသမား ဘိုင်လီကို ဗာရာနီကဲ့သို့ ဖြစ်လာစေရန် အားထုတ်သွားမည်ဖြစ်ကြောင်း ဝီဂန်အား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ခြေစမ်းပွဲအပြီးတွင် မီဒီယာများသို့ ပြောကြားခဲ့သည်။ မော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်အား ကိုင်တွယ်ခဲ့စဉ် ပြင်သစ်လူငယ်နောက်ခံလူ ဗာရာနီအားခေါ်ယူကာ ကမ္ဘာ့ထိပ်တန်းခြေစွမ်း ရရှိစေရန် ပံ့ပိုးပေးခဲ့ပြီးနောက် ဘိုင်လီကိုလည်း ဗာရာနီလက်သစ်ဖြစ်လာစေရန် ပုံဖော်သွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

ဘိုင်လီမှာ ယင်းပွဲစဉ်တွင် ပွဲချိန်ပြည့်နီးပါးကစားခဲ့ရပြီး ပွဲပြီးခါနီးခုနစ်မိနစ်အလို လူစားလဲခဲ့ရချိန်တွင် မန်ယူပရိသတ်များက ဘိုင်လီကို အကြီးအကျယ်အားပေးခဲ့ကြသည်။ မော်ရင်ဟိုက ဘိုင်လီ၏ ခြေစွမ်းအတွက် ကျေနပ်မိသော်လည်း ၎င်း၏ အတွေ့အကြုံနည်းပါးနေမှုကို သင်ကြားပေးရဦးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

“ဘိုင်လီကို ၄၅ မိနစ်လောက်ပဲ ကစားခိုင်းသင့်တာကို ကျွန်တော်သိပါတယ်။သူဟာ မန်ယူအင်္ကျီကို ဝတ်ဆင်ထားပေမယ့် အင်္ဂလိပ်စကားမပြောတတ်သေးဘဲ ပြင်သစ်၊ စပိန်စကားပြောတတ်တဲ့သူနဲ့သာ ဆက်သွယ်ပြောဆိုနိုင်ပါသေးတယ်။ ဒါ့ကြောင့် သူနဲ့ ကစားဖော်တွေကြား ဆက်သွယ်မှုကောင်းကောင်းရရှိဖို့ သူ့ကို အခြားသူတွေထက် ပွဲချိန်ပိုပြီး ကစားစေခဲ့တာဖြစ်ပါတယ်”ဟု ဆိုလိုက်သည်။

**မေလွဲ့သင်း - စုစည်းသည်**

# ရန်ကုန်-ပခုက္ကူအမြန်ရထား ရန်ကုန်-ပုဂံအထိသာပြေးဆွဲမည်

**ပခုက္ကူ ဇူလိုင် ၁၈**
ရန်ကုန်-ပခုက္ကူ-ရန်ကုန် ပြေးဆွဲလျက်ရှိသည့်အမှတ် ၆၁ အဆန်၊ အမှတ် ၆၂ အစုန် အမြန်ရထားသည် ဇူလိုင် ၂၁ ရက်မှစ၍ ရန်ကုန်-ပုဂံ-ရန်ကုန် ခရီးစဉ်အထိသာ ပြောင်းလဲပြေးဆွဲတော့မည်ဖြစ်ကြောင်း ပခုက္ကူမြို့ ထင်တန်းလမ်းဘူတာ ကြော်ငြာသင်ပုန်း၌ ကြေညာထားကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်ပြောင်းလဲမှုနှင့်ပတ်သက်၍ မီးရထားဌာနမှတာဝန်ရှိသူတစ်ဦးအား မေးမြန်းခဲ့ရာ မီးရထားစက်ခေါင်းအနားပေးချိန်နည်း၍ ပုဂံအထိသာပြေးဆွဲခြင်းဖြစ်နိုင်ကြောင်းနှင့် မည်သည့်အတွက်ကြောင့် ပြောင်းလဲသည်ကို တိတိကျကျမသိကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော့်အတွက်တော့ အခက်အခဲတစ်ခုဖြစ်ပြီ၊ လက်ပံတန်းက တင်လာမယ့် ငါးသေတ္တာပုံးတွေ ပုဂံဘူတာကို ကားနဲ့သွားသယ်ရမယ်။ ကားခ ၂၀၀၀၀ ကျော်ထပ်ကုန်မယ်။ ငါးတစ်ပိဿာ အပေါ်မှာ ကျပ် ၂၀၀ လောက် ဈေးတက်ရောင်းမှရမယ်ထင်တယ်" ဟု အဆိုပါရထား ခရီးစဉ်ပြောင်းလဲမှုအပေါ် ရင်းကြုံတွေ့ရမည့် အခြေအနေကို လက်ပံတန်းမြို့မှတစ်ဆင့် ငါးများတင်ပို့ရောင်းချသူ ဦးကျော်ငွေးက ပြောသည်။

ရန်ကုန်-ပခုက္ကူ ရထားခရီးစဉ်အား ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း မြို့များသို့လည်းကောင်း၊ ကားလိုင်းခရီးစဉ်တိုက်ရိုက်မရှိသည့် နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး စသည့်မြို့နယ်များသို့သွားလာလိုသည့် ခရီးသည်များနှင့် ကုန်စည်ပစ္စည်း ပို့လိုသူများ စီးနင်းအသုံးပြုမှုများကြောင်းသိရသည်။

**ကိုဇော်(ခတု)**



ဓာတ်ပုံ-နေသန်

## ရေသွင်း ရေနုတ်မြောင်းများ တိုးတက်တူးဖော်ပေးလာ၍ဒိုက်ဦးစပါးစိုက်တောင်သူများ နှစ်သီးလုံးအဆင်ပြေ

**ဒိုက်ဦး ဇူလိုင် ၁၈**
အယ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်သော အပူချိန်ပြင်းထန်မြင့်မားခြင်း၊ မိုးဦးနောက်ကျခြင်း၊ မိုးကြီးခြင်း စသည့်အခြေအနေများကြုံတွေ့ခဲ့ရသော်လည်း ဒိုက်ဦးမြို့နယ်ရှိ စပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေနှင့် အခက်အခဲများမရှိဘဲ စပါးနှစ်သီးလုံးစိုက်ပျိုးနိုင်၍ ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒိုက်ဦးမြို့နယ်အတွင်းရှိ ဆိုးရွားစွာ တိမ်ကောနေသောချောင်းများ၊ ဒိုက်ပင်၊ ကိုင်းပင်များ ပေါက်ရောက်ကာ ကျွန်းများပိတ်ဆို့နေသော ရေနုတ်မြောင်းများကိုဒေသခံ စပါးစိုက်တောင်သူများနှင့် တိုင်ပင်ညှိနှိုင်း၍ တူးဖော်ပေးခဲ့ရာ ရေထုတ်နုတ်ရာတွင်လည်းကောင်း၊ ရေကျနောက်စိုက်နှင့် နွေစပါးစိုက်ပျိုးရေအတွက်လည်းကောင်း၊ အောင်ရေရယူရန်အတွက်လည်းကောင်း၊ အခက်အခဲမရှိဘဲစိုက်ပျိုးနိုင်ခဲ့ကြောင်း တောင်သူများကပြောသည်။

စပါးသီးနှံကိုသာ အများဆုံးစိုက်ပျိုးသော ဒိုက်ဦးမြို့နယ်အတွင်းရှိ နှစ်သီးစိုက်လယ်ယာမြေများသို့ ကောလိယဆည်၊ ဘောနီဆည်၊ ပျဉ်ပုံကြီးဆည်၊ နွေစပါးစိုက်ဧက ၁၅၄၇၀ အတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ယခင်တူးဖော်ပေးခဲ့သည့် ချောင်းနှင့် ရေနုတ်မြောင်းခုနစ်ခုမှ နွေရာသီအောင်ရေရယူခြင်း၊ မိုးရာသီရေကြီးရေလျှံခြင်းများကို ကာကွယ်ပေးလျက်ရှိရာ ယခု ၂၀၁၆-၂၀၁၇ နှစ်တွင် ကွင်းချောင်း၊ ခြောက်တဲဝိုင်ရေနုတ်မြောင်း၊ နှင်းပုလဲချောင်း၊ ပျဉ်းမလွင်ချောင်းကို ရက် ၁၀၀ စီမံချက်အတွင်း တူးဖော်ပေးခဲ့ပြီးဖြစ်၍ ချောင်းနှင့် ရေနုတ်မြောင်း စုစုပေါင်း ၁၁ ခုကို ဒိုက်ဦးလယ်ယာမြေများအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒိုက်ဦးမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မျိုးနိုင်က ပြောသည်။

အဆိုပါ ချောင်းများ၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းအတွက် ဆက်စပ်နေသော ကျေးရွာများ အကျိုးသက်ရောက်မှုရရှိကြရာ ကွင်းချောင်းတူးဖော်မှုကြောင့် မိုးရာသီ ရေထုတ်နုတ်ရာတွင် များစွာအကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပြီး နွေစပါးအတွက် ကောလိယရေလှောင်တမံကြီးမှ ထုတ်လွှတ်ပေးသော စိုက်ပျိုးရေကို ကောလိယချောင်းမှတစ်ဆင့် လုံလောက်စွာ ရယူနိုင်မည်ဖြစ်ကြောင်း ဒေသခံလယ်သမားကြီး ဦးသန်းထွန်းနှင့် ဦးမြင့်နိုင်တို့က ပြောသည်။

ဒိုက်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ပျဉ်းမလွင်ချောင်းကို ချောင်းဖြစ်၊ လမ်းဖြစ် ဖော်ထုတ်ဆောင်ရွက်ပေးသည့်အတွက် လယ်ယာမြေဧက ၂၅၀၀ ကျော်၏ နွေရာသီစိုက်ပျိုးရေရရှိရေးနှင့် မိုးရွာသီရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ကားလမ်းမှ အမရစ်ပြကျေးရွာအထိ မြေသားလမ်းရရှိပြီဖြစ်သည့်အတွက် ဒေသထွက်သီးနှံများ၊ ထွက်ကုန်များအား အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပြီး စီးပွားရေး၊ လူမှုရေးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုတ်သိန်းညွန့်**

## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**သထုံ ဇူလိုင် ၁၈**
မွန်ပြည်နယ် သထုံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း ပညာသင်ကြားကြမည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ၏ ပညာရေးတွင် အထောက်အကူဖြစ်စေရန် ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သထုံမြို့နယ် စစ်မှုထမ်းဟောင်းကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်ရွှေ (ငြိမ်း)က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရသည့် ရည်ရွယ်ချက်နှင့် နှစ်စဉ်ထောက်ပံ့ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သက်ဆိုင်ရာ စည်းရုံးရေးနယ်မြေအလိုက် ပညာသင်ထောက်ပံ့ကြေးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အထက်တန်းအဆင့် တစ်ဦးလျှင် ကျပ် ၂၀၀၀၀၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှင့် မူလတန်းအဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၂၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၄၆၈၅၀၀၀ နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

**သက်ဦး(သထုံ)**

## (၆၉)နှစ်မြောက်အာဇာနည်နေ့အကြို စာပေဟောပြောပွဲ ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၌ ကျင်းပ

**ပဲခူး ဇူလိုင် ၁၈**
(၆၉)နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲကို ပဲခူးမြို့ နန်းတော်ရာရပ်ကွက် စစ်ကောင်းစာကြည့်တိုက်၌ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာကြည့်တိုက်အဖွဲ့ဝင် ဦးစိုးလှက အဖွင့်အမှာစကားပြောကြားပြီး အထက (၆)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက "တုန္ဓိုင်းမမီ အာဇာနည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ဒေါ်ဝတ်ရည်ခင် (ပဲခူး)က "ဂုဏ်ပြုပါသည် အာဇာနည်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ပြီး စာကြည့်တိုက်အလှူရှင် ဦးဝင်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**



## အိမ်မဲမြို့သန့်ရှင်းရေးနှင့်ရေစီးရေလာ ကောင်းမွန်ရေးစုပေါင်းဆောင်ရွက်

**အိမ်မဲ ဇူလိုင် ၁၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ မြို့သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ပြည်သူများ၊ အသင်းအဖွဲ့များ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက် ၁၄ လမ်းရှိ ရေဆင်းမကောင်းသော ရေမြောင်းများတွင် အမှိုက်များ ပိတ်ဆို့မှု ရှင်းလင်းခြင်းနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အထက်ပိုင်းရပ်ကွက် ၁၄ လမ်း ရေမြောင်းများတွင် အမှိုက်ပိတ်ဆို့မှုကြောင့် ရပ်ကွက်နေပြည်သူများ မိုးရာသီတွင် ရေကြီးရေလျှံခြင်းများဖြစ်၍ လူနေအိမ်များအတွင်းရေဝင်ရောက်ခြင်းများအမြဲကြုံတွေ့နေရပြီး ရပ်ကွက်နေပြည်သူများ သွားလာမှုခက်ခဲကာ မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ခံစားရလေ့ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုရီးယား-မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းဖြင့် ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာ၌ လျှပ်စစ်မီးရရှိ

**ချောင်းဦး ဇူလိုင် ၁၈**
ကိုရီးယား-မြန်မာ ဆယ်မာအူးလ်အွန်ဒုံကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာတွင် ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီက စတင်ပြီး လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

ဆူးလေကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေး ဆိုင်းဘုတ်ကို ဆူးလေကုန်းကျေးရွာ တည်းတော်ရာကျောင်းတိုက် နာယကဆရာတော် ဦးဇဋိလ၊ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်၊ ကိုရီးယားနိုင်ငံမှ မြန်မာဆယ်မာအူးလ်အွန်ဒုံ Volunteer ဦးရဲရင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက ၁၀၀ ကေဗွီရှိ Main Breaker အား ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးသစ်လွင်တို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဆူးလေကုန်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယား-မြန်မာ ဆယ်မာအူးလ်အွန်ဒုံကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းမှ ငွေကျပ် ၂၃၃ သိန်း မတည်ထောက်ပံ့ပေးခဲ့ရာ အဆိုပါမတည်ငွေများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ လူနေမှုဝန်းကျင် တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများရှိနေပါတယ်။

'ဒီနေ့ရရှိတဲ့ လျှပ်စစ်မီးရရှိရေးလုပ်ငန်းအတွက် လူနေမှုဝန်းကျင်တိုးတက်ကောင်းမွန်ရေးကဏ္ဍမှ ထောက်ပံ့ငွေကျပ် ၉၅ သိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ ၂၇၈၄၈၀၀၀ ၊ စုစုပေါင်း ၃၇၃၄၈၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျေးရွာမီးရရှိရေးအတွက် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း၏ ထောက်ပံ့မှုများ အတွက် ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးလည်း ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းအောင်မြင်အောင် ဆောင်ရွက်သွားမှာပါ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယား-မြန်မာ ဆယ်မာအူးလ် အွန်ဒုံကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းဖြင့် ကျေးရွာ ၁၀ ရွာ ဆောင်ရွက်လျက်ရှိရာ ချောင်းဦးမြို့နယ်မှ ကျေးရွာငါးရွာ၌ တစ်ရွာလျှင် မတည်ငွေကျပ် ၂၃၃ သိန်းစီဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မယု(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်း၏မှတ်သားထိုက်သောစကားများ

ယမန်နေ့မှအဆက်

ခ မောင်သောင်းဝင်း(တမန်ဟောင်း)



လွတ်လပ်ရေး၏ဖခင် ဗိုလ်ချုပ်သည် ဘိလပ်မှပြန်လာပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ ည ၇ နာရီခွဲတွင် အသံလွှင့်ရုံမှတစ်ဆင့် တိုင်းပြည်သို့ မိန့်ခွန်း ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းမှ လွတ်လပ်ရေး နှင့်ပတ်သက်၍ အချို့ကို ကောက်နုတ်ဖော် ပြရလျှင် "လွတ်လပ်ရေးဆိုတာ တောင်းလို့ ရတဲ့ကိစ္စမျိုး မဟုတ်ဘူး။ သူများနို့သက်စို့ ခံယူရတဲ့ အခွင့်အရေးမျိုးမဟုတ်ဘူး။ မိုးပေါ် က အလိုအလျောက် ကျမလာနိုင်ဘူးဆိုတာ ကျုပ်တို့လည်း သိတာပဲ။ နို့ ဒီလိုသိလျက်နဲ့ ဘာ လို့ ဘိလပ်သွားရလဲဆိုတာကတော့ ပရိယာယ် ဆိုလည်းဟုတ်တယ်၊ တကယ်ဆိုလည်း ဟုတ် တာပါပဲ။ ကျုပ်တို့ ဟိုသွားတာဟာ ကျုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ ယူ နိုင်တဲ့နည်းလမ်းကိုရှာဖွေတဲ့ သဘောလို့ ကျုပ်ပြောခဲ့တယ်" ဟူ၍ လွတ်လပ်ရေး အတွက် တအုံနွေးနွေးဖြစ်နေသော ပြည်သူ များသို့ အသိပေးပြောကြားသွားခဲ့ပါသည်။

ထို့နောက် လွတ်လပ်ရေးအတွက် အရေးပါ သည့် တောင်တန်းနှင့် ပြည်မပူးပေါင်းနိုင်ရေး အတွက် တိုင်းရင်းသား ညီအစ်ကိုများအကြား သွေးစည်းညီညွတ်မှုကိုပြသမည့် ပင်လုံစာချုပ် လက်မှတ်မရေးထိုးမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ လ ၁၁ ရက်ည ပင်လုံမြို့ စော်ဘွားများထမင်း စားပွဲ၌ ငြိမ်းချမ်းရေးခေါင်းဆောင် ဗိုလ်ချုပ် မြွက်ကြားချက်များအနက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အရေးပါပုံနှင့်ပတ်သက်၍ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "တစ် တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစား ခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်း လုပ်ကြမှသာ အကျိုးရှိနိုင်မယ်" ဟုဆိုပြီး ညီနောင် တိုင်းရင်းသားများကို လွတ်လပ်ရေး အတွက် အလေးအနက်ထားတိုက်တွန်း ပြော ကြားခဲ့သည်။ ထိုစကားများသည် မျက်မှောက် ကာလ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက် ရာတွင် အရေးပါလျက်ရှိသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်ရေး လုပ် ငန်းများအတွက် လမ်းညွှန်ချက်တစ်ရပ်အဖြစ် အသက်ဝင်လျက်ပင်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ် လပ်ရေးအတွက် ဘိလပ်၌ ဗြိတိသျှအစိုးရနှင့် သဘောတူညီချက်ရရှိအောင် အကျေအလည် ဆွေးနွေးလျက် အောင်ဆန်း-အက်တလီ စာ ချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။ ထိုနှစ် ဖေဖော် ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော် မြူနီစီပယ်အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ဧည့်ခံသည့် ဂုဏ်ပြုပွဲ၌ လွတ်လပ်ရေး၏ ဗိသု ကာကြီး ပြောကြားခဲ့သည့်မိန့်ခွန်းမှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "ခေါင်းဆောင်လုပ် တဲ့လူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်း သူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင် ရမယ်၊ အသက်စွန့်သင့်တဲ့နေရာမှာ စွန့်ရဲရ မယ်။ ပရိယာယ်သုံးသင့်တဲ့နေရာမှာ သုံးရ မယ်။ အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများ ယောင်လို့ ယောင်ရတယ်၊ အမောင်တောင်မှန်း မြောက်မှန်းမသိဆိုရင် ခေါင်းဆောင်မဟုတ် ဘူး။ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့လူဟာ ဘယ်အခါ မှ တခြားလူကိုမယုံဘူး။ ကိုယ့်တိုင်းသူပြည် သားကိုလည်း မယုံဘူး။ ကျွန်တော့်အဖို့ ကျွန် တော့်ကိုယ်ကို ကျွန်တော်ယုံတယ်။ ခင်ဗျား တို့ကိုလည်း ယုံကြည်တယ်။ မြန်မာ့လွတ်လပ် ရေးကိုလည်း ယုံကြည်တယ်။ ဘယ်ကိစ္စမဆို လုပ်ရင်မှားတယ်၊ မှန်တယ်ဆိုတာ ရာဇဝင် က ဆုံးဖြတ်လိမ့်မယ်" ဟုဆိုကာ ခေါင်း ဆောင်လုပ်သူတစ်ဦး ထားရှိရမည့် သဘော ထား၊ ရပ်တည်ချက်နှင့် ယုံကြည်ချက်တို့ အရေးပါမှုကို ပြောကြားခဲ့သည်မှာ ယနေ့တိုင် ရှင်သန်နေဆဲပင်ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါ သည် တိုင်းပြုပြည်ပြုလွှတ်တော် ကျင်းပ နိုင်ရေး ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ် နိုင်ရန် ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် တစ်နိုင်ငံလုံး၌ ရွေးကောက်ပွဲများ ကျင်းပ နိုင်ရေး ပြင်ဆင်နေချိန်တွင် အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများမှ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေမှုအပေါ် သတိ ပေးသည့်အနေဖြင့် ဗိုလ်ချုပ်သည် ထိုနှစ် ဧပြီလ ၅ ရက် ညနေ ၆ နာရီ ၃၃ မိနစ်တွင် အသံလွှင့်ဌာနမှ တိုင်းပြည်သို့ မိန့်ခွန်း ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းမှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "အဲဒီတော့ ကျွန် တော် နိဂုံးမချုပ်ခင် ဆန့်ကျင်ဘက် ဂိုဏ်းသား တွေကို တိတိလင်းလင်း သတိပေးလိုတယ်။ နိုင်ငံရေးအာဏာကို တရားသော နည်းများ ထဲက မည်သည့်နည်းနှင့်မဆို တရားအတိုင်း လုပ်ကြပါ။ . . . ဒီလိုမှမဟုတ်ဘဲ မစားရ တဲ့အမဲ သဲနှင့်ပက်သည့်အနေမျိုးဖြင့် တိုင်း ပြည်ကြီးကို မှောက်အောင်လုပ်ပစ်မယ် ဆိုရင် လူထုရဲ့အကျိုးကို မျှော်ကိုးသောအားဖြင့် အဲဒီ တိုင်းပြည်မှောက်သွားအောင် ကြိုးပမ်း နေတဲ့လူတွေကို ကျွန်တော်တို့က အစွမ်းကုန် ချရမှာပဲဆိုတာ တိတိလင်းလင်း သတင်းပေး လိုက်ပါတယ်" ဟုဆိုကာ တိုင်းပြည်နှင့် လူမျိုးအတွက် မည်သူ့ကိုမျှ ညှာမည်မဟုတ် ကြောင်းကို အတိအလင်းသတိပေး ပြောကြား သွားခဲ့သည်။

ထို့အပြင် ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ဧပြီ လ ၁၇ ရက်နေ့ မြန်မာနှစ်ဆန်းတွင် တိုင်း ပြည်သို့ နှစ်သစ်ကူးမိန့်ခွန်း ပြောကြားခဲ့ရာ ၌ "အတိုက်အခံသမားများကို ပြောချင် တယ်။ အသရေပျက်မှုဖြစ်စေတဲ့ စကားမျိုးက လွဲလျှင် တရားဥပဒေအတွင်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဆဲချင်တာ ဆဲနိုင်တယ်။ ဝေဖန် ချင်တာ ဝေဖန်နိုင်တယ်။ အသရေပျက်မယ့် စကားမျိုးကို မခံနိုင်ဘူး။ . . . ညစ်ပတ် တဲ့အကြံကလွဲလျှင် တရားသဖြင့် ဘယ်လို နည်းနှင့်ဖြစ်ဖြစ် အာဏာကိုလုဖို့ တွေး၍ လုပ်နိုင်တယ်။ ဆူပူနိုင်တယ်။ မတရား သဖြင့် ဆူပူလုပ်ကိုင်ခိုင်းလျှင် သည်းခံနိုင် မှာမဟုတ်ဘူး။ . . . သတင်းစာတွေလည်း ပြောလိုက်မယ်။ . . . ကျုပ်တို့ ဘယ်လို အစိုးရလဲဆိုတာ သိစေချင်တယ်။ . . . ဆိတ် ငေးစေ့ သတင်းစာလည်း လုပ်ချင်လုပ်ကြ။ သို့သော် အစိုးရကို အကြည်ညိုပျက်စေချင် တဲ့စကားမျိုး၊ တိုင်းပြည်ဆူပူလုပ်ရှားစေမယ့် စကားမျိုး၊ မဟုတ်မမှန် လိမ်လည်လှည့်ဖြား ရေးတဲ့ဟာမျိုးတွေကို သည်းခံမှာမဟုတ်ဘူး" ဟုဆိုပြီး ပြတ်ပြတ်သားသား သတိပေးပြော ကြားသွားခဲ့သည်။

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ဧပြီလအတွင်း မွေးရပ်မြေ နတ်မောက်မြို့သို့ သွားရောက်ခဲ့ပြီး နယ်မြေ အခြေအနေကိုလေ့လာခဲ့သည်။ ထို့နောက် ဒီပက်ရာကျောင်းဝိုင်းအတွင်း ကျင်းပသော လူထုအစည်းအဝေးကြီး၌ မိန့်ခွန်း ပြော ကြားခဲ့ရာတွင် "ကျုပ်က မေတ္တာနှင့် သစ္စာကို ရှေ့ထားပြီး အုပ်ချုပ်မယ်။ တကယ်လို့ကောင်း တယ်၊ မှန်တယ် ထင်လို့ရှိလျှင် အသက်စွန့်ရဲ တယ်။ လူတွေဟာ မသိရင်ကြောက်တယ်၊ ရဲသော်မသေ သေသော်ငရဲမလားလို့ ယော အတွင်းဝန် ဦးဘိုးလှိုင်က ပြောဖူးတယ်။ ရဲရဲ ရင့်ရင့် သစ္စာ သမာဓိနှင့် လုပ်လျှင် အောင်မြင် မှာပဲ၊ ခေါင်းဆောင်ဟာ မခိုမကတ်ဘဲ လုပ်မယ် ဆိုလျှင် အောင်မှာပဲ၊ ကိုယ့်တပ်လုံးရင် တခြား က လာမတိုက်နိုင်ဘူး" ဟုဆိုသော ပြောကြား ချက်များသည် ရဲရဲတောက် မိန့်ခွန်းပင်ဖြစ် သည်။

ရွေးကောက်ပွဲများကျင်းပပြီးနောက် နိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော် သို့မတင်သွင်းမီ ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့ တွင်ပြုလုပ်သည့် ဂျူဗလီဟောညီလာခံကြီး၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ ဗိုလ်ချုပ် ပြောကြား ခဲ့သည့် မိန့်ခွန်းအနက်မှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "ဒီပဋိ ပက္ခဖြစ်တာတွေကို ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှု ပလပ်အောင်လုပ်ဖို့ဆိုပြီးတော့ အစိုးရဆိုတာတွေကို လူတွေက တင်မြှောက် တယ်။ တင်မြှောက်တုန်းကတော့ လူတွေကပဲ။ ဒါပေမယ့် နောက်ကျတော့ လူ့အထက် ရောက်သည်ထက်ရောက်ပြီး လူတွေအထဲက ပေါ်ခဲ့တဲ့အစိုးရဟာ မိုးကျရွှေကိုဘဝ ရောက် သွားတယ်။ အဲဒီဘဝကစပြီး အစိုးရဆိုတာ လူတွေက အာဏာအပ်လို့ဖြစ်တာပါလားဆို တဲ့ သဘာဝဟာ လုံးလုံး ပျောက်သွားတယ်။ လူတွေကတင်မြှောက်ပြီး လူတွေရဲ့အကျိုးကို လုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီ အစစ်မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်။" ဟုဆိုကာ ဒီမိုကရေစီနှင့်အစိုးရအကြောင်း ကို ပြောကြားသွားသည်မှာ လက်ရှိနိုင်ငံရေး အခြေအနေအတွက် ပြည်သူများသင်ခန်းစာ ယူသင့်သည့် သတိပေးစကားများပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး ၌ပြုလုပ်သော ပြည်သူ့အစည်းအဝေးကြီးတွင် တိုင်းပြုပြည်ပြုလွှတ်တော်ပုံ သဏ္ဍာန်နှင့် လွတ်လပ်ရေးကို တစ်နှစ်အတွင်းရစေရန် အာမခံကြောင်း၊ လွတ်လပ်ရေးရလျှင် အလုပ် ကြိုးစားလုပ်စေလိုကြောင်း တိုင်းပြည်သို့ မိန့် ခွန်းရှည်ကြီးပြောကြားသွားခဲ့သည်။ ထိုမိန့် ခွန်းသည် တိုင်းပြည်နှင့်လူမျိုးအတွက် နောက် ဆုံးမိန့်ခွန်းပင်ဖြစ်သည်။ ထိုမိန့်ခွန်းမှ အချို့ ကို ကောက်နုတ်ဖော်ပြရလျှင် "လွတ်လပ်ရေး ဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်း စားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦး တစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ အခြား လူတွေ့ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ် လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာ ဟာ လွတ်လပ်ရေးပဲ။ . . . ပဒေသာပင် ပေါက်အောင်ဆိုရင် . . . အလုပ်လုပ်မှဖြစ် မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရပင်ရသော်ငြား လည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော် တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျား တို့ရဲ့ ရတဲ့လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲဆို တာ ခင်ဗျားတို့ သိစေချင်တယ်။ . . . တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး၊ အဲဒီ ညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်သော် ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရ လုပ်လုပ်။ . . . တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်" ဟူ၍ တိုင်းပြည်၏ လွတ်လပ်ရေးအရေးပါပုံနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အရေးကြီးပုံတို့ကို အနာဂတ်ကိုမြော်တွေးပြီး ပြောကြားသွားခဲ့ သည်မှာ ယနေ့တိုင်ရှင်သန်နေသော ပြောင် မြောက်သည့်စကားများပင် ဖြစ်သည်။

ဆိုခဲ့ပါ ကောက်နုတ်ချက်များသည် တိုင်း ပြည်နှင့်လူမျိုးအပေါ်ထားရှိသော ဗိုလ်ချုပ်၏ စစ်မှန်သည့် သစ္စာ၊ မေတ္တာနှင့်စေတနာများ ဖြစ်ကြသည်။ ပြည်သူများသည် ထိုမိန့်ခွန်း များတွင်ပါရှိသော လမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်ကြံ ဆောင်ရွက်သွားမည်ဆိုလျှင် အနာဂတ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာ တွင် အပြုသဘောဆောင်သော စိတ်ဓာတ် ခွန်အားများ ရရှိစေမည်ဖြစ်သည်။ အထူး သဖြင့် တိုင်းပြည်၏အနာဂတ်သည် မျိုးဆက် သစ်လူငယ်များ၏ လက်ဝယ်တွင်ရှိနေသည်။ ထို့ကြောင့် လူငယ်များသည် ခွန်အားရှိသော စာပေများကို လေ့လာဖတ်ရှုပြီး လူ့အသိုက် အဝန်းကိုအကျိုးပြုအောင် ဆောင်ကြဉ်းဖော် ဆောင်သွားသင့်ပေသည်။ သို့မှသာလျှင် အနာဂတ်မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ် တွင် တင့်တယ်ခိုင်မာစွာ ရပ်တည်နိုင်မည်ဖြစ် သည်။

ခြုံ၍တင်ပြရလျှင် တပ်မတော်၏ ဖခင် လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်း ဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်း သားဘဝမှသည် စစ်သေနာပတိဗိုလ်ချုပ်နှင့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်လာသည် အထိ တိုင်းပြည်လွတ်လပ်ရေးအတွက် နေ့မနား ညမအား ကြိုးပမ်းဆောင်ရွက်သွားခဲ့သည်။ အသက် (၃၂) နှစ်ကျော်ကာလအတွင်း တိုင်းပြည်အတွက် တာဝန်များကို အသက် ပေးထမ်းဆောင်နေသည့်ကြားမှပင် ပြည်သူ များသို့လည်း မူဝါဒများ၊ ညွှန်ကြားချက်များ၊ တိုက်တွန်းချက်များ၊ သတိပေးချက်များ၊ ပန် ကြားချက်များကို စဉ်ဆက်မပြတ်ပြောကြား သွားခဲ့သည်။

ဗိုလ်ချုပ် ပြောကြားခဲ့သော လမ်းညွှန်မှာ ကြားချက်များသည် တိုင်းရင်းသား ပြည်သူ များ၏ နှလုံးသားဝယ် နက်ရှိုင်းစွာ အစဉ် ကိန်းအောင်းလျက်ရှိသည့်အပြင် ကမ္ဘာတည် နေသရွေ့လည်း မေ့ပျောက်လို့မရနိုင်သည့် ထာဝစဉ်တည်တံ့နေမည့် သစ္စာနှင့် မေတ္တာတို့ လွှမ်းခြုံနေသော စကားများပင် ဖြစ်သည်။ မျိုးဆက်သစ်တို့သည် ဗိုလ်ချုပ်၏ မှတ်သား ထိုက်သော ထိုစကားများအတိုင်း လိုက်နာ ကျင့်ကြံပြုမူ နေထိုင်သွားမည်ဆိုလျှင် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းသည် ထာဝရ စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက် စည်ပင် သာယာဝပြောနေမည်မှာ အသေအချာပင် ဖြစ် ပေတော့သည်။

**ကိုးကား**

**ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ၊ ရန်ကုန်၊စာပေဗိမာန်၊ ၁၉၇၁**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲ၌ ငြိမ်းချမ်းရေးခေါင်းဆောင် ဗိုလ်ချုပ် မြွက်ကြားချက်များအနက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အရေးပါပုံနှင့်ပတ်သက်၍ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "တစ်တိုင်း ပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး . . .

# မိုင်းဖုန်းဆရာတော်အား မဟာဗောဓိစေတီတော် လှူဒါန်း



**တာချီလိတ် ဇူလိုင် ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ သီလဓမ္မကုန်းတော်ကျောင်းတိုက် ဝစီပိတ်ဆရာတော် ဘဒ္ဒန္တကောဝိဒအား အမှူးထား၍ ဒေါက်တာမောင်မောင်အေးနှင့်ဇနီး ဒေါ်ခင်မိမိလှိုင် မိသားစု၊ သီလဓမ္မညီအစ်ကိုမောင်နှမများက တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ပါဆာကျေးရွာ မိုင်းဖုန်းဆရာတော် သီတင်းသုံးတော်မူသော လွှန်းလိန်းကျောင်းတိုက်အနီးတွင် တည်ထားကိုးကွယ်ရန် မဟာဗောဓိစေတီတော်မြတ် လှူဒါန်းပူဇော်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက လွှန်းလိန်းနှီးဘုရားကျောင်းဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေစက်ချမင်္ဂလာအခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တပ်နယ်မှ အရာရှိများ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဝစီပိတ်ဆရာတော်နှင့် မိုင်းဖုန်းဆရာတော်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

မဟာဗောဓိစေတီတော်မြတ်ကြီးအား ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ဝစီပိတ်ဆရာတော်ကျောင်းတိုက်မှ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်လာပြီး စေတီတော်တည်ထားကိုးကွယ်မည့် လွှန်းလိန်းကျောင်းအနီးရှိ ဘုရားဖြူစေတီပရိဝုဏ်အတွင်း အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် တည်ထားလျက်ရှိသည်။ အဆိုပါ စေတီတော်မြတ်ကြီးသည် ဉာဏ်တော် ၁၆ ပေရှိပြီး စတီးပြားများဖြင့် တည်ထားသော စေတီဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာခြောက်ရွာအား ရန်ပုံငွေကျပ်သိန်း ၃၀၀ စီပေးအပ်

**စေတုတ္တရာ ဇူလိုင် ၁၈**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးက မြစိမ်းရောင်ရန်ပုံငွေအကြောင်း သိကောင်းစရာများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆည်မောင်က မြစိမ်းရောင်ရန်ပုံငွေ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် မကျွှပ်ကိုင်း၊ ရေသောင်၊ ချီ၊ ညောင်ကုန်း၊ ပန်းအိနှင့် ပွင့်တောက်ကျေးရွာ စုစုပေါင်းကျေးရွာ ခြောက်ရွာတို့အား မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ စားဝတ်နေရေး အဆင်ပြေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး မြစိမ်းရောင်ကျေးရွာဖွဲ့စည်းရေးအဖြစ် ကျေးရွာအိမ်ခြေ ၈၀ နှင့်အထက်ရှိသော ကျေးရွာများကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ယာဉ်မတော်တဆမှုများ ကျဆင်းပပျောက်စေရေး အသိပညာပေး

**ဝါးခယ်မ ဇူလိုင် ၁၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက် စည်ပင်သာယာဈေးအနီးတွင် ခရီးသွားပြည်သူများ၊ ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်မှုကို ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဦးထက်အောင်ဖြိုး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ယာဉ်စည်းကမ်းစစ်ဆေးရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက် နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျ လိုက်နာသိရှိစေရန် ရည်ရွယ်ပြီး ပညာပေးကာလအနေဖြင့် ဇွန် ၂၁ ရက်မှ ဇူလိုင် ၂၀ ရက်ထိ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခေါ်ယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှစတင်ကာ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများဖြင့် စတင်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေး ဆောင်ရွက်မှုတွင် မြို့နယ်အတွင်းသို့ သုံးတန်ကျော်ယာဉ် ဝင်ရောက်မှုမရှိစေရန်၊ ဆိုင်ကယ်စီးနင်းပါက ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်ရှိစေရန် ပညာပေး စစ်ဆေးခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပါက ပြစ်မှု၊ ပြစ်ဒဏ်များ၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ သိရှိစေရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# ဟသ်ာတခရိုင် အင်္ဂပူမြို့နယ်တွင် ငဝန်မြစ်ကမ်းပါးပြို၍ပြောင်းရွှေ့သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



**အင်္ဂပူ ဇူလိုင် ၁၈**
ဟသ်ာတခရိုင် အင်္ဂပူမြို့နယ်တွင် ငဝန်မြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့သွားသည့်အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၁၆ ရက်က ကံဘက်ကျေးရွာအုပ်စု သာယာကုန်းကျေးနှင့် သက္ကယ်ပြင်(သံ)ကျေးရွာအုပ်စု ကညင်ရိုးကျေးရွာတို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်က အားပေးစကားပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက မိတ်ဆက်စကားနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်မှုကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပေးအပ်သော ထောက်ပံ့ငွေ၊ ဆန်နှင့် ပစ္စည်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှပေးအပ်သော ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ရာ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ကျေးရွာပြည်သူများက ကျေးရွာတွင်းလိုအပ်ချက်များအား တင်ပြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေါင်းစပ်ဖြေရှင်းပေးခဲ့ကြသည်။

ယင်းနောက် ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့သည် ကျေးရွာတွင်း ငဝန်မြစ်ရေဝင်ရောက်နေမှုနှင့် ကမ်းပြိုမှုများအား ကြည့်ရှုခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများအား အားပေးစကားပြောကြားခဲ့သည်။

ယင်းနေ့က သာယာကုန်းကျေးရွာမှ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စု ၁၁ စု၊ ကညင်ရိုးကျေးရွာမှ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုဝင် ကိုး စုတို့အတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## ဝါးထရံထက် သစ်ပင်အုပ်သည့်ခွေများကိုသာ ရက်လုပ်နေရ

**မန္တလေး ဇူလိုင် ၁၈**
မန္တလေးမြို့ ဧရာဝတီမြစ်ဆိပ် ဝါးဖောင်များမှ ဝါးများကို ဝယ်ယူကာ ဝါးထရံနှင့် ဝါးကပ်ရက်လုပ်ခြင်းလုပ်ငန်းကို တစ်နှစ်ပတ်လုံး ပြုလုပ်ကြရာ မိုးတွင်းကာလတွင် ဝါးထရံရက်လုပ်ခြင်းထက် သစ်ပင်များစိုက်ပျိုးခြင်း ဥယျာဉ်ခြံတည်သူများ သစ်ပင်ကာရံခြင်းများတွင် အသုံးပြုသည့်ခွေများကို အများစုရက်လုပ်နေရသည်။

ခွေတစ်ခွေလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချပြီး မှာယူသူများပြားလျက်ရှိသည်။ ခွေတစ်ခွေလျှင် လက်ခအဖြစ်ငွေကျပ် ၅၀၀ နှုန်းရရှိသည်။ ရက်လုပ်သူများမှာ မိသားစုလိုက်ဝိုင်းကာ ရက်လုပ်ကြသည်။ နေ့စဉ်ရက်ခအဖြစ်ငွေကျပ် ၆၀၀၀ ကျော်ရရှိသည်။

ဝါးထရံရက်လုပ်သည့် လုပ်ငန်းမှာ ဝါတွင်းအရောင်းအဝယ်ပါးပြီး ကျန်လများတွင် ရောင်းအားကောင်းသည်။ ထရံများကိုတင်းဝါးဖြင့် ရက်လုပ်ကြသည်။ တင်းဝါးများကို ဝါးအစွပ်လိုက် ဝယ်ယူကာရက်လုပ်ကြသည်။ အခြားဝါးဖြင့်ရက်လုပ်ခြင်းကို ဝါးကပ်နှင့်အတူ ထရံများကို မှာယူမှု အလိုက် ရက်ပေးကြရသည်။ ထရံရက်လုပ်မှု ရောင်းချမှုတွင် ထရံတစ်ပေပတ်လည်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့်ရောင်းချကြသည်။

ယင်းဒေသတွင် ဝါးကပ်၊ ဝါးထရံ၊ ဆေးလိပ်ခြင်းနှင့် ရေခဲချောင်းပြုလုပ်ရာတွင် သုံးသည့် ဝါးတုတ်ကလေးများကို ပြုလုပ်လေ့ရှိသည်။ ဝါးနှင့်ထရံရောင်းဝယ်သူများမှာ ထရံရက်သူများကို ပုတ်ပြတ်စနစ်ဖြစ် ငှားရမ်းရက်လုပ်ကြသည်။ **တိမ်တမန်**



tawGrif

# ပညာမြစ်ကိုစွန့်၍ဥစ္စာချောင်းကိုမရှာစေချင်

**ခ မျိုးအောင်(ညောင်ဦး)**

လူ့ဘောင်လောက၌ ကျောင်းပညာသင်ချိန်အရွယ်တွင် မိမိဘဝတိုးတက်ရာလမ်းစဖြစ်သော မြစ်ကြီးသဏ္ဌာန်နှင့် တူသည့် ပညာကိုစွန့်ကာ ချောင်းငယ်ပမာမျှသာရှိသည့် ငွေကြေးဥစ္စာနောက်သို့ လိုက်နေကြသူများ မိမိတို့ ပတ်ဝန်းကျင်၌ အများအပြားရှိသည်။

ယနေ့ကမ္ဘာကြီးကိုကြည့်လျှင် နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ ထိပ်တန်းရောက်ရန်အတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံပညာအားပြိုင်နေကြသည်။ ယနေ့ ပညာခေတ်ကြီး (Knowledge Age)၌ မိဘများအနေဖြင့် မည်သို့ပင်အခက်အခဲရှိစေကာမူ သားသမီးများအား ကျောင်းနေအရွယ် ပညာသင်ချိန်တွင် ပညာကိုစွန့်ပယ်မသွားရန် သားသမီးများ၏ဆန္ဒအမှားကို အလိုမလိုက်ဘဲ ပညာသည်သာအဓိက၊ ပညာသည်သာဘဝပန်းတိုင်၊ ပညာသည်သာ မိမိဘဝအားကိုးရာဟူ၍ ပညာ၏ အရေးကြီးပုံကို ဥပမာ၊ သာဓကများဖြင့် ပြောဆိုဆုံးမရပေမည်။ ဗုဒ္ဓတရားတော်မှာပင် ပညာသည်သာ ထိပ်က ပညာကို အလွန်မှ အသွင်မတူအောင် အလေးအနက်ဟောပြ ဆုံးမသွန်သင်ခဲ့သည်။

အချို့မှာ ပညာသင်စရိတ်တတ်နိုင်ပါလျက် ပညာသင်ချိန်အရွယ်၌ ပညာကိုစွန့်၍ ငွေကြေးဥစ္စာ နောက်သို့ လိုက်ကာ တက္ကသိုလ်ဝင်တန်းအောင်သော်လည်း ဘွဲ့ပင်မယူ စီးပွားရေးလမ်းကို နင်းကြလေသည်။ ကြီးပွားချမ်းသာသွားသူများရှိသလို ပညာတစ်ပိုင်းတစ်စဖြင့် ဟိုအလုပ်မမီ ဒီအလုပ် လှမ်းမရ၊ ဟိုအလုပ်ပြောင်း ဒီအလုပ်ပြောင်းနှင့် ယောင်လည်လည် ဖြစ်နေကြသူများကား ပို၍များလှသည်။ အချို့ကတော့ ပစ္စည်းဥစ္စာပြည့်စုံချိန်၌ အကြောင်းအမျိုးမျိုးကြောင့် ပညာ၏အရေးပါမှုကို သိရှိလာသော်လည်း နောင်တရင်ဝယ်ပိုက်ကာ နေကြရသူများလည်း ရှိသည်။

ကျင်လည်ရာလူ့လောကတွင် ပညာတစ်ဖက် ဝမ်းစာတစ်ဖက်ဖြင့် ရုန်းကန်နေကြရသူများလည်းရှိနေပြီး မည်သို့ပင်အခက်အခဲရှိစေကာမူ ပညာကိုလက်လွှတ်အဆုံးရှုံးမခံသင့်ပေ။ ပျက်စီးခြင်း အကြောင်းတရား များပြားလှသည့် ယနေ့ခေတ်ကြီးတွင် ပညာမဲ့လျှင် ဆင်ခြင်တုံတရားနည်းပါးကာ လမ်းမှားရောက်မည်မှာ ဧကန်မလွဲပေ။ ပညာလို အိုသည်မရှိ ဆိုသည့်အတိုင်း လူ့ဘဝတွင် ပညာဆိုသည့် သင်္ဘောကို ကျောက်ချထား၍မရဘဲ အမြဲစုန်ဆန်သွားလာရင်း ဘဝ၏ တိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေနေဖို့ လိုအပ်ပေသည်။

ပညာနှင့် ဥစ္စာယှဉ်ပြိုင်နေသည့် ဤလောကတွင် "ငွေရှိလျှင် ပညာတတ်များအား ခိုင်းစားလို့ရသည်" ဟူသော အတွေးအခေါ်အမှား အယူအဆအမှားကို ကိုင်စွဲနေကြသူများလည်းရှိသည်။ ထိုသို့အတွေးအခေါ်နိမ့်သော အယူအဆအမှားမျိုးကိုမူ လူငယ်များအနေဖြင့် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ဤသို့ဆိုလျှင် နိုင်ငံ့ရတနာ လူငယ်များသည် ပန်းပွင့်မပွင့်မီ အငုံဘဝဖြင့် ညှိုးနွမ်းသွားရသည့် အဖြစ်မျိုး မရောက်စေဖို့ ပညာစွန့်၍ ငွေနောက်လိုက်ခြင်းကို ရှောင်ကြဉ်ကာ ပညာသင်ချိန်အရွယ်၌ ပညာကိုသာ အပတ်တကုတ်လေ့လာသင်ယူခြင်းဖြင့် ပြည့်စုံအေးချမ်းသည့် ကိုယ်ပိုင်ဘဝကို တည်ဆောက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုပါ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

**ပညာစွန့်၍ ငွေနောက်လိုက်ခြင်းကို ရှောင်ကြဉ်ကာ ပညာ သင်ချိန်အရွယ်၌ ပညာကိုသာ အပတ်တကုတ်လေ့လာ သင်ယူခြင်းဖြင့် ပြည့်စုံအေးချမ်းသည့် ကိုယ်ပိုင်ဘဝကို တည်ဆောက်ရင်း…**



# ဈေးမကောင်းသော်လည်း နှင်းဆီများအပွင့်ကောင်း၍ နှင်းဆီစိုက်တောင်သူများ နေ့စဉ်ဝင်ငွေရရှိ

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် သာဂလကျေးရွာတွင် နှင်းဆီပင်စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ဝင်ငွေရရှိလျက်ရှိကြောင်း နှင်းဆီစိုက်ပျိုးသူများထံမှ သိရသည်။

နှင်းဆီပင် တစ်ဧကစိုက်ပျိုးထားသူ ဦးကျော်ကျော်လွင်က နှင်းဆီပင်ပေါက်တွေကို မန္တလေးမြို့ကနေ တစ်ပင်နှစ်ရာနှုန်းနဲ့ဝယ်ယူပြီး အနက်ခြောက်လက်မ၊ ပင်ကြားတစ်ပေခွဲ၊ တန်းကြားသုံးပေထားပြီး စိုက်ပါတယ်။ တစ်ဧကကိုအပင်ပေါင်း ၆၀၀၀ စိုက်ပျိုးနိုင်ပြီး ကုန်ကျမှုအနေနဲ့ကတော့ တစ်ဧကကို အလုပ်သမားခ၊ ဆေးဖျန်းခအပါအဝင် ကျပ်သိန်း ၂၀ ခန့်ရှိပါတယ်။ စိုက်ပျိုးပြီးခြောက်လကြာတဲ့အခါမှာ အပွင့်တွေကို ဆွတ်ခူးရောင်းချလို့ ရပါပြီ။ သက်တမ်းကတော့ ငါးနှစ်အထိ ခူးယူလို့ရပါတယ်။ ရောင်းချတဲ့အခါမှာလည်း နှင်းဆီဆူးမဲ့ပိုက်အုပ် ၁၀ ပွင့်တစ်စည်းကို ငွေကျပ် ၂၅၀ နဲ့ ရောင်းချရပြီး နှင်းဆီမော်ဒယ်စိမ်း ၁၀ ပွင့် တစ်စည်းကို ငွေကျပ်၁၅၀ နဲ့ရောင်းချ ရပါတယ်။ တစ်နေ့လျှင် ပျမ်းမျှအပွင့်ရေ ၂၀၀၀ ခန့် ခူးဆွတ်ရောင်းချရသဖြင့် နေ့စဉ်ဝင်ငွေရရှိပါတယ်။ ဆောင်းတွင်းမှာဆိုရင် အပွင့်လိုက်ကောင်းပြီး ဈေးကောင်းရရှိတဲ့အတွက် တစ်နေ့ဝင်ငွေ ခုနစ်သောင်းခန့်ရရှိပြီး နွေရာသီနဲ့ မိုးရာသီမှာဆိုရင် အပွင့်လိုက်နည်းတဲ့အတွက် တစ်နေ့ ပျမ်းမျှဝင်ငွေကျပ် သုံးသောင်းလောက်ပဲရတယ်။ မန္တလေးမြို့နဲ့ မကွေးမြို့များသို့ တင်ပို့ရောင်းချပါတယ်"ဟု ဆိုခဲ့သည်။

(ရွှေရဲရင့်)

# ပိုးလောက်လမ်းများ မပေါက်ပွားရေးဆေးခတ်ပက်ဖျန်းပေး

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန် အရှေ့ပိုင်းမြို့နယ် တောင်ဒဂုံ (မြို့သစ်) အမှတ်(၅၇) ရပ်ကွက်တွင် ကျန်းမာရေး စီမံချက်အရ ခြင်များမပေါက်ပွားစေရန် ပိုးလောက်လမ်းများအား ရပ်ကွက်အတွင်း နေထိုင်ကြသော ပြည်သူများ၏ နေအိမ်များသို့ ရေစည်၊ ရေကန်များအတွင်း လိုက်လံဆေးခတ်ပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆေးခတ်ပက်ဖျန်းရာတွင် တောင်ဒဂုံမြို့နယ် ကျန်းမာရေးဌာနမှ ဆရာမဒေါ်နီလာဝင်း ဦးဆောင်သော ဆရာ ဆရာမများ၊ NGO အဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး ဦးဆောင်သော ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင့်သန်း




(၆၉) နှစ်မြောက် အာဇာနည်နေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ဖျာပုံမူလတန်းကြိုကျောင်းကျင်းပစဉ်။ (ကြေးမုံ)



ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(၁) နေပြည်တော်၊ တပ်ဖွဲ့စု(၈) တပ်ကုန်းမှ ဒု-ရဲအုပ်ဌေးလွင်(ခ) နေမျိုးသူရနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွေးနှင့် တာဝန်ရှိသူများ မ. ထ. သ(မြို့တွင်း) မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ ပူးပေါင်း၍ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် အောင်ဆန်းခန်းမအနီးတွင် မော်တော်ဆိုင်ကယ် မောင်းနှင်သူများနှင့်(မြေပြင်)ထိတွေ့ ဆက်ဆံ၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဆောင်ရွက်စဉ်။ ဆရာမင်း(ရုပ်ဗေဒ)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ လက်လမ်းစာစောင်များဖြန့်ဝေ

**ကျောက်ဆည် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆောက်ကုန်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အမှတ် (၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းက ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် မြင်စိုင်းခန်းမ၌ ကျောက်ဆည်-မန္တလေး ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် သုံးဘီးဆိုင်ကယ်မောင်းနှင်သူများအား အမှတ် (၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ရဲအုပ်ကျော်စိုးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အချက်အလက်များ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အောင်ဖြိုးကျော်

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ထိန်တော ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် ထိန်တောမြို့ လျှပ်စစ်မျုးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဇူလိုင် ၁၅ ရက်က မြို့နယ်လျှပ်စစ်မှူး ဦးမြင့်ဝေ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ထိန်တောဈေးအတွင်း လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာ အချက်များပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း ဇူလိုင် ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ချေးငွေဖြင့် ပါဒကြီးကျေးရွာနှင့် အဒွတ္တောကျေးရွာတို့တွင် ကျေးရွာသူ ကျေးရွာသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတန်ဂျီးနှင့် ဝန်ထမ်းများက ဇူလိုင် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုကြောင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေမှာ လူတစ်ဦးချင်းမှ မိသားစုအလိုက်ဝင်ငွေတိုးပွားရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

အောင်ဆွေ (ရွှေတံတား)



# သီဟအောင်မြေစေတီတော်ဌာပနာသွင်း ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကာအနေကဇာတင်ပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ဖောင်းကတာကျေးရွာအုပ်စု ဇီးတောကျေးရွာသစ်ရှိ စန်းမြဝတီ ဘုန်းတော်ကြီးကျောင်းအတွင်းမှ သီဟအောင်မြေစေတီတော်အား ဌာပနာသွင်းခြင်း၊ ရွှေထီးတော်တင်ခြင်း၊ ဗုဒ္ဓါဘိသေကာအနေကဇာတင်ခြင်း သိမ်နှုတ်၊ သိမ်သမုတ်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်နှင့် တာဝန်ရှိသူများက ဌာပနာသွင်းခြင်း၊ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို ပင့်ဆောင်ပြီး စေတီအား လက်ယာရစ် လှည့်လှည်ပူဇော်ကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်အဆင့်ကို စေတီတော်အထက်သို့ တင်လှူပူဇော်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဆားလင်းကြီးမြို့နယ် သံဃာ့နာယကဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ (ကံစွယ်ကျောင်းဆရာတော်) အမှူးပြုသည့် သံဃာတော်(၄၅)ပါး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ ယင်းမာပင်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ စီမံကိန်းတာဝန်ခံ ဦးလှစိန်၊ မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဇီးတောကျေးရွာသစ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံများ တက်ရောက်ခဲ့ကြပြီး ဇီးတောရွာဟောင်းရှိ စန်းမြဝတီကျောင်းတိုက်မှ ဆရာတော် ဦးအာလောကက ရွာသစ်ရှိ အဆိုပါကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ (မူကြိုဆရာမ) သင်တန်းဖွင့်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်လူမှုဝန်ထမ်းရုံး၌ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းကကျင်းပသည်။

"သင်တန်းတွင်ကလေးများ၏အခြေခံလိုအပ်ချက်များ၊ ကလေးဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကလေးစိတ်ပညာ၊ ကလေးများ၏ လက်ချောင်းကြွက်သားများ သန်မာစေရေးအတွက် လက်မှုပညာအဖြစ်စက္ကူခေါက်ခြင်း၊ အခြေခံပန်းချီရေးခြင်း၊ ကျန်းမာရေးနှင့်အာဟာရစသည့်စိတ်ဝင်စားဖွယ်ဘာသာရပ်များကို သင်ကြားပေးမှာဖြစ်ပါတယ်။ သင်တန်းတက်ရောက်ခြင်းအားဖြင့် မူကြိုအရွယ်ကလေးသူငယ်များအား နည်းစနစ်မှန်ကန်စွာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ပြုစုစောင့်ရှောက်ပေးနိုင်မယ့် အကျိုးကျေးဇူးတွေရရှိနိုင်မှာ"ဟု နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးမောင်မောင်တာက သင်တန်းဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

သင်တန်းသူတစ်ဦးက "မူကြိုအရွယ်ကလေးငယ်များ ပြုစုပျိုးထောင်ရေးဆိုင်ရာ နည်းစနစ်များ၊ အသက်အရွယ်အလိုက် ပြုစုပျိုးထောင်ပေးရမယ့်နည်းလမ်းတွေနဲ့ သင်ကြားနည်းလေးမျိုးတွေကို စာတွေ့၊ လက်တွေ့သင်ကြားပေးမှာဖြစ်လို့ မိမိတို့ကျောင်းအတွက် စနစ်တကျဖြစ်စေမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

အဆိုပါ သင်တန်းသို့ အစိုးရမူကြိုကျောင်းများ၊ တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှဖွင့်လှစ်ထားသော မူကြိုကျောင်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသူ စုစုပေါင်း ၃၅ ဦးတက်ရောက်ကြပြီး သင်တန်းဆရာ ၁၃ ဦး တို့ဖြင့် ဇူလိုင် ၁၅ ရက်မှ ၃၀ ရက်အထိ ၁၆ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါး ဖမ်းဆီးရမိရေး မော်တော်ယာဉ်များအား ရှောင်တခင် စစ်ဆေးရှာဖွေ

**ပုလဲ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၏ ကြီးကြပ်မှုဖြင့် ပုလဲမြို့နယ် အလယ်ဘုံကျေးရွာအထွက် ပုလဲ - ဂန့်ဂေါ ကားလမ်း၌ ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက ပုလဲမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဇော်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် တမူး၊ ကလေး၊ ဂန့်ဂေါမြို့နယ်များမှ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယာဉ်များတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှုရှိ၊ မရှိ ဖော်ထုတ်ဖမ်းဆီးရမိရေး အတွက် ရှောင်တခင်စစ်ဆေးရှာဖွေခဲ့ကြောင်း သိရသည်။



ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ရန်အောင်က "မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအနေနဲ့ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် တမူး၊ ကလေး၊ ဂန့်ဂေါမြို့နယ်များမှ ထွက်ခွာလာတဲ့ ခရီးသည်တင်မော်တော်ယာဉ်များနဲ့ ကုန်တင်မော်တော်ယာဉ်များက ပုလဲ-ဂန့်ဂေါကားလမ်းမှတစ်ဆင့် မုံရွာ၊ မန္တလေးနဲ့ ပခုက္ကူမြို့ကြီးတွေကို ဖြတ်သန်း သွားလာလျက်ရှိတာကြောင့် ယာဉ်ပေါ်မှာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှု ရှိ၊ မရှိ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရှောင်တခင်စစ်ဆေးရှာဖွေခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးရှာဖွေခြင်းလုပ်ငန်းကိုတော့ နေရာသတ်သတ်မှတ်မှတ်မထားရှိဘဲ ပုလဲမြို့နယ်ဧရိယာအတွင်းရှိ ပုလဲ-ဂန့်ဂေါကားလမ်းမတစ်လျှောက် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မရှိသေးသော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင် တားဆီးကာကွယ်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ပညာပေးစည်းရုံးဟောပြောဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# အာဇာနည်နေ့အကြို သီချင်း၊ ကဗျာ ရွတ်ဆိုပြိုင်ပွဲများကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၈**

တောင်တွင်းကြီးမြို့နယ် တရုတ်ကောအုပ်စု၊ တရုတ်ကောစံပြမူလတန်း ကြိုကျောင်းတွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မူကြိုကျောင်းသားကျောင်းသူလေးများ၏ အာဇာနည်နေ့အကြိုသီချင်း၊ ကဗျာ၊ ပုံပြင်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ တောင်တွင်းကြီးမြို့ တောင်ပြင်(၂)စံပြမူလတန်းကြိုကျောင်းတွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ အကြိုအခမ်းအနားအဖြစ် မူကြိုကျောင်းသားကျောင်းသူလေးများ၏ ပုံပြင်၊ ကဗျာ၊ သီချင်း၊ အက၊ တေးသရုပ်ဖော်ပြိုင်ပွဲကို မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# သမိုင်းဝင်မြို့ဦးကြာကန်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**သိန္နီ ဇူလိုင် ၁၈**

မိုးရာသီသစ်ပင်စိုက်ပျိုးရေးနှင့် လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိသိန္နီမြို့အဝင်ရှိ သမိုင်းဝင်မြို့ဦးကြာကန်(နောင်မိုဟိုမိန်း)စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးတို့အတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ရွှက်စိမ်းနု)၊ မြို့ဦးကြာကန်ထိန်းသိမ်းရေးကော်မတီဝင်များက သစ်ပင်စုစုပေါင်း ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# ချောင်းဆုံမြို့နယ်၌ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်း

**ချောင်းဆုံ ဇူလိုင် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ သုံးရွာဖြစ်သော ဒေါင်းရပ်အနောက်ကျေးရွာ၊ ပယ်ကူးကျေးရွာ၊ ကမနင်းကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်နိုင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန်အတွက် ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့အား မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့်အတူ စီမံကိန်းဝန်ထမ်းများမှ သွားရောက်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီအဆင့်ဆင့်ရွေးချယ်

**ကျိုက်မရော ဇူလိုင် ၁၈**


ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီရွေးချယ်ခြင်းကို ဇွန်လပထမပတ်က ကျိုက်မရောမြို့နယ် မိကသစ်ကျေးရွာအုပ်စု၊ ဖာသိမ်ကျေးရွာအုပ်စုနှင့် နိတုံကျေးရွာအုပ်စုတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျိုက်မရောမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင်က အမှာစကားပြောကြားပြီး ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကော်မတီများ အများဆန္ဒနှင့်အညီ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မြစိမ်းရောင်ချေးငွေ၊ ဝင်ငွေလည်ပတ်စီးဆင်းမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကော်မတီ ရွေးချယ်ပွဲသို့ တက်ရောက်လာသည့် မြစိမ်းရောင်အဖွဲ့ဝင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိမြင်တော်မူကာ ဘုရားဖြစ်ပြီဟု ဝန်ခံတော်မူသည့် ဝါဆိုလပြည့်နေ့



**à** ဒေါက်တာမောင်ဖြေ

မြတ်ဘုရားလောင်းတို့၏ မယ်တော်များသည် ပဋိသန္ဓေရှိခဲ့သောနေ့ရက်မှ လအားဖြင့် ၁၀ လ၊ ရက်အားဖြင့် ၂၉၅ ရက်မြောက်သောနေ့တွင် ရပ်နေသောအနေအထားဖြင့်သာ ဖွားမြင်ကြသည်။ ဘုရားလောင်းကိုဖွားမြင်ရာတွင်လည်း မျက်လုံးတော်ကိုဖွင့်၍ ခြေထောက်ကိုဆန့်ကာ လက်ဝါးဖြန့်ပြီး ငြိမ်သက်ချမ်းသာစွာ ဖွားမြင်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထဖွားမြင်သောအခါ မဟာဗြဟ္မာကြီးလေးပါးတို့မှ ရွှေဇာကွန်ရက်ဖြင့် ဦးစွာခံယူပြီးနောက် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့မှ မင်္ဂလာရှိသည်ဟု သမုတ်ထားသောသစ်နက်ရေဖြင့် ခံယူကြသည်။ ဘုရားအလောင်းတော်သည် ခြေတော်အစုံကို မြေ၌ရပ်လျက် အရှေ့အရပ်သို့မျက်နှာမူပြီး အရပ်ဆယ်မျက်နှာတို့၌ မိမိ၏ ပါရမီဉာဏ်ပညာအားဖြင့် တူသောသူရှိ-မရှိ သုံးသပ်တော်မူသည်။ မိမိနှင့်တူသောသူမရှိကြောင်း သိမြင်သောအခါ မြောက်အရပ်သို့ခြေလှမ်း ခုနစ်လှမ်းကြွခဲ့ရာ ခြေလှမ်းတိုင်းတွင် ကြာပွင့်များပေါ်ထွက်ကာ ခုနစ်လှမ်းကြွအပြီး ရပ်တန့်ခဲ့သည်။ ခြေလှမ်းများရပ်တန့်တော်မူပြီးလျှင်---

"အဂ္ဂေါဟ မသ္မိလောကဿ<br>
ဇေဋ္ဌောဟမသ္မိ လောကဿ<br>
သေဋ္ဌောဟမသ္မိ လောကဿ<br>
အယမန္တိမာ ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"

"ဘဝသစ်တစ်ဖန်ဖြစ်ရခြင်းသည် ငါ့တွင်မရှိတော့ပြီ" ဟူသောအကြောင်းကို ကြုံးဝါးကျူးရင့်တော်မူသည်။ ဘုရားအလောင်းသိဒ္ဓတ္ထအား လုမ္ဗိနီ၌ ဖွားမြင်ပြီးနောက် ငါးရက်မြောက်သော် ကပ္ပိလဝတ်၌ ခေါင်းဆေးမင်္ဂလာပြုခဲ့သည်။ မယ်တော်မာယာမှာ အသက် ၅၆ နှစ် ၄ လနှင့် ၂၇ ရက်တွင် နတ်ရွာစံခဲ့သည်။

အိန္ဒိယပြည်မြောက်ပိုင်းရှိ ကပ္ပိလဝတ်ပြည်ကိုအစိုးရသော သိဒ္ဓတ္ထမင်းဖြစ်စဉ်က အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းအမှုကို ပြု၏။ ထိုမင်းသည် အသက် ၂၉ နှစ် အရွယ်သို့ ရောက်အခါ မိမိ၏အိမ်ထောင်နှင့်တကွ ထီးနန်းစည်းစိမ်ကိုစွန့်၍ မအိုရာ၊ မနာရာ၊ မသေရာတို့၏ တရားကိုရှာသည်။

ထိုကဲ့သို့ရှာခြင်းမှာလည်း လူတို့၏ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကိုမြင်၍ သိ၍ ထိတ်လန့်တော်မူ၍ သေတာရှိလျှင် မသေတာရှိရမည်။ အနာရှိလျှင် ဆေးရှိရမည်။ အကောင်းရှိလျှင် အဆိုးရှိရမည်။ နေ့ရှိလျှင် ညရှိရမည်။ အလင်းရှိလျှင် အမှောင်ရှိမည်။ အဖိုဓာတ်ရှိလျှင် အမဓာတ်ရှိရမည် စသောဆန့်ကျင်ဘက်သဘောတရားများကို အခြေခံထား၍ တရားရှာထွက်ခဲ့ခြင်းဖြစ်သည်။

သိဒ္ဓတ္ထမင်းသားသည် တောတွင်းတွင် ခြောက်နှစ်ပတ်လုံးမအိုရာ၊ မနာရာ၊ မသေရာတရားကို ရှာ၏။ ဒုက္ခအမျိုးမျိုးကို ခံ၏။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကိုခံ၏။ မိမိကိုယ်ကို အပင်ပန်းခံဒုက္ခခံ၍ ကျင့်၏။ လူသာမန်တို့မခံနိုင်သော ဆင်းရဲကို ခံနိုင်သည်။ သို့သော် သူသိလိုသော မအိုတရား၊ မနာတရား၊ မသေရာတရားတို့ကား မတွေ့။ သူသည် သေမလောက်ခံရ၏။ တချို့ကသေပြီဟုပင်ပြော၏။ သူ၏ အပေါင်းအဖော်များကလည်း သူ့အား စွန့်လွှတ်၍သွားကြပေပြီ။

ဗုဒ္ဓသည် ခြောက်နှစ်ပတ်လုံး တရားကျင့်ပြီးနောက် ဗောဓိညောင်ပင်ရင်းတွင် မိမိ၏ခန္ဓာကိုယ်ကို မတွယ်တာဘဲ တရားအားထုတ်ရာ လောကတွင် သိအပ်သောတရားအားလုံးကို သင်ပြသူဆရာမရှိဘဲ မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍သိလေသည်။

ဗုဒ္ဓသည် မသေသောတရားကိုတွေ့သည်။ အမှန်တရားကိုသိသည်။ ဗောဓိဉာဏ်ကိုရသည်။ သို့ဖြစ် ဗုဒ္ဓဘွဲ့ထူးကို ယူလေသည်။ အမည်မှာဂေါတမဟုခေါ်၍ "ဂေါတမဗုဒ္ဓ" ဟု တွင်လေသည်။

ဗုဒ္ဓက လူအများတို့သိနေသော လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကခေါ်သည့် ကောင်းသောလောကသုံးပါးတွင် အတတ်ဆုံး၊ အသိဆုံးမိန့်တော်မူလေသည်။ ဤကဲ့သို့မိန့်တော်မူသောနေရာကား မိဂဒါဝုန်တောတွင်း၌ဖြစ်သည်။ အချိန်ကား ဝါဆိုလပြည့်နေ့ ညချမ်းနေဝင်ဆည်းဆာအခါဖြစ်သည်။ သက်သေအရာ၌ တည်သူများသည် ဗုဒ္ဓ၏ ယခင်ကမိတ်ဟောင်း တပည့်ဟောင်းများ ဖြစ်ခဲ့သူတို့ဖြစ်သည်။

ထိုအခါတွင် ဗုဒ္ဓက မိန့်တော်မူသည်မှာ -

ရဟန်းတို့၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ့အား လေးပါးကုန်သော အရိယာသစ္စာမြတ်တို့၌ စက်လည်ပတ်ပုံသုံးပါးရှိသော၊ သုံးပါးလေးလီအားဖြင့် တစ်ဆယ့်နှစ်ပါးရှိသော၊ ဟုတ်မှန်သောအတိုင်း ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည် စင်စင်ကြယ်ကြယ်မဖြစ်ပေါ်သေး။

ရဟန်းတို့၊ ယထာဘူတဉာဏ်အမြင် ကောင်းကောင်းမစင်ကြယ်သေးသမျှကာလပတ်လုံး ငါသည် နတ်နှင့်တကွဖြစ်သော မာရ်နတ်ဘုံနှင့် တကွဖြစ်သော၊ ဗြဟ္မာဘုံနှင့်တကွဖြစ်သော၊ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော၊ နတ်လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ အတုမရှိသော ဘုရားဖြစ်ရန် အလွန်အကဲမရှိအမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်၊ ဘုရားဉာဏ်တော်ကို ပိုင်ဆိုင်ရရှိပြီး ထိုးထွင်း၍သိတော်မူပြီဟူ၍ ဝန်ခံတော်မမူသေး။

ရဟန်းတို့၊ ထိုအခါ၌ ငါ့အားလေးပါးကုန်သော အရိယသစ္စာမြတ်တို့၌ စက်လည်ပတ်ပုံသုံးပါးရှိသော သုံးပါးလေးလီအားဖြင့် တစ်ဆယ့်နှစ်ပါးရှိသော ဟုတ်မှန်သော အတိုင်းပိုင်းခြားထင်ထင် ဉာဏ်အမြင်သည် စင်စင်ကြယ်ကြယ်ဖြစ်ပေါ်၍ လာကုန်သည်။

ရဟန်းတို့၊ ထိုအခါ၌သာလျှင် ငါသည် နတ်ပြည်နှင့်တကွ မာရ်နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ရဟန်း၊ ပုဏ္ဏား၊ သတ္တဝါများအလယ်၌ အတုမရှိသော ဘုရားဖြစ်ရန် သမ္မာသမ္ဗောဓိဉာဏ်၊ ဘုရားဉာဏ်တော်ကို ပိုင်ပိုင်ရရှိထိုးထွင်း၍ သိတော်မူပြီး "ငါဘုရားဖြစ်ပြီ" ဟု ဝန်ခံတော်မူပြီး ကျူးရင့်တော်မူလေပြီ။

## ဗုဒ္ဓမြတ်ဘုရားရှင်၏ တရားအပေါင်းတို့သည် ငါစွဲဖြုတ်ရန်အတွက် ဟောကြားတော်မူခဲ့သည်။ ငါစွဲဖြုတ်ရန်မှာလည်း ပထမအရေးကြီးဆုံးအနေဖြင့် လူဆိုသည်ကို ဖြုတ်ရပေမည်။ ထိုမှတစ်ဆင့် ရုပ်တရား၊ နာမ်တရားများကို သိရှိရန်လိုပေသည် . . .

ဗုဒ္ဓမြတ်ဘုရားရှင်၏ တရားအပေါင်းတို့သည် ငါစွဲဖြုတ်ရန်အတွက် ဟောကြားတော်မူခဲ့သည်။ ငါစွဲဖြုတ်ရန်မှာလည်း ပထမအရေးကြီးဆုံးအနေဖြင့် လူဆိုသည်ကို ဖြုတ်ရပေမည်။ ထိုမှတစ်ဆင့် ရုပ်တရား၊ နာမ်တရားများကို သိရှိရန်လိုပေသည်။ လူကိုယ်ခန္ဓာကို မစွဲလန်းစေရန်အတွက် လူဟူ၍မဟောဘဲ ကိုယ်ခန္ဓာ၏ အစုအဝေးဖြစ်ကြသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟုခေါ်သော မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ ဖွဲ့စည်းမှု၊ ယိုစီးမှုနှင့် ထောက်ကန်မှု၊ လှုပ်ရှားမှုဟူသော သဘာဝအစုအဝေးကြီးဖြစ်သည်။ ရဟန်းတို့သည် မြတ်စွာဘုရားဟောကြားသော တရားတော်ကို ဝမ်းမြောက်ခြင်းရှိကြကုန်သည်။ လူသားဖြစ်သော မိတ်ဆွေဟောင်းငါးဦးထဲမှ အရှင်ကောဏ္ဍညမထေရ်သည် ကိလေသာကင်းစင်သော၊ အညစ်အကြေးမရှိသော တရားဟူသမျှသည် ချုပ်ဆုံးခြင်းသဘောကို ဦးစွာသိမြင်သည်။ ထိုတရားအပေါင်းတို့သည် အကြွင်းမရှိ အမှန်ချုပ်ဆုံးခြင်းသဘောရှိသည်ကို သိသောကြောင့် "သောတာပတ္တိမဂ်ဉာဏ်" ဖြစ်ပေါ်ပြီး "သောတာပန်"ဖြစ်သွားလေသည်။

မြတ်ဗုဒ္ဓက အကြောင်းတရားကို အဓိကထား၍ နာမ်တရားတို့ကို ဟောကြားတော်မူလေသည်။ အသွေးအသားဟူ၍ မကြည့်အပ်။ ဓာတ်အစုအဝေးကို သိရမည်။ ရုပ်တရားနှင့် သိမှုကို အရေးထား၍ ဟောကြားတော်မူခဲ့သည်မှာ ဗုဒ္ဓရှင်တော်ဘုရားပင် ဖြစ်တော့သည်။

ရုပ်တရားနှင့် နာမ်တရားတို့တွင် လူဟူသော စကားအသုံး နည်းနည်းမျှမပါ။ သို့သော် နာမ်အစုအဝေးတို့သည် သတ္တလောကရှိ ဝေါဟာရအခေါ်၊ သတ္တဝါအားလုံးတွင် အတူတူပင်ရှိကြလေသည်။ ထို့ကြောင့် ရုပ်နာမ်အစုအဝေးသည် အမြတ်ဆုံးဟု အသိအမှတ်ပြုကြခြင်းဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရရှိတော်မူပြီး ဘုရားဖြစ်သောနေ့မှာပင် "တဏှာလက်သမား၊ သင်ဆောက်လုပ်ထားသော ခန္ဓာအိမ်ကြီးကို ငါမြင်ပြီ။ နောက်ထပ်မဆောက်ရတော့ပြီ" ဟု စိတ်ထဲမှကြိတ်ပြီး မနုဿဥဒါန်း ကျူးရင့်တော်မူခဲ့၏။ တဏှာလက်သမားကိုမြင်မှ၊ သိမှ၊ တွေ့မှ ဒီတဏှာလက်သမားလက်မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်မှုဖြစ်သည်ကို တွေ့ရှိတော်မူသော "ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိသဗ္ဗာ"အစရှိသည်တို့ကို ဟောကြားသည်။ ဘဝအသစ်မဖြစ်သော ဆင်းရဲခြင်းကင်းမည့် ကျင့်စဉ်များပါရှိလေသည်။ တရားတော်၏ အနှစ်သာရအားဖြင့် အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တစ်ဆယ့်နှစ်ပါးနှင့် ဗုဒ္ဓဖြစ်ပြီဟူ၍ ဝန်ခံတော်မူထားခြင်းဖြစ်သည်။

ဗုဒ္ဓက ဒုက္ခလေးမျိုးရှိကြောင်းကို ပြသည်။ ယင်းတို့မှာ ဇာတိပိဒုက္ခာ၊ ဇရာဒုက္ခာ၊ ဗျာဓိပိဒုက္ခာ၊ မရဏာပိဒုက္ခာ လေးမျိုးဖြစ်၏။ အဓိပ္ပာယ်မှာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲခြင်းတို့ဖြစ်၏။ ထိုဆင်းရဲဒုက္ခမျိုးကို ခန္ဓာကိုယ်နှင့်ပတ်သက်သော ဆင်းရဲဒုက္ခမျိုးဟု ခေါ်၏။

ဒုတိယဒုက္ခမျိုးမှာ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်း၊ ဆင်းရဲဒုက္ခနှင့် ချစ်သောသူနှင့် ကွေကွင်းရခြင်း ဆင်းရဲဒုက္ခဖြစ်သည်။ ထိုဆင်းရဲကိုလည်း ပတ်ဝန်းကျင်ဒုက္ခဟု ခေါ်သည်။

တတိယဒုက္ခမျိုးမှာ လိုချင်တပ်မက်ပါလျက် မရခြင်းဒုက္ခမျိုးဖြစ်၏။ ထိုဒုက္ခတို့သည် ကံကြမ္မာနှင့်ပတ်သက်သော ဆင်းရဲဒုက္ခဟု ခေါ်ခြင်းဖြစ်၏။

စတုတ္ထဒုက္ခမျိုးမှာ ခန္ဓာဆင်းရဲခြင်းဖြစ်ပေ၏။ ခန္ဓာငါးပါးရရှိလာသည့်အတွက် ဆင်းရဲရသောဒုက္ခမျိုးကို သင်္ခါရနှင့်ပတ်သက်သော ဆင်းရဲဒုက္ခမျိုးဖြစ်၏။ စတုတ္ထဒုက္ခသည် သင်္ခါရဒုက္ခမျိုးဖြစ်၏။ ဘုရားရှင်မှသာသိရသော ဒုက္ခမျိုးဖြစ်၏။ ထိုဒုက္ခသည် နိဗ္ဗာန်ကို အခြေခံရရှိခံစားနိုင်သည်။ ဖော်ပြပါ သင်္ခါရဒုက္ခသည် ဆင်ခြင်တုံတရားအရ သိရှိရသော ဒုက္ခမျိုးမဟုတ်ပေ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့်သာ သိနိုင်သော ဒုက္ခမျိုးဖြစ်ပါသည်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုသည်မှာလည်း ဆင်ခြင်တုံတရားနှင့်ရနိုင်သော ဉာဏ်မျိုးဖြစ်ပေါ်သော သင်္ခါရဒုက္ခကိုမြင်မှ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကို မြင်ရာရောက်ပေမည်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကို သိကြမှ ဆင်းရဲခြင်းကုန်ရာ ချမ်းသာစစ်၊ ချမ်းသာမှန်ကို သိနိုင်၊ မြင်နိုင်၊ ကြိုးစားနိုင်မည်ဖြစ်ပေသည်။

ဗုဒ္ဓသာသနာတော်တွင် ကျင့်ကြံအားထုတ်ခြင်းဟူသမျှသည် ငြိမ်းအေးရန်သာဖြစ်၏။ ထို့အတူ ဘာသာတိုင်း ဘာသာတိုင်း ကိုယ့်တရားနှင့်ကိုယ် ကျင့်ကြံအားထုတ်ခြင်းမှာလည်း ငြိမ်းအေးချင်၍ဖြစ်သည်။ သို့သော် ပုထုဇဉ်အများစုမှာ အေးချမ်းလိုသည်မှာ တစ်ဖက်ကမ်းမှ ငြိမ်းရာဖြစ်သော ဟိုမှာဘက်ကမ်းဆီသို့ ကူးဖြတ်ရမည်မှာ မြတ်ဗုဒ္ဓ၏ ဓမ္မတည်းဟူသော မဂ္ဂင်ဖောင်ကူးတို့အကြောင်းကို ဂဃနဏ လေ့လာသိရှိခြင်းကို မပြုနိုင်ကြချေ။ အဓိကအချက်ကား အထက်တန်းကျသော ဗုဒ္ဓစာပေကျမ်းဂန်များကို မန္တစပ်ခြင်းနှင့် ဂဃနဏမလေ့လာခဲ့ခြင်းက အကြောင်းတစ်ရပ်ပင် ဖြစ်သည်။ အကျိုးဆက်အနေဖြင့်လည်း ကိုယ်ပိုင်ဉာဏ်ဖြင့် မချင့်ချိန်ဘဲ သူတစ်ပါးပြောကြားရုံမျှ တစ်ဆင့်စကားကြားရုံမျှဖြင့်သာ အစွန်းတရားများဆီသို့ ချဉ်းကပ်မိလျက်သား ဖြစ်ခဲ့ကြရသည်။

အချုပ်အားဖြင့် ကိလေသာမှလွတ်မြောက်မှုသည် တဒင်္ဂလွတ်ခြင်း၊ ဝိက္ခမ္ဘနလွတ်ခြင်းမဟုတ်ပဲ သမုစ္ဆေဒ လွတ်ခြင်း၊ ပဋိပဿဒ္ဓိလွတ်ခြင်းဖြစ်၍ ဟုတ်တိုင်းအမှန်ဖြစ်သော ဉာဏ်သည်ထင်ရှားဖြစ်ပေါ်၍လာပြီး လွတ်မြောက်မှုသည် ခိုင်ခံ့တည်တံ့လေပြီ။ ဘဝ၏အဖြစ်သည် အဆုံးစွန်သော ဘဝအဖြစ် ဖြစ်ပေသည်။ ဘဝအသစ်တစ်ဖန်ဖြစ်ရန်အရေးတို့သည် မရှိတော့ပြီဟု မိန့်ကြားတော်မူသော ဓမ္မစကြာတရားဒေသနာတော်ကြီးကို ဝါဆိုလပြည့်နေ့က ဟောကြားတော်မူခဲ့သည်။

သီတာဂူရွှေပြည်ဟိန်း စကျာဒါန်ဆေး၏ ဇူလိုင်လ၊ ၂၃၊ ၂၄ (၆၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇူလိုင်လ (၂၃-၂၄)ရက်များတွင် ၆၄-ကြိမ်မြောက် ဦးရေ (၈၀၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စကျာဒါန်ဆေး၏ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာသာ၊ ရွှေတောင်။ (ကျိုက္ကဆံစေတီပါဝင်။ တာမွေလေး။ သိလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စမာသိရိလက်ခံ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ ငွေလွှဲ၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



# Columbus Vocational Education Centre
# (CVEC)
## (1)Introductory course to Inbound Tour operations in Myanmar

**Tour Company** များတွင်ဝန်ထမ်းလိုအပ်ချက်အလွန်မြင့်မားနေတယ်ဆိုတာကိုသင်သိပြီးပြီလား?
ယနေ့နိုင်ငံတကာတွင်ခရီးသွားလုပ်ငန်းသည်ငွေကြေးလည်ပတ်မှု အများဆုံးနှင့်အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖန်တီးပေးနိုင်သောလုပ်ငန်းဖြစ်သည်။ ၎င်းလုပ်ငန်းကြီးထဲတွင်တထောင့်တနေရာမှပါဝင်ခြင်းအားဖြင့်သင်၏နောင်ရေးစိတ်အေးရမည်။

**Tour Company** များတွင် ဝင်ရောက်လုပ်ကိုင်လိုသူ လူသစ်များအတွက် မရှိမဖြစ် လိုအပ်သော **Basic knowledge of Tourism Industry** များကိုသင်ကြားမည့်အပြင်မြန်မာနိုင်ငံ၏ **Tour destination** များ၊ **attraction** များ၊ **Facility** များ အကြောင်းနှင့် **operation**အတွက်လိုအပ်သော**Basic knowledge** များကို အတွေ့အကြုံရှိပြီးလက်တွေ့လုပ်ကိုင်နေသော ဆရာများက သင်ကြားပေးမည်ဖြစ်သည်။၎င်းအပြင်လုပ်ငန်းခွင်လေ့လာခွင့်များအဖြစ်
- **Hotel Inspection**

*ဘယ်သူတွေတက်သင့်သလဲ*
- **Tour Company** တည်ထောင်လိုသူများ
- **Tour Company** တွင်အလုပ်ဝင်လိုသူများ
- **Tour Guide** လုပ်လိုသူများ
- **Hotel** တွင်အလုပ်ဝင်လိုသူများ
- နိုင်ငံခြား **Company** ကြီးများ၊ **NGO**များ၏ **Travel Section**များတွင်ဝင်လုပ်လိုသူများ
- လေကြောင်းလိုင်းတွင်ဝင်လုပ်လိုသူများ

သင်တန်းဖွင့်မည့်နေ့ - ၁၃ . ၈ . ၂၀၁၆
သင်တန်းအချိန် - စနေ(၁:၀၀ မှ ၅:၀၀) ၊ တနင်္ဂနွေ(၈:၀၀ မှ ၁၂:၀၀)
သင်တန်းကာလ - ၆ ပတ်
Facebook – cvecgroup@gmail.com
No(65) ဝါးတန်းလမ်း၊ လမ်းမတော်။ ဖုန်း – 01-2315868, 09250293831



တာဝတိံသာ
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
Ph: 09 32152526
09 421024222
09 31483218
09 49344288



ကုသိုလ်လည်းရ . . . လက်ဆောင်လည်းရ. . .

မြန်မာပြည်တွင် "ပထမဦးဆုံး" "တစ်ဦးတည်း" **"Organic"** လက်မှတ်ရ သဘာဝပေါ်ဆန်းမွှေးစစ်စစ်

လမြတ်ဝါဆို အခါသမယတွင် ကုသိုလ်ပြုလုပ်လိုသူများအတွက် **ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝ** "Certified Organic" **ပေါ်ဆန်းမွှေးစစ်စစ်နှင့်** ကုသိုလ်ပြုကြပါစို့. . .
"Certified Organic" **ဆန်(၂၄)ပြည် (၁)အိတ်ဝယ်ပြီး** Slimbag **(၁)လုံး လက်ဆောင်ရယူပါ။**
Promotion Period (16.7.2016) မှ (31.7.2016) ထိ
Ph: 221834, 09-785750525, 09-5150525



CROWN EDUCATION
LASALLE COLLEGE OF THE ARTS

စင်ကာပူနိုင်ငံရှိ LASALLE အနုပညာကျောင်းတွင် (၃)နှစ်တာအတွက် တစ်ဦးလျှင် စင်ကာပူအစိုးရထောက်ပံ့ကြေး - SGD 43,500 ရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများအတွက်

"အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း"






PUN HLAING SILOAM HOSPITALS



အသည်းရောင်အသားဝါဘီပိုး ကင်းစင်သော မျိုးဆက်သစ်ဆီသို့
WORLD HEPATITIS DAY 28 July 2016

ရောဂါပိုးရှိမရှိစစ်ဆေးခြင်း Screening
ကာကွယ်ဆေးထိုးခြင်း Vaccination
ထပ်မံထိုးနှံခြင်း Booster

up to 60% Off
8 July to 8 August 2016

Pun Hlaing Siloam Hospitals
Pun Hlaing Golf Estate Avenue,
Hlaing Thayar Township, Yangon, Myanmar.
01 - 68 44 33



နိုင်ငံခြားပညာရေး အတွက် ပံ့ပိုးကူညီ အားထားရာ STUDY ABROAD Information Centre

SIM GLOBAL EDUCATION

# A Singapore education is a step towards Global Recognition

Gain a Global Edge at **Singapore Institute of Management (SIM)** with our reputable partner universities

Top 3 Best Private Institute for 8 Consecutive Years at AsiaOne People's Choice Awards (2008/2009 – 2016)



Join us at our Info Seminar to find out more now!
Yangon
Date: 23 July 2016, Saturday
Time: 10am – 12pm
Venue: Novotel Hotel, Level 4, Pagan Room

Mandalay
Date: 24 July 2016, Sunday
Time: 10am – 12pm
Venue: Sedona Hotel, Amarapura Ballroom

STUDY ABROAD Information Centre
Diamond Condo Tower B, Room 1502, Floor 15, Pyay Road, (Near Myint-Tar-Oo Clinic) Kamaryut Township, Yangon
+9595151008, +95973242404

THE GLOBAL EDGE | ABILITY | ADAPTABILITY | EMPLOYABILITY
simge.edu.sg



တိုက်နှင့်ခြံရောင်းမည်
၄၀'×၆၀'ဂရန်အမည်ပေါက်
BN (၂)ထပ် အသစ်နီးပါး
Master (၂)ခန်း၊
Single (၁)ခန်း
ကား(၃)စီးဆံ့၊ ရေ၊ မီးအစုံ
(၁၆)ရပ်ကွက်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့
Ph:09 259258407
09 31233275



ဒဂုံမြို့သစ်
အခရှုံး၊ ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း မြောက်ပိုင်း များရှိမြေကွက်များကို ရောင်းပေးဝယ်သည်။
09-500 5916
09-730 97123







**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)**

၁။ စမ်းချောင်း၊ ပေ(၁၂ ၁/၂ × ၅၀ )၊မြေညီ(ထပ်ခိုး-၃/၄)ပါ၊ MBR(1), BR(1), A/C(2)၊ ရေပူရေအေး၊ ကြွေပြားပြည့်၊အဆင့်မြင့်ပြင်ဆင်ပြီး (ကားထားရ)။ သိန်း ၉၇၀

၂။ စမ်းချောင်း၊ ပေ(၁၂ ၁/၂× ၅၀)၊ ဒု-ထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ အိပ်ခန်း(၁)ခန်း၊ မျက်နှာကြက်ကောနစ်၊ ပြင်ဆင်ပြီး တိုက်ခန်းသစ်။ သိန်း ၄၉၀

**ဆက်သွယ်ရန်ဖုန်း-09-777377462, 09-5185350**

**ခြင်အန္တရာယ်ကင်းဝေးဖို့**
**ပိုးလောက်လန်းဆေး သုံးကြစို့**
**မိုးရာသီအထူးဈေးနှုန်း**

တီမီဖော့ ၂၅ ကီလို ၁ ပုံး မူရင်းဈေး ~~၇၀၀၀၀~~ ကျပ်
**၂၀% လျှော့ဈေး ၆၄၀၀၀ ကျပ်**
အိမ်သုံး တီမီဖော့ ၅၀ ဂရမ် ၁ ထုပ် မူရင်းဈေး ၄၀၀ ကျပ်
**၅ ထုပ်ဝယ် ၂ ထုပ်လက်ဆောင်**
တီမီဖော့ ၂၀ ဂရမ် ကို ရေ ၁ တိုင်ကီတွင် ထည့်သွင်းပြီး
ရက်ပေါင်း ၆၀ အထိ ရေကိုလဲလှယ်အသုံးပြုနိုင်သည်။
လူနှင့်ကျောရိုးရှိ တိရစ္ဆာန်များအား ဘေးဥပဒ်အန္တရာယ်မရှိပါ။
Eternal Victory General Trading Co., Ltd.
အမှတ်-၈၀၁၊ ဝင်းရွှေဝါကွန်ဒို၊ ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၂၃၀၀၂၄၆၊ ၀၁ ၂၂၆၇၄၄၊ ၀၉ ၅၁၁၈၄၄၈
မှတ်ပုံတင်အမှတ် - Pa-Ma-Pha 3/2015 (897)




လချုပ် ကားငှားမည်။
Toyota Vitz 2011 Model
ကားသစ် 9K/အဖြူရောင်(၁လ၄သိန်း)
မြောက်လချုပ်သူ ဦးစားပေးပါမည်။
09-31905545
09-450030589

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း၊** မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
**09-6809893**
**09-5120620**

# ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည်

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ တိုက်အမှတ် (၁)၊ အခန်း (၂၀)၊ ဖဆပလရပ်ကွက်နေ (ဦးရွှေသွယ်-ဒေါ်စောခင်)တို့၏ သမီး၊ (ဦးကျော်အေး)၏ဇနီး၊ (ဦးထွန်းလှိုင်-ဒေါ်စန်းမြင့်)၊ (ဦးဘသောင်း)-ဒေါ်သန်းနု၊ (ဦးထွန်းဟန်-ဒေါ်စောတင်)၊ (ဦးအောင်ရှိန်-ဒေါ်အုန်းသွင်)၊ (ဦးဖေသင်-ဒေါ်နု)တို့၏ ညီမ၊ (ဦးတင်ရှိန်)-ဒေါ်ရင်နုတို့၏ အစ်မ၊ ဦးရွှေနီ-ဒေါ်ခင်လေး၊ ဒေါက်တာရဲမြင့်-ဒေါ်တင်တင်ဝင်း၊ ဦးသိန်းအောင်-ဒေါ်သီသီလှိုင်၊ ဦးအေးမြင့်-ဒေါ်အေးသိန်းတို့၏ ကျေးဇူးရှင်အဒေါ်၊ ဒေါ်စန်းစန်းချို၊ ဗိုလ်မှူးစိုးညွန့်(ငြိမ်း) (ရေကြောင်းပညာတက္ကသိုလ်)-ဒေါ်အေးအေးဝ (အထက-၁၊ ဒဂုံ)၊ ဦးသက်လွင်၊ ဦးကျော်စိုး-ဒေါ်မီးမီး၊ ဒေါ်ငွေငွေဦး (အမက-၆၊ ကျောက်တံတား)တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်သန်းကြည်သည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း စိုးညွန့်၏ မိခင်ကြီး ဒေါ်သန်းကြည် အသက် (၉၃)နှစ်သည် ၁၈-၇-၂၀၁၆ ရက် ည ၇နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)**
**သီဟတပ်ခွဲ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဦးသက်ထားဝေ**

**အသက်(၈၂)နှစ်**

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)**

**သွား၊ မျက်နှာ၊ ခံတွင်းနှင့်အစားထိုးပြုပြင်ရေးကုသမှုဆိုင်ရာဌာန**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဦးသက်ထားဝေ အသက်(၈၂)နှစ်သည် ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၈နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်နေဆဲ**
**ပါမောက္ခ/ဌာနမှူးများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဦးသက်ထားဝေ**

**အသက်(၈၂)နှစ်**

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)**

**သွား၊ မျက်နှာ၊ ခံတွင်းနှင့် အစားထိုးပြုပြင်ရေး ကုသမှုဆိုင်ရာဌာန**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ကျေးဇူးရှင် ဆရာကြီး ပါမောက္ခ ဦးသက်ထားဝေ အသက် (၈၂)နှစ်သည် ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၄-၁၉၉၄) ကျောင်းသား/သူဟောင်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ဒေါ်ကြည်မြင့် (၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၁၀)၊ မင်္ဂလာလမ်းနေ (ဦးသိန်းမောင်-ဒေါ်ထွေးကြည်)တို့၏ သမီး၊ (ဦးကျင်ရှိန်၊ ရွှေပန်းထိမ်ဆရာ)၏ဇနီး၊ ဦးကျော်ငွေ (ပြည့်ဖြိုးကျော်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်သန်းသန်းအေး (ရွှေမိသားစု ထရေးဒင်းကုမ္ပဏီလီမိတက်)၊ ဦးသီဟလတ် (Heart Land Design Studio)-ဒေါ်သန်းသန်းမြင့် (ပန်းချီဆရာမ-မမွေး)၊ ဦးတင်မြင့်(ရွှေပန်းထိမ်)-ဒေါ်သင်းသင်းကို၊ Capt; ဦးဝင်းချို (Master Marina F.G) - ဒေါ်ခင်သန့်ဇင်၊ ဦးကျော်ဝင်း-ဒေါ်တင့်တင့်ဟန်(သရက်ရိပ်)၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမြင့် (ဆေးမှတ်တမ်းဌာန၊ စိတ်ကျန်းမာရေးဆေးရုံ)၊ ဦးသန်းအောင်(S.P GEMS)-ဒေါ်နှင်းနှင်းကြိုင်၊ ဦးနိုင်ဦး(ရွှေပန်းထိမ်)-ဒေါ်စမ်းစမ်းမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၁း၄၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၆(စနေနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ရဲလွင်အောင် (၂၉)နှစ်

**B.A (Philo;)**

**SENIOR MECHANIC G.S.E.D (MAI)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်၊ အမှတ်(၁၂)၊ ရန်ပြိုလမ်းနေ (ဦးအေးမောင်-ဒေါ်နှင်းရွှေ)၊ ရွှေပြည်သာမြို့နယ်နေ (ဦးတင်-ဒေါ်လှမြင့်)တို့၏မြေး၊ ဦးကျော်ငြိမ်း (အရခဗ-ငြိမ်း၊ တပ်မတော်-လေ)-ဒေါ်သင်းသင်းငွေတို့၏သားငယ်၊ မောင်အောင်အောင် (Y.C.D.C ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန)-ဒေါ်လဲ့လဲ့တို့၏ညီ၊ ဦးလှဖုန်း(MEC)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးသိန်းတိုး(လမ်းတံတား)-ဒေါ်သန္တာတို့၏ တူ/မောင်၊ မောင်မျိုးသက်ဦး(လမ်းတံတား)၊ မောင်ရဲထက်ဦးတို့၏ အစ်ကိုကြီး၊ မသင်းယုအောင်၏ဦးလေးသည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စမ်းချောင်း နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီနှင့် ရွှေပြည်သာနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၆ (စနေနေ့) နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် ၅/၁/၅၆ ဂန္ဓမာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအောင်ဒေးဗစ် (၇၉)နှစ်

**မြန်မာ့စီးပွားရေးဘဏ်**

**(အကြီးတန်းစာရေး၊ ချေးငွေ၊ ကြီးကြပ်၊ ရန်ကုန်မြို့၊ ရုံးချုပ်-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကွင်းမွေး(၂)လမ်း၊ အမှတ်(၂၀၉၈)နေ (Maj ဦးဒေးဗစ်-ဒေါ်ငြိမ်းလှ)တို့၏ စတုတ္ထသား၊ ဦးမူးဒီဒေးဗစ်-ဒေါ်ကြည်တင်တို့၏ ညီ/မောင်၊ ဒေါ်အဲလစ်ဒေးဗစ်-[ဦးအတ်(စ်)ဒေးဗစ်]၊ ဒေါ်ဗလောရတ်(စ်)ဒေးဗစ်-ဦးစံဝင်းတို့၏ ညီ/မောင်၊ ဦးစောသာလှကြီး-ဒေါ်မူမူ၊ နော်ဂျွန်ဒေးဗစ်၊ စောဩဂတ်စတင်း-နော်လေးမေ၊ စောဝင်းဂိတ်တို့၏မွေးသဖခင်၊ ဒေါ်ဂျက်စမင်း၏ချစ်လှစွာသောခင်ပွန်း ဦးအောင်ဒေးဗစ်သည် ၁၆-၇-၂၀၁၆ (စနေနေ့) ည ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ဂေသရေမာန် အင်းစိန်ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## အရာခံဗိုလ်တင်သောင်း(ရေ-ငြိမ်း)

**(ကပ-၁၂/၁၀၅၃၆)**

**အသက် (၇၃)နှစ်**

**ဒေးဒရဲမြို့**

ဒေးဒရဲမြို့နေ (ဦးညွန့်သောင်း-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးထွန်းတင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ တိုက်(၁၉)၊ အခန်း(စီ-၂)၊ ရာဇာဓိရာဇ်လမ်းကျယ်၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ အရာခံဗိုလ်တင်သောင်း(ရေ-ငြိမ်း) (အသင်းဝင်အမှတ်-၁၂၈၂)သည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁း၄၀ နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဦးကျော်မြင့် အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ ဘီ(၁)၊ အခန်းအမှတ်(၄၀၆)နေ (ဦးစောညွန့်-ဒေါ်သိန်းတန်)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်သိန်းဖေ)တို့၏သားသမက်၊ ဒေါ်သွင်သွင်အောင်(ဌာနခွဲမှူး ရေနံသယ်ပို့-ငြိမ်း)၏ခင်ပွန်း၊ မောင်ဖြိုးသီဟကျော်၊ မောင်ကျော်မောင်မောင်ကျော် (Unlimited Channel Co., Ltd.)-မခင်သန္တာဦး (Pro-one Myanmar Co.,Ltd.)တို့၏ မွေးသဖခင်သည် ၁၇-၇-၂၀၁၆ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း (၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဇာဂ (၂၂)လမ်း၊ အမှတ်(၆၁၇)နေ (ဦးနီအေး)-ဒေါ်လှကြည်တို့၏သား၊ ဒေါ်ခင်ဝင်းကြည်၏မောင်၊ ဒေါ်တင်တင်မော်၊ ဒေါ်အေးအေးမော်၊ ဦးသန်းဇော်၊ ဦးကျော်ကျော်မိုးတို့၏အစ်ကို၊ဒေါ်ခိုင်ရီရီစိုး၏ခင်ပွန်း၊ မောင်ဟိန်းသော်ဇင်၏ချစ်လှစွာသောဖခင်သည် ၁၇-၇-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်စွန်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ( နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရွှေ (ပဲခူး)

**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၅၆)နေ (ဦးကျော်ဒင်-ဒေါ်ညွန့်ရင်)တို့၏သမီး၊ (ဝတ်လုံတော်ရ-ဦးထွန်းမောင်)၏ဇနီး၊ ဒေါ်ခင်မြင့်မော်(ဆရာမ)၏ ချစ်လှစွာသောမိခင်သည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်တန်း၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကျောက်မြောင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မယုနန္ဒာလွင် (၂၈)နှစ်

**B.Com**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးတင်ထွန်း၊ ဦးမြင့်ထွန်း၊ ဦးမြင့်လွင်-ဒေါ်ဆင့်ဆင့်နွယ်၊ ဦးမြင့်ဝင်း၊ ဒေါ်ဒီဒီမြင့်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ်(၂၁၅)၊ တတိယထပ်၊ (၃၂)လမ်းနေ ဦးစိုးလွင်(ခ)ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ရီတို့၏သမီး၊ မောင်နေမျိုးလွင်၏ညီမ၊ မောင်ချမ်းငြိမ်းလွင်၏အစ်မ မယုနန္ဒာလွင်သည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**မယုနန္ဒာလွင် (၂၈) နှစ်**

**စာရင်းကိုင် (စူပါကော်ဖီမစ်)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂)လမ်း၊ အမှတ်(၂၁၅)၊ တတိယထပ်နေ ဦးစိုးလွင်(ခ)ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ရီတို့၏ တစ်ဦးတည်းသောသမီး၊ မောင်နေမျိုးလွင်၏ညီမ၊ မောင်ချမ်းငြိမ်းလွင်၏အစ်မဖြစ်သူ မယုနန္ဒာလွင်သည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**စူပါကော်ဖီမစ်**

## ဒေါ်မြင့်မြင့်(မော်လမြိုင်)

**အသက်(၉၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ် (၈၇)နေ (ဦးထိန်ဝှက်-ဒေါ်ဖိတ်ငေါ်၊ ဒေါ်ဖိတ်ကင်)တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဦးချူဝီရှိန်-ဒေါ်စောရီ)တို့၏ သမီးချွေးမ၊ (ဦးအောင်သိန်း)၏ဇနီး၊ (ဦးဟန်စိန်-ဒေါ်တင်ကြည်)၊ (ဦးစောမြင့်ကျိန်း-ဒေါ်မြရင်)၊ (ဦးဝင်းမောင်-ဒေါ်မြမြ)တို့၏ ညီမ၊ (ဦးထိန်လင်း)-ဒေါ်ခင်စုငွေတို့၏ အစ်မသည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်(မော်လမြိုင်)

**အသက်(၉၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ် (၈၇)နေ (ဦးထိန်ဝှက်-ဒေါ်ဖိတ်ငေါ်၊ ဒေါ်ဖိတ်ကင်)တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဦးချူဝီရှိန်-ဒေါ်စောရီ)တို့၏ သမီးချွေးမ၊ (ဦးအောင်သိန်း)၏ဇနီး၊ ဦးအောင်ချို-ဒေါ်ခင်ခင်စန်း (နေမင်း သောက်ရေသန့်)၊ ဦးမျိုးအောင်-ဒေါ်သဇင်မြင့်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငွေအောင်ဝင်း(မိုးကုတ်)

**အသက် (၅၁)နှစ်**

**T.T.C ကျောင်းသားဟောင်း(၁၉၈၂)**

တောင်ကြီးမြို့၊ အေးသာယာရပ်နေ ဦးနေဝင်း-ဒေါ်ခမ်းနုဆွေ၊ ကျောက်မဲမြို့နယ်နေ ဦးမော်ဝင်း-နန်းအေးဖုံးတို့၏ ညီ/မောင်၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးလင်းထွန်း၊ ဒေါ်နှင်းနှင်းပန်၊ လားရှိုးမြို့နေ တပ်မတော်တပ်ထိန်းဦးနိုင်ထွန်း-ဒေါ်လဲ့လဲ့ပန်၊ မစုစုပန်တို့၏အစ်ကို၊ ဒေါ်နန်းမှုံရွှေရည်၏ ချစ်လှစွာသောခင်ပွန်း ဦးငွေအောင်ဝင်းသည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်(ပြည်)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၁၉၀)နေ ဒေါ်ကျင်ကြူ၏ခင်ပွန်း၊ ဦးမောင်မောင်ဝင်း-ဒေါ်ခင်မာချို၊ ဦးမောင်မောင်လင်း၊ ဒေါက်တာကြူကြူဝင်း (ပဲခူးပြည်သူ့ဆေးရုံကြီး)၊ ဒေါ်စန်းစန်းကြူ၊ ဒေါ်စန်းစန်းမော်(ရှောင်မေ့မိတ္တူ)တို့၏ချစ်လှစွာသောဖခင်၊ (မဝင်းဟေမာန်သင်း)၊ မဝင်းဝေယံသင်း၊ မောင်ဝင်းသော်ကောင်းတို့၏အဘိုးသည် ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်တင်တင်ရွှေ(ခ)မမလုံး

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၁၀၁/ဘီ)၊ ပထမထပ်နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်ဖြစ်သူ ဦးခင်မောင်ထွေး(ခ/၅၀)၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ရွှေ(ခ)မမလုံးသည် ၁၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ကိုကျော်စွာသိန်း(ခ)သားကြီး

**အသက်(၃၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၂၀)၊ ငါးလွှာ (ခေါင်းရင်းခန်း)နေ (ဦးလှသိန်း)-ဒေါ်အေးအေးနှစ်တို့၏သား၊ ဘိုကလေးမြို့နယ်နေ ဦးခင်မောင်မြင့်-ဒေါ်လှမြင့်ကြည်တို့၏သားသမက်၊ ကိုကျော်မိုးအိ-မဖြိုးဖြိုးသိန်းတို့၏မောင်၊ ကိုငြိမ်းချမ်းဝင်း-မပြည့်ပြည့်သိန်းတို့၏ အစ်ကို၊ မမေဇင်၏ခင်ပွန်း၊ မမေသွန်းပြည့်(ခ)ယွန်းယွန်း၏ဖခင်သည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဝမ်ဖိန်စန်း(ခ)ဦးလှတင် (၉၅)နှစ်

**ကုလားအုတ်ပလတ်စတစ်/ဘောဂစတိုး**

အမှတ်(၁၁၀)၊ ဆရာစံလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးယောက်ဝါး-ဒေါ်ဝင်းနား)တို့၏သားကြီး၊ (ဒေါ်ခင်ဝင်း)၏ခင်ပွန်း၊ ဦးလှရွှေ-ဒေါ် နီယံ၊ ဦးအုန်းစိန်-ဒေါ်ဂျမ်းစိန်၊ (ဦးမြင့်ဦး)-ဒေါ်မြင့်မြင့်၊ ဒေါ်မြင့်မြင့်အေးတို့၏အစ်ကို၊ (ဦးမင်းအောင်)-ဒေါ်စွမ်ဘိ၊ (ဦးမင်းနောင်)၊ ဒေါ်တင်တင်အုန်း၊ ဦးမြင့်မောင်-ဒေါ်သင်းသင်းလွင်၊ ဒေါ်တင်တင်လှ၊ ဦးစန်းအောင်-ဒေါ်ဥမ္မာ၊ ဒေါ်တင်တင်စန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဝမ်ဖိန်စန်း(ခ)ဦးလှတင်သည် ၁၈-၇-၂၀၁၆ရက် နံနက် ၁၀း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၀-၇-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘိုရန် (ကုန်သွယ်ရေး-ငြိမ်း) (၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အဝိုင်းကျေးရွာနေ ဦးနှောင်း-ဒေါ်စိန်ဝါတို့၏ သား၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၄/၁၁၇ ရပ်ကွက်နေ ဦးဘကျော်-ဒေါ်ခေါက်ရတို့၏သားသမက်၊ ဒေါ်စန်းသွင်၏မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အဝိုင်းကျေးရွာနေ ဦးမြိုင်-ဒေါ်တင်မြိုင်၊ စခန်းကြီးရွာနေ ဦးသိန်းလှိုင်-ဒေါ်တင်အေးတို့၏ညီ၊ လှည်းကူးမြို့နေ ဦးဘလွင်-ဒေါ်လှသိန်း၊ ဦးကြည်ဆန်း-ဒေါ်တင်ငြိမ်း၊ ဦးအောင်ငွေ-ဒေါ်ငွေငွေ၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်နေ (ဒေါ်မြင့်ကြည်)၊ ဦးခင်စိုးတို့၏ဦးလေး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ကိုသန်းထိုက်ဦး-မမူမူလွင်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဥ္စာနီ အရှေ့နေ ကိုဇော်ထိုက်၊ ဒုရဲမှူးဝင်းကျော်ရီ၊ ကိုသောင်းနိုင်-မတင်တင်မော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး မန္တလေးမြို့နေ ဒေါ်နုနုရီ၏ခင်ပွန်းသည် ၁၈-၇-၂၀၁၆(တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါ မန္တလေးမြို့နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ် တင်သောင်း(ရေ-ငြိမ်း) (၇၃)နှစ်

**(ကပ-၁၂/၁၀၅၃၆)**

**(ဒေးဒရဲမြို့)**

ဒေးဒရဲမြို့နေ (ဦးညွန့်သောင်း-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးထွန်းတင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ တိုက်(၁၉)၊ အခန်း(စီ-၂)၊ ရာဇာဓိရာဇ်လမ်းကျယ်၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ဇော်ညွန့် (BSM Co., Ltd.)-မအေးအေးမြင့်၊ ကိုသက်ဝေဦး(သံမဏိစက်ရုံစီမံကိန်း၊မြင်းခြံ)-မစန္ဒာသောင်း၊ ကိုသောင်းဇော်မိုး (3/E Lizstar Co.,Ltd.)၊ မခင်ဆုလဲ့ကျော်(KBZ Bank)တို့၏ ဖခင်သည် ၁၈-၇-၂၀၁၆(တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ရွှေ(ခ)မမလုံး (တောင်ကုတ်) (၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၁၀၁/B)၊ ပထမထပ်နေ (ဦးရွှေသာ)-ဒေါ်ခင်မြင့်တို့၏ ချစ်လှစွာသောသမီး၊ (ဦးဘခန့်)-ဒေါ်ခင်ရွှေတို့၏ချစ်လှစွာသောညီမ၊ ဦးတင်ရွှေ-ဒေါ်ခင်လှဝင်း၊ ဦးမြင့်ရွှေ-ဒေါ်စန်းယဉ်၊ သမားတော်ဦးဘိုကြီး-ဒေါ်သန်းသန်း၊ ဦးရွှေတိုး-ဒေါ်ချိုချိုစမ်း၊ ဦးအောင်တိုး-ဒေါ်သဇင်၊ ဦးစံရွှေမြင့်-ဒေါ်စုစုလွင်တို့၏ ချစ်လှစွာသောအစ်မသည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [၂၃-၇-၂၀၁၆ (စနေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ရွှေ(ခ)မမလုံး (တောင်ကုတ်) (၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် (၁၀၁-B)၊ ပထမထပ်နေ (ဦးရွှေသာ)-ဒေါ်ခင်မြင့်တို့၏သမီး၊ မာန်အောင်မြို့နေ (ဦးဘအေး-ဒေါ်ပု)တို့၏သမီးချွေးမ၊ ဦးခင်မောင်ထွေး၏ ချစ်လှစွာသောဇနီး၊ ဦးနိုင်ထွန်းဦး-ဒေါ်ဝင်းသန္တာမျိုး၊ (မောင်ဇော်မျိုးထွန်း)တို့၏ ချစ်လှစွာသောမိခင်သည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [၂၃-၇-၂၀၁၆ (စနေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွေအောင်ဝင်း(မိုးကုတ်) (၅၁)နှစ်

**T.T.C ကျောင်းသားဟောင်း(၁၉၈၂)**

ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်မြမေ)၊ မန္တလေးမြို့နေ (ဒေါ်ထွန်း)၊ (ဦးစံညွန့်-ဒေါ်နွန်း)တို့၏မြေး၊ (ဦးကျော်ကြီး)-ဒေါ်မာမာငွေ၊ Dr. မြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးမေအောင်)-ဒေါ်စောခမ်းမြတ်၊ (ဦးငွေမြင့်)-ဒေါ်စန်းစန်းနု၊ ဦးမျိုးထူး-ဒေါ်ပုလဲ၊ (ဦးငွေထွန်း)-ဒေါ်ခင်နီလာ၊ ဦးသက်နိုင်-ဒေါ်ရီရီမြင့်(ခ)မီးမီးတို့၏တူ၊ (ဦးမောင်မောင်)-ဒေါ်အမာကြည်တို့၏ ချစ်လှစွာသောသားကြီး၊ ဒေါ်နန်းမှုံရွှေရည်၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငွေအောင်ဝင်း(မိုးကုတ်) (၅၁)နှစ်

**T.T.C ကျောင်းသားဟောင်း(၁၉၈၂)**

ရန်ကုန်မြို့နေ (ဦးမောင်မောင်)-ဒေါ်အမာကြည်တို့၏သားကြီး၊ ဒေါ်နန်းမှုံရွှေရည်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖုန်းမြင့်အောင်၊ ကိုဖိုးတီ-မသူဇာကျော်၊ ကိုသန်းဇော်ဝင်း၊ (ကိုကျော်မျိုးမင်း)၊ ကိုစိုင်းဆေနွဲ့-မဆွေနွယ်ထွန်း၊ Dr. စိုးအောင်-မစောဝတ်မှုံ၊ ကိုကျော်မင်းဟန်-နန်းခမ်းနွဲ့၊ ကိုပြည့်ဖြိုးအောင်-မအိအိတိုးဝေ၊ ကိုဝေပိုင်ဦး-မခင်စန္ဒီမြင့်၊ ကိုသန့်စင်ဦး၊ ကိုရဲဝင်းစံ-နန်းခေါင်နွဲ့၊ ကိုမျိုးသက်မောင်-မမိုးဖြူဖြူလွင်၊ ကိုဇော်ဝင်းထွန်း၊ နန်းဟတ်နွဲ့၊ ကိုအောင်သီဟ-မခင်ပြည့်စုံထွန်း၊ မစုသက်နိုင်၊ မောင်မြတ်မင်းခိုင်၊ မောင်သက်ထူးဇင်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမ ၁၁ယောက်တို့၏ဘကြီးသည် ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုင်းဒေသကြီး ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်ရန် တွေ့ဆုံမှာကြား



**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများကိုလိုက်နာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေးဆွဲရာတွင် NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံတွင် တက်ရောက်နိုင်မည့် နည်းလမ်းဖြစ်ဟု DPN အဖွဲ့ခေါင်းဆောင်ဦးရယ်ဆို

သတင်း စာမျက်နှာ - ၁၀

## စကော့တလန်နိုင်ငံ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာမှ ဖူးပွင့်ရတီခိုင် ပထမဆုရရှိ



စကော့တလန်နိုင်ငံ Kilmarnock မြို့ Barassie ဂေါက်ကွင်း၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် The Junior Open Championship 2016 ပြိုင်ပွဲ၏ Asia Pacific Region ပြိုင်ပွဲကို မြန်မာလူငယ် ဂေါက်သီးရိုက်ကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဖူးပွင့်ရတီခိုင် ပထမဆု ရရှိခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့ကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်၍ လူငယ်ကစားသမားများဖြစ်သည့် ဟိန်းစည်သူနှင့် ဖူးပွင့်ရတီခိုင်တို့နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လူငယ်အမျိုးသမီး ဂေါက်သီးရိုက်ကစားသမား ဖူးပွင့်ရတီခိုင်က

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

## မြန်မာ ယူ-၁၆ အသင်း အုပ်စုနောက်ဆုံးပွဲ၌ ဂိုးပြတ်နိုင်

**ဖနောင်ပင် ဇူလိုင် ၁၈**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း နိုင်ပွဲရရှိရန် အားထည့်ကစားသွားခဲ့သည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးပေါက်ပျောက်ဆုံးနေသည့် မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ရရှိကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ လူစားဝင်ကစားသမား ဝင်းနိုင်ထွန်းက ၅၉ မိနစ်တွင် မြန်မာအသင်းအတွက် အဖွင့်ဂိုးကို စတင်သွင်းယူခဲ့ပြီး ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်ကစားသွားခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၆၆ မိနစ်တွင် ဘိုဘိုအောင်၊ မိနစ် ၈၀ တွင် ဟိန်းထက်အောင်တို့က သွင်းယူပေးခဲ့သည်။

မြန်မာယူ-၁၆ အသင်းသည် အုပ်စုပွဲများအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ခုနစ်မှတ်ရရှိခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် စင်ကာပူကို လေးဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ဩစတြေးလျနှင့် တစ်ဂိုးစီသရေကျကာ ဗီယက်နမ်ကို ငါးဂိုး-တစ်ဂိုး၊ မလေးရှားကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့်ရှုံးနိမ့်ခဲ့သည်။ **(ရဲရင့်ရှိုင်း)**

